

အ
မုန်း
ကွန်

# အခန်း (၁)

နာမည် က ချိန်း တဲ့လား....။

ချစ်ဖို့ကောင်းလိုက်တာ...။

မမြင်လောက်ဘူးထင်သည့် ကွယ်ရပ်လေးကနေ လွတ်လွတ်လပ်လပ် ခိုးကြည့်နေမိသည်။ သိပ်မဝေးပေမယ့် နာရီငုံ့ကြည့်လိုက်၊ လမ်းဘေးကို မျှော်ကြည့်လိုက်နှင့် မျက်နှာက သစ်ပင်အကွယ် ဝွဆုံထိပ်ကနေ မျက်လုံးလေးတွေ ချည်း ပေါ်နေသည့် ဖူး ကို ရုတ်တရက် တွေ့ဖို့မလွယ်။

အရောင် အသွေးစုံအောင် လှနေသည့် တက္ကသိုလ်မြေမှာ ရုပ်အင်္ကျီလက်ရှည်အဖြူတွေ ပဲ အဝတ်များ ကာ အပေါ်ထပ်တွေ ကိုတော့ ဒီဇိုင်းမရိုး အရောင် မထပ်အောင် ဝတ်တတ်သူမှန်းလည်း ချောင်းကြည့်ဖန်များ လွန်းလို့ ဖူး မှတ်မိနေသည်။

ပြီးတော့ ပုဆိုးနဲ့ဆိုလည်း ချောသည်၊ ဘောင်းဘီရှည်ဝတ်ထားတော့လည်း ပါးလျားမြင့်မားသည့် ကိုယ်ဟန်က ကြည့်ကောင်းနေတာပဲ ဖြစ်သည်။

တစ်ခါတစ်ရံ ကိုယ်ပိုင်ကားနှင့်လာတတ်ကာ ကြုံသလိုကျသလို ရောက်လာတာတွေ လည်း မြင်သည်။ ဖူး အမြဲတမ်းမြင်နေတာတစ်ခုက သူ့မျက်နှာ ဘယ်တော့မှ ချွေးစတွေ နဲ့ အဆီပြန်နေတာမျိုး မ ဖြစ်....။

ဒီနေရာကိုလာချင်၍ အကြောင်းရှာထွက်ခဲ့ပြီး ဝယ်ထားသည့် မုန့်ထုပ်တွေ ကိုလည်း မစား ဖြစ်ခဲ့ပါ။ ချိန်း မျက်နှာကို မျက်လုံးမခွာတမ်းငေး၍ လွယ်အိတ်ထဲကို ငုံ့မကြည့်ဘဲ လက်နဲ့စမ်းသည်။

အိတ်ထဲကို မုန့်ထုပ်တွေ လျှောလျှော်လျူလျူဝင်သွားတဲ့အထိ မမြင်မစမ်းထည့်လိုက်တာ တန်းခနဲ။ တစ်ခုခု စိတ်ဝင်စားသည့်ပုံ ဖြစ်နေသဖြင့် တစ်ယောက် ယောက် နဲ့ချိန်းထားပြီးမှ အတူတူသွားကြဖို့ လာစောင့်နေတာ ဖြစ်နိုင်သည်။

နာရီကိုငုံ့ကြည့်လိုက်သော မျက်တောင်ဖျားတို့က တိုစိပ်စိပ်လေးတွေ နှင့် နက်မှောင်နေသည်။ အလိုမကျစွာ တွန့်ကုတ်နေသည့် မျက်လုံးနှစ် ဖက်သည် ဖြူဝင်းသည့်မျက်နှာသွယ်သွယ်မှာ သိသာအောင် ထူနက်နေကြ၏ ။

နှာတံပေါ်ပုံကလည်း ကော့ခြင်းကောက်ခြင်း ကင်း၏ ။ ထူပြည့်နီမြန်းသည့်နှုတ်ခမ်းအစုံနှင့် ထိုယောက်ျားသည် ဖူး မျက်လုံးထဲမှာ တော့ မင်းသားတစ်ပါးပဲ ဖြစ်လေသည်။

သူ့ ဘယ်သွားသွား လိုက်ကြည့်နေကြသည့် မျက်လုံးတွေ ရှိသည်။ ဘယ်နေရာမှာ တွေ့တွေ့ သူပဲဆိုတာကို အမှတ်တရ သမင်လည်ပြန် ကြည့်တတ်ကြ၏ ။ ထိုယောက်ျားသည် အရမ်းကို ပေါ်ပြူလာ ဖြစ်လွန်းတဲ့သူပါ....။ သို့သော် ....

ဤသူကိုမှ လူသိမများ သော .... စာလည်းမတော် ... အလွန်အမင်း အသည်းငယ်တတ်၍ ပတ်ဝန်းကျင်ကို ရင်မဆိုင်ရဲသည့် မျက်ဝန်းတို့ကို အမြဲတမ်း ငုံ့လျှးဖုံးကွယ်ထားတတ်သော ဖူးဖူးစင် ဆိုသည့် သူကမ အမြဲတမ်းပဲ တိတ်တိတ်လေး ချောင်းကြည့်နေကျ....။

``ဟဲ့... ဟိုမှာ ကြည့်စမ်း...´´

``ဟယ်..... ချောင်းကြည့်နေတာတော့...´´

``သနားပါတယ်... ပြောပေးလိုက်ပါဟယ်´´

``အေးပါဟယ်.. သူ့ခမျာ အသားမည်းမည်း ပတ္တမြားခဲလေးမို့လို့ပေါ့နော်... သနားပါတယ်ပေါ့နော်၊ ပြန်ကြိုက်လိုက်ပါ.. အဲ.... အဲဒါ ချိန်း မို့လား´´

``ဟယ် ...ဟုတ်လား´´

`` ဖြစ်ရလေနော်´´

လေးယောက် အုပ်စု....။ ဖူးရဲ့ နောက်က ခုံတန်းမှာ အကျအနလာထိုင်ကြသည်။ လူကိုလှည့်မကြည့်ဘဲ ကျကျနနပြောရင်း သံပြိုင်ရယ်ကြသေးသည်။ ဖူး မျက်နှာလေးငုံ့ကာ

အပြေးတစ်ပိုင်းထွက်လာခဲ့မိသည်။

``ဟော့... ဟော့... ဖူးလေး...´´

အဆောင်ကို မရောက်ခင် ဘယ်ကမြင်သွားမှန်းမသိဘဲ ဒရိုင်ဘာ ဦးချက်ကြီးက ခြေလှမ်းကျဲကြီးများ နှင့် အမီလိုက်လာ၏ ။

``ဖူးလေး.. မုန့်စားမလို့ဆို ဝယ်ပြီးပြီလား... ဦးလေ ဝယ်ပေးရမလား၊ ဘယ်ကိုလဲ...´´

ဖူး ခြေလှမ်းတွေ ရပ်ပစ်လိုက်ကာ ဝယ်ထားသည့်မုန့်ထုပ်တွေ ကို နှိုက်ယူပြီး ဦးချက်ကြီး ကို လှမ်းပေးလိုက်၏ ။

``ဝယ်ထားတာတွေ မစားချင်တော့ဘူး၊ ရော့... ပြန်ယူသွား´´

``ဟေ... ဘာ ဖြစ်လို့လဲ ဖူးလေးရဲ့ ... ဒါမဟုတ်ရင် ဘာစားချင်လို့လဲ၊ ဦးလေး ဝယ်ပေးမယ်လေ´´

``မစားချင်ပါဘူးဆိုမှ´´

``အိမ်က ဘာမှမစား...´´

ဦးချက်ကြီး ဆုံးအောင်မပြောရသေးခင် ဖူး အဆောင်ဘက်သို့ ပြေးထွက်သွားသည်။ ဆံပင် ပခုံးမထိတထိလေးတွေ တဖက်ဖက် လှုပ်ခါသွားလျက် အမှတ်တမဲ့ကြည့်လျှင် ခြေဆောင့်စိတ်ကောက်သွားတာနှင့် တူ၏ ။

``ဟဲလို....´´

``သူဌေးလားခင်ဗျာ... ဖူးလေး ဗိုက်ဆာလို့လို့ ထွက်လာပြီး မုန့်လည်း ဝယ်တယ်၊ ဒါပေမယ့် မစားဘဲ ကျွန်တော့် ကို ပေးထားခဲ့ပြီး ပြန်ဝင်သွားတယ်´´

``မျက်နှာမှာ ဘာ ဖြစ်နေတာနဲ့တူလဲ.. နေထိုင်မကောင်းတာနဲ့ တူလား၊ တစ်ယောက် ယောက် နဲ့ စိတ်ကောက် ရန် ဖြစ်ထားတာမျိုး´´

ဦးချက်ကြီး မဖြေခင် ဖူး ထွက်သွားသည့်ဘက်ကို လှမ်းကြည့်မိသေးသည်။ တစ်ယောက် ယောက် နဲ့ ရန် ဖြစ်စိတ်ကောက်ဖို့ရာ ဖူး ကိုမြင်လိုက်တိုင်း အနားမှာ မိန်းကလေးသူငယ်ချင်း တစ်ယောက် ယောက် အတူရှိနေတာမျိုးလည်း တစ်ခါမှ မတွေ့....။

``ဟော့.... ချက်ကြီး´´

``ဗျာ... သူဌေး´´

``မင်းကို ငါ မေးနေတာကွာ´´

``ဟုတ်ကဲ့... စဉ်းစားနေတာပါ သူဌေး၊ အဲဒါ မဟုတ်လောက်ပါဘူး၊ ဖူးလေးမှာ သူငယ်ချင်းရှိပုံလည်း မရဘူး´´

မြင်တဲ့အတိုင်း ပြောပြလို ကတော့ သူဌေးကြီး အသံတိတ်သွားသည်။ ဦးချက်ကြီး စိတ်တော့ မကောင်းပါ....။ ဒီအိမ်မှာ သူ အလုပ်လုပ်တာ ဖူးလေး ရှစ်တန်းကျောင်းသူ အရွယ်ကတည်းက ဖြစ်ကာ ထိုနှစ် ထဲမှာ ပဲ သူဌေးကြီး အိမ်ထောင်သစ် ထူခဲ့တာမို့ အမှတ်တရ ဖြစ်နေခဲ့၏ ။

ကလေးငယ်ငယ်တုန်းကလည်းငယ်သေးလို့ မိထွေးနဲ့ ဖြစ်ပါ့မလားလို့ သူဌေးကြီး စိတ်ပူခဲ့သည်။ လက်လွတ်တဲ့အရွယ်မို့ နားလည့်တတ်ပြီထင်ပြီး အိမ်ထောင်ပြု လိုက်တော့လည်း ဖူးလေးက မလိုလားခဲ့ပေ...။

သူတို့သားအဖရဲ့ အတွင် းရေး ဘယ်လိုရှိကြမယ့် မသိသော် လည်း သူဌေးနဲ့ သူဌေးကတောရယ်၊ ဖူးဖူးစင် ဆိုသော တစ်ဦးတည်းသော သမီးလေးရယ် သုံးယောက် တည်းမှာ တစ်ယောက် တစ်ကန့်စီ ဖြစ်နေခဲ့ကြပြီး အဆင်မပြေ....။

ပိုဆိုးတာက ဖူးဖူးစင် ပဲ ဖြစ်၏ ။

သူမကို မသိတဲ့လူတွေ မြင်လျှင် စီးပွားရေး လုပ်ငန်းများ စွာ နှင့် သူဌေးကြီး ဦးမင်းခ၏ တစ်ဦးတည်းသော သမီးဆိုတာကို ယုံကြည်နိုင်ဖို့ မလွယ်ပေ...။

ခုခေတ်မှာ မလှတဲ့မိန်းကလေးတွေ လည်း လှနေကြပါပြီ။ သူမလို

ရွက်ကြမ်းရေကျိုအလှလေး ရှိထားသူအတွက် အလှဆုံး ဖြစ်သွားအောင် ပြင်ဆင်ပြောင်းလဲပစ်လို့ ရသည်။

ဒီလိုပြောင်းလဲဖို့အတွက်လည်း သူမမှာ ရွှေမရှား၊ ငွေမရှား ပြည့်စုံနေသည့်ဘဝ….။ ဒါပေမယ့် ဘာမှပြင်ဆင်ခြယ်သမှု မရှိ၊ ဘာမှလည်း တောက်တောက်ပပ မဝတ်ဆင်…။

တက္ကသိုလ်ကျောင်းသူ ဖြစ်လာတဲ့အထိ သူမမှာ အရင်းနှီးဆုံးသူငယ်ချင်းဆိုတာလည်း မတွေ့ခဲ့ရပေ။

ဖြစ်နိုင်တာတစ်ခုက ဖူးဖူးစင်ဟာ လူတောမတိုးချင်တော့သလို ကိုယ့်စိတ်ကို နှိပ်စက်နေတာလား၊ ဒါမှမဟုတ် လူတောမတိုးရဲတဲ့အထိ ပျော့ညံ့နေခဲ့တာလား….။

ဦးချက်ကြီး ကားထဲပြန်ဝင်ကာ ဖူး ပေးထားခဲ့သည့်မုန့်ထုပ်တွေ ကို တစ်ချက်တော့ ငုံ့ကြည့်လိုက်မိသည်။

ဒါပေမယ့် ဘေးမှာ အိတ်လိုက်လေးပဲ ချထားလိုက်ကာ နာရီကြည့်လိုက်၏ ။ အတန်းချိန်ပြီးတဲ့အထိ သို့မဟုတ် ဖူးဖူးစင် ထွက်လာတဲ့အချိန်ကို စောင့်ရမည် ။

ဒီကောင်မလေးဟာ သနားစရာတော့ ကောင်းနေပါ၏ ။

♥ ♥ ♥

## အခန်း (၂)

``ကြည့်ပါလား.. ရုပ်ကိုက မျက်နှာနဲ့လိုက်ပြီး စိတ်ပုပ်တယ်´´

အတန်းထဲမှာ ထိုင်နေတာပေမယ့် ကိုယ့်ရဲ့ ပြူတင်ပေါက်ဘေးမှာ တမင်လာကပ်နေပြောနေတာမို့ အတိုင်းသား ကြားနေရသည်။

ကိုယ့်ကိုမမြင်အောင် နံရံကို အတင်းကပ်ကွယ်ရင်း လူက စားပွဲခုံမှာ မှော

က်အိပ်နေသလိုပုံစံမျိုး ဖြစ်နေတာတောင် အပြစ်ကမလွတ်...။

``အေးနော်... သူ့ကြည့်ရင် လူကြောက်သလိုလို ... အရှုံးပေးသလိုလိုနဲ့ မထင်ရဘူး´´

``ငါကဟာ နင့်တို့တွေ အားလုံးအတွက် ရိုးလ်ကော်လ်ထိုးပေးနေရတာ တီချယ်သိမှာ စိုးလို့ သူ့ကို အကူအညီတောင်းတာပါ။ လက်မှတ်ဆိုပေမယ့် အေးမြတ်သီရိက `အေး´လို့ပဲ ရိုးရိုးလေးထိုးတာဥစ္စာ၊ မထိုးတတ်စရာလည်း မလိုပါဘူး။ အဲ့ဒါကို သူ့ကို အဆိပ်ကျွေးတာကျနေတာပဲ ခေါင်းတခါခါနဲ့ ဘေးလူတွေ တောင် သိတယ်၊ ငါ ဘယ်လောက်စိတ်တိုမလဲ တွက်ကြည့်...´´

``အေးလေ... ငါသာဆိုလည်း စိတ်တိုရုံတင်မကဘူး လူသတ်ချင်စိတ်ပါ ပေါက်မှာ၊ တကယ်ပဲ... ဘော်ဒါစိတ်ဓာတ် မရှိဘူး´´

``မရှိလို့ နေရတာ ကို ကြည့်ပါလား... သူ့ကို ဘယ်သူက အပေါင်းအသင်းလုပ်လို့လဲ´´

``မောင်မယ်သစ်လွင်နေ့ကလည်း မကြားလိုက်ဘူးလား၊ သင်္ချာကွင်း ရွေးခံရမယ့် တစ်ယောက် ကို မသိသလိုလို၊ မမြင်သလိုလိုနဲ့ တိုက်ချပစ်လိုက်တာ အင်္ကျီမှာ အချိုရည်တွေ ပေပြီး ပြန်သွားရတယ်လေ´´

``မနာလိုတာ နေမှာ ပေါ့၊ သူ့ရုပ်က မယ်ကုဝဏ် ဆိုတော့...´´

``ဘီလူးမ´´

ခိုးခိုးခစ်ခစ်ရယ်သံတွေ ထွက်လာသည်။ ဖူး စားပွဲနဲ့ ပါးတစ်ဖက် ကပ်နေအောင် ကိုယ်ကိုပြားကာ သူတို့ ကိုယ့်ကို လှမ်းမြင်တာ မမြင်တာလည်း မသိ...။

လူများများ ရှေ့ရောက်တာနှင့် ခြေလှမ်းမမှန် ဖြစ်ရသည့်အကျင့်က ကိုယ့်အကြောင်းပြောနေမှန်း သိတော့ ဒီနေရာကနေ ထွက်ပြေးချင်စိတ်တွေ သာ ဖြစ်နေခဲ့သည်။

``ပြီးခဲ့တဲ့ ဖရိုက်ဒေးတုန်းက ချိန်း ကို သွားချောင်းကြည့်နေတာတဲ့၊ နင်တို့ မကြားလိုက်ဘူးလား´´

``ကြားသားပဲ... အဲဒါရောက တစ်ခါတည်း မှတ်လို့လား´´

``ဟယ်.... ဟုတ်လား´´

``ချိန်း ဒီဘက်ကို ရောက်လာတိုင်းပဲ´´

`` ဖြစ်ရလေဟယ်.... မတန်မရာ...´´

``သူ့ကိုယ်သူ ကားအကောင်းစားကြီး စီးလာတယ်ဆိုပြီး မာန်လေးဘာလေးတော့ တက်နေမှာ ပေါ့´´

``ချိန်း တို့ကလည်း ချမ်းသာတာပဲလေ၊ ဟိုက မေဂျာကင်း မဟုတ်ဘူးနော်... တစ်ကျောင်းလုံးမှာ ကင်း၊ ငါတို့တော့ သူ့ဟာသူ သေအောင်ချောနေပစေ ကိုယ်နဲ့မဆိုင်သလိုပဲ နေလိုက်တယ်၊ ကိုယ်က တစ်ဖက်သတ် ပိုးပန်းနေတာလည်း ကိုယ့်ရုပ်က သူ ပြန်ကြိုက်နိုင်မယ့် ရုပ်မျိုးမဟုတ်တာ၊ မစားကောင်းတဲ့အသီးလို့ သဘောထားလိုက်တော့ စိတ်ချမ်းသာတယ်´´

``အဲဒီ လို မြုံစိတွေ က ကြိတ်ကြံကြတာဟ၊ သူတို့ကို ဘယ်သူမှ သတိမထားမိတဲ့အချိန်မှာ မှ `ဟင်´ခနဲ `ဟာ´ခနဲ ဖြစ်ကုန်အောင် ထလုပ်တတ်ကြတာ၊ `တောသားရဲတော့ ဆွဲထုတ်´ ဆိုတဲ့ စကားပုံနဲ့ ခပ်ဆင်ဆင်ပဲ´´

ဖူး အံကြိတ်ထားရင်း စောင်းကပ်ထားရသည့် ခေါင်းတစ်ခြမ်းက နာကျင်လာခဲ့၏။

``အမလေးဟယ်.... စောစောစီးစီး အိပ်ငိုက်နေလား မသိပါဘူး၊ ဒီမှာ ဟဲ့....´´

မျက်နှာရှေ့ကို စာအုပ်နှစ် အုပ် ဘုတ်ခနဲ ပစ်ကျလာသဖြင့် ဖူး မျက်နှာ နောက်ကို နည်းနည်း တွန့်သွားသည်။ အပြင်ကရန်ကို ရှောင်ရှားမရနိုင်သည့်အပြင် အထဲမှာ လည်း တစ်မျိုး...။

``အဲဒီ ထောင့်မှာ ကပ်ပြီး ကျောက်ချမနေနဲ့လေ၊ ဒီနေ့ ငါတို့ အမှုကိစ်ကောက်ရမယ့်အလှည့်၊ တကယ်ပဲ... ဘာမှလည်း လုပ်မထားဘူး´´

``ဟုတ်ပ... ငါတို့က အရင်ရောက်ရင်တော့ သူ့ကို မတွက်ကပ်ဘဲ အကုန် ကျုံးလုပ်ထားရတယ်´´

``ဘုတ်...´´

ဟိုကပစ်ချ ဒီကပစ်တင်နှင့် စားပွဲပေါ်မှာ စာအုပ်တွေ ရော လွယ်အိတ်တွေ ရော တစ်မျိုးပြီးတစ်မျိုး ရောက်လာတာ သံစုံမြည် ၏ ။

``ဖူးဖူးစင်... နင့်ကိုပြောနေတာ ကြားပါတယ်နော်´´

ဖူး ကိုယ်လေးမတ်သွားပြီး ခေါင်းညိတ်သည်။ အပြင်ကိုလှည့်ကြည့်လိုက်တော့ သုံးယောက် သော အာဇာနည်တွေ က ဖူး တို့ကို လက်ပိုက်ကြည့်နေကြတာ မဲ့မဲ့ရွဲ့ရွဲ့...။

ဖူး ချာခနဲ ပြန်လှည့်ကာ လွယ်အိတ်ကောက်လွယ်လိုက်သည်။ ပြီးတော့ ထရပ်လိုက်လျှင်...

``ဟဲ့... နင့်ကို အမှိုက်ကောက်ချင်လို့ ဖယ်ပေးပါ ပြောနေတာ မဟုတ်ဘူး၊ လွယ်အိတ်ကို ချထားလေ´´

``ဩော်... အင်း....´´

လွယ်အိတ်ကိုပြန်ချတော့လည်း မဲ့ရွဲ့နေသည့်မျက်နှာတွေ က ပိုတိုးလျက်နှင့် ...

``စိတ်ညစ်ပါတယ်ဟယ်... ပြောလိုက်ရင် ငါတို့ကပဲ ဖိနှိပ်ပြောနေသလိုလို..ပြုံးတုံးပြုံတဲနဲ့´´

``ဟွန်း... ငါဖြင့် အဖက်လုပ်ပြီးတော့ကို ပြောမနေချင်တာ´´

ဖူးဖူးစင် သည် ဤသို့သော် ``မျက်နှာမြင် ချစ်ခင်ပါစေ´ ဆိုသည့်ဆုနှင့် ပြည့်ဝခဲ့ပါ၏ ။

``ဖူးဖူးစင် လာ... ဒီဘက်ကို၊ ဒီဘက်က လာကောက်....´´

``လာပါပြီ´´

သူများ ခြေထောက်တွေ ကို `မ´ပါ `ကြွ´ပါလို့ မပြောချင်တာ မဟုတ်ပါ။ မပြောရဲတာ ဖြစ်သည်။

ထိုင်နေကြသည့်လူတွေ ရှေ့ သို့မဟုတ် ဘေးမှာ ထီးထီးမားမား မတ်တပ်ရပ်၍ ထိုင်လိုက်ထလိုက် အလုပ်လုပ်နေရမှာ ကို မလုပ်ရဲပေ။

အကြောက်ဆုံးက ကိုယ့်ဆီကို မျက်နှာ နှစ် ခု သုံးခု ဒါမှမဟုတ် အများ တကာ သတိထား လှမ်းကြည့်လိုက်တာမျိုးကို ရင်မဆိုင်ရဲခြင်း ဖြစ်၏ ။ နှစ် ခုထဲက တစ်ခုနှင့် တူနေသည်ဆိုရင်တောင် သူမ ကတော့ နှစ် မျိုးစလုံးနှင့် သက်ဆိုင်နေသော သို့မဟုတ် များ စွာ နှင့် တစ်ခုမှမလွတ်သော သူမပဲ ဖြစ်၏ ။ ဥပမာ...

သူမဟာ ကြောက်တတ်တာလား သို့မဟုတ် ရှက်တတ်တာလား ဆိုလျှင် ကြောက်လည်း ကြောက်သည်၊ ရှက်လည်းရှက်သည်။

ဂရုမစိုက်တာလည်း မဟုတ်၊ အမှတ်မရှိတာလည်း မဟုတ်ပါ။

ထို့ထက်ဆိုးတာက ပရယ်ဒီကယ်တိုင်းမှာ လည်း နားမလည်၊ ကျူ တိုရီရယ်ဆိုလည်း ရတာ ဘာမှမရှိ...။

ဒါဟာလည်း နှစ် မျိုးထဲမှာ နှစ် မျိုးစလုံးနှင့် သက်ဆိုင်နေတတ်သော သူမရဲ့ ရာဇဝင် ဖြစ်၏ ။ သူများ တွေ ခေါင်းချင်းဆိုင် တိုင်ပင်ကြ မေးမြန်းကြချိန်မှာ ဖူး က တစ်ယောက် တည်း...။

ပြောပြဖေးမမယ့်သူ မရှိသော်လည်း ဖူး စာမရတာ ကိုတော့ သူတို့တွေ သိကြလေသည်။

ဒီနှစ် နောက်ဆုံးနှစ် ဆိုပေမယ့် ကျောင်းပြီးတော့မယ်ဆိုသည့် အပျော်တွေ က ကျောင်းဖွင့်စမှာ ပဲ ပျက်စီးယိုယွင်းကုန်ပြီ ဖြစ်၏ ။

ကျောင်းကပဲ မျက်နှာလိုက်တာလား၊ လူတွေ ကပဲ မြေနိမ့်ရာလှံစိုက်ချင်တာလား၊ ဖူး ကို နိမ့်ချမဲ့ရွဲ့သူသာရှိကာ ကြိုဆိုမယ့်သူ မရှိ။

ဒီစကားကို ဒက်ဒီကြားတော့ ရယ်သေးသည်။

``မြေနိမ့်ရာလှံစိုက်ရအောင် သမီးက ဆင်းရဲနေလို့လား သမီးရယ်၊ ငါ့သမီး ဒီလို ရိုးရိုးကုပ်ကုပ်နေတာကို အထင်လွဲနေတယ်ဆိုရင်လည်း ကိုယ် ဘာမှန်းသိသွားအောင် ဝတ်စားပြလိုက်ပေါ့။ နိမ့်ချခြင်းဟာ မင်္ဂလာမည် ပေမယ့် နိမ့်ကျတာက မကောင်းဘူး သမီး၊ ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့ ဆိုတဲ့စကားက လူမှု ဆက်ဆံရေး နယ်ပယ်အတွက် မရှိမ ဖြစ် လိုအပ်ချက်လေးတစ်ခုကို ထောက်ပြထားတဲ့စကားပဲ၊ ဒါကို မမေ့နဲ့´´တဲ့။

ဖူး မှာ တော့ ဟန်တွေ မာန်တွေ ဘယ်သူ့ဖို့မှ မလုပ်ရသေးပါပဲ ဘယ်သူနဲ့မှလည်း ဆက်ဆံပေါင်းသင်းလို့ မရ...။

``ဒီမှာ သုံးယောက် တည်းလားဟင်´´

ဖူး တို့ အမှိုက်ကောက်ပြီး လက်ဆေးသန့်စင်ပြီးမှ အတန်းထဲမှာ သေချာမထိုင်ရသေးပေ။ စကားသံ သြရှရှလေး ဖြစ်ကာ မျက်ခုံးလေးနှစ် ဖက်ပင့်၍ မေးနေသည့် မျက်နှာလေးက ဖြူနုဝင်းမွတ်လျက်...

``မဟုတ်ပါဘူး... လေးယောက် တောင်´´

ဖူး တို့အတန်းထဲမှာ ဘာ ဖြစ် ဖြစ် အသံအရင်ထွက်လာတတ်သည့် ပြည့်စုံမွှေး က မလိုလားသံနှင့် ဦးဆုံးဖြေ၏ ။ သူမကို အတန်းထဲမှာ ရှိနေသည့် ကျောင်းသားတွေ က လှမ်းကြည့်နေကြ၏ ။

ကျောင်းဖွင့်တာကြာပြီ ဖြစ်ကာ သူမ ရောက်လာပုံကို ကြည့်ရခြင်းအားဖြင့် ခုမှ အတန်းစတက်တာလည်း သိသာနေသော ကြောင့် စိတ်ဝင်စားနေကြခြင်း ဖြစ်သည်။

သူမက ဘယ်လိုမှမကြည့်ဘဲ ပြည့်စုံမွှေး ပြောလိုက်တာကိုလည်း ရက်ရွဲ့ကြောင်အမ်းသွားသည့်မျက်နှာမျိုး ဖြစ်မသွားပေ...။

``ဟုတ်လား...ငါက ခုမှ အတန်းစတက်ရတာ မို့လို့ပါ။ ရပါတယ်၊ ငါ့နာမည် `နေကမာ´ .. နင့်နာမည် ကရော...´´

``ငါက ပြည့်စုံမွေး... သူငယ်ချင်းတွေ ကတော့ မွေး လို့ပဲ ခေါ်ကြတယ်၊ သူက `သဲ ´တဲ့.. တစ်လုံးတည်ပဲ၊ သူက သူသူသန်း၊ သူ ကတော့´´

ဖူး အလှည့်ကျမှ မဲ့ရွဲ့သွားကာ...

`သူပြောလိမ့်မည် ´ လို့ ဆို၏ ။ နေကမာ ဖူး ကို ငုံ့ကြည့်ပြီး ရယ်ပြသည်။ နှုတ်ခမ်းဖွင့်ထားပုံလေးကလည်း ချစ်ဖို့ကောင်းတာပါပဲ၊

ဖူး ပြန်ငေးနေတာကို သူမက မေးဆတ်၍ ...

``နာမ်ည ဘယ်လိုခေါ်လဲဟင်´´

``ဖူးဖူးစင်´´

``လှတယ်နော်´´

ဖူး မျက်လုံးတွေ မွေး တို့ဆီ ဖျတ်ခနဲ ရောက်သွား၏ ။ ထင်သည့်အတိုင်း မဲ့ရွဲ့သွားသည့် နှုတ်ခမ်းတွေ က ဓာတ်လိုက်သွားတဲ့အတိုင်း...။

``ငါ့ကိုလည်း ကမာ လို့ပဲ ခေါ်ပါ´´

သူမကိုယ်သူမ မိတ်ဆက်ပြီးမှာ နောက်ကအတန်းကို လှည့်ကြည့်သည်။ နောက်မှာ ယောက်ျားလေးနှစ် ယောက် ပီကေဝါးရင် နားကျပ်တွေ နဲ့ သီချင်းနားထောင်နေကြ၏ ။

ကမာ သူတို့ဘက်လှည့်ပြီး ခုံပုတ်လိုက်မှ နားကျပ်တွေ ဖြုတ်လိုက်ကြကာ...

``ဘာလဲ´´

``ဒီမှာ နှစ် ယောက် တည်းလားဟင်´´

``ဘာ ဖြစ်လို့လဲ.. ဒီလိုပဲ ထိုင်ချင်တဲ့နေရာ ထိုင်နေကြတာ´´

``ငါက ထိုင်စရာမရှိတဲ့လူ ဖြစ်နေလို့ပါ။ နင်တို့ နောက်မှာ သွားပေါင်းထိုင်ပေးလို့ ရမလားဟင်... အကူအညီတောင်းတာပါ´´

တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ကြပြီး တစ်ယောက် က ခေါင်းခါသည်။ ပြီးတော့ ရယ်ချင်ပက်ကျိ ဖြစ်သွားသည့် မျက်နှာတွေ က မချိုမချဉ် ဖြစ်လာကြ၏ ။ ထိုအခါ တစေ့တစောင်း အကဲခတ်နေကြသည့် မွေး ကို မျက်လုံးချင်း တိုင်ပင်၍ ....

``ငါတို့အတန်းမှာ ပဲ လာထိုင်ပါစေဟာ၊ ဟိုရှေ့တန်းမှာ လည်း ငါးယောက် ထိုင်ကြတာပဲ´´

``အေးလေ... ဘယ်သူမှလည်း တစ်နေကုန် ကျပ်ကပ်ထိုင်နေကြမှာ မဟုတ်ပါဘူး ´´

``ကမာ... ဒီမှာ ပဲ လာထိုင်လိုက်တော့´´

တိုင်ပင်သံအဆုံးမှာ ခေါ်လိုက်ခြင်းပါ ပြီးစီးသွားသည်။

``ကျေးဇူးပဲဟာ.. ငါက ခရီးလွန်နေလို့ ဒီနေ့မှ စတက်ရတာ ´´

သူတို့ချင်း အဆင်ပြေသွားကြတာနှင့် ဖူး ကိုယ့်ဘာသာ နားလည်ကာ ချောင်ကပ်ထိုင်နေတာကို ထပ်ပြီး တိုးတပ်ပေးလိုက်သည်။

မွေး နေရာပေးလိုက်တာက ဖူး နဲ့ ကပ်လျက်မို့ ကမာ ရဲ့ အပြုံး ကို ဖူး ပထမဆုံး မြင်ဖူးသွားခဲ့၏ ။ ကိုယ့်အပေါ်မှာ ပြုံး ရယ်ဆက်ဆံဖူးတဲ့သူဟာ ပထမဆုံး...။

နောက်ရက်တွေ မှာ ရော ဖူး ကို သူမ ပြုံး ပြဦးမှာ လား...။

``နင့်ကို ငါတို့ တွေ့ဖူးနေပါတယ်´´

``ဟုတ်မှာ ပေါ့.... အတူတူတက်ကြတာပဲဟာ´´

ဟိုနှစ် တွေ တုန်း ကတော့ ရှေ့ခန်းတွေ မှာ ပဲ မြင်နေခဲ့တာပါ။ တစ်ခန်းတည်း အတူ ဖြစ်သွားတာက ဒီနှစ် မှာ ...။ မွေးကလည်း ကမာ့ ကို စကားတွေ ပြောနေလိုက်တာ

ဖောင်ဖွဲ့လျက်…။

``နင့်နာမည် က တစ်မျိုးပဲနော်´´

``လှပါတယ်.. နင်ကလည်း´´

``ဟုတ်ပါတယ်… လူကလည်း လှပါတယ်´´

သူတို့ချင်း ပြောနေပြီးမှ…

``ငါတို့က နင့်ကိုလှလို့ သတိထားမိကြတာ၊ နောက်ပြီး…´´

သဲ က ရယ်ချင်သည့်မျက်နှာနှင့် ပခုံးလေးတွန့်၏ ။

``နင်တွဲ တာတွေ က အလန်းစားတွေ ပဲနော်… တကယ်မိုက်တယ်´´

``ငါ မေဂျာကကောင်တွေ က မေးဖျားက ကောင်းကင်မှာ ချိတ်နေကြတာ၊ နင့်ဘေးမှာ တော့…´´

``မဟုတ်ပါဘူး သဲ ရယ်.. တစ်ယောက် က သူငယ်ချင်းပါ´´

``ချွန်း…. ကရော´´

``သူတို့ကလည်း သူငယ်ချင်းပဲ´´

``ဟုတ်လို့လား ကမာ ရယ်… ငါတို့မြင်လိုက်တိုင်း သူတို့နှစ် ယောက် က နင့်ရဲ့ တစ်ဖက်တစ်ချက်မှာ အရမ်းရင်းနှီးနေကြတဲ့ပုံပဲ၊ ကဲ့ရဲ့ ချင်တာ မဟုတ်ပါဘူး… ငါတို့က အားကျလို့´´

ပြောကြရယ်ကြနှင့် ခုမှ ရောက်လာသည့် ကမာ က သူတို့အတွက် တကယ့် ငယ်ပေါင်းသူငယ်ချင်းတွေ လိုပင်။

ဖူး ကတော့ အမြဲတမ်း ဘေးမှာ ပါ။

ကမ ရဲ့ အပြုံး ကို အထပ်ထပ်မြင်ယောင်ရင်း နောက်ထပ် ဒီဘက်

လှည့်လာပါ့မလားလို့ တွေးမိနေတာ စိတ်က ချိန်း ဆိုသည့်နာမည် ကြောင့် စီးနေသည့်သွေးတွေ ရုတ်တရက် ရပ်ဆိုင်းသွားသလား မသိ..။

ချိန်း က ကမာ နဲ့ ခင်မင်နေတဲ့သူ....။

ကမာ ဆိုတဲ့ သူမက ဘယ်လိုမိန်းကလေးလဲ...။

အတန်းထဲကို ရောက်လာခဲ့သည့်မျက်နှာ၊ နုစ် လိုဖွယ်အသံလေးနဲ့ ချိုသော စကားတွေ ၊ မိန်းကလေးချင်းသာမက ယောက်ျားလေးတွေ ကိုပါ ရင်းနှီးရိုးသားစွာ ပွင့်လင်းရဲတဲ့သူ...။

ဖူး နဲ့တော့ တခြားစီပါလား...။

ရင်ခုန်နှုန်းတွေ မြင့်တက်လာခဲ့ပြီး စကားပြေနေသည့် ခပ်စောင်းစောင်း ကမာ့ မျက်နှာလေးကို ေငးသွားမိသည်။

လှလိုက်တာလည်း ပါရမီထူးပါပေသည်။

မျက်နှာသွယ်သွယ်... နာတံပေါ်ပေါ်လေးနှင့် ဖြူအုနေသည့်အသားရောင် လေးက စကားဝါရိပ်သမ်းနေသလိုလို၊ ပန်းခရမ်းရောင် ဆန်နေသလိုလို။

သူမ ဖြီးလိမ်းပြင်ဆင်ထားသည့်လား၊ မပြင်ထားဘူးလား၊ ဒါတော့ ဖူး မသိပါ။ ကော့ညွှတ်နေသည့် မျက်တောင်တွေ ကလည်း ကီရိယာသုံး၍ ကော့ထားတာ ဖြစ်ရင်တောင် ရှည်အောင်တော့ တအားဆွဲထုတ်လို့ရမည် မထင်ပါ။

နှုတ်ခမ်းနုစ် လွှာက အထူအပါးညီကာ တင်းခြောက်မနေဘဲ နှုတ်ခမ်းနီရောင် လည်း မမြင်။ ဒါပေမယ့် နီမြန်းဖူးရွှနေအောင် လှ၏ ။

ပြင်ထားတာ ဖြစ် ဖြစ်၊ နဂိုလှနေတာ ဖြစ် ဖြစ် ကိုယ်က မလှတဲ့သူမို့ မထင်ကြီးခြင်းတွေ တရစ်ရစ် တိုးမြင့်လာခဲ့၏ ။

ကကြီးပုံ အလယ်ခွဲဆံနွယ်တွေ က အထပ်လိုက် အလန်းလေးတွေ ဖြစ်ကာ ကျောတစ်ဝက်လောက်ရှည်ပြီး အဖျားနားမှာ အခွေလိပ်လေးတွေ ဖြစ်နေ၏ ။ ပြီးတော့

ဆံပင်တွေ က တရောင် တည်းမဟုတ်ဘဲ ခိုပြာရောင် လိုလို၊ ပန်းခရမ်းရောင် လိုလို အလင်းရောင် ဖြစ်သွားသည့်နေရာတွေ မှာ မှ အရောင် ပြေးလေးတွေ ဖြစ်သွားတာမျိုး…။

လှအောင်လုပ်ထားတာဆိုရင်တောင် ဘယ်လိုပညာတွေ သုံးထားလို့ ဒီလောက်လှနေတာလဲ…။

``မှတ်ထားဟေ့… သေချာကြည့်ပြီး မှတ်ထား၊ ပိုက်ဆံရှိတိုင်း ဒီလို ဖြစ်အောင် လိုက်လုပ်လို့ရရင် ရမယ်၊ လုံး၀ ပုံကောင်းတွေ ထွက်လာမှ မဟုတ်တာတော့ သေချာတယ်´´

ဖူး မျက်နှာ ဖျန်းခနဲ ပူထူသွားသည်။ ဟိုဘက်လူက ကျော်ပြောလိုက်တာမို့ ကမာ က ရုတ်တရက် ဘာမှန်းမသိလိုက်သလို ဖြစ်သွားကာ ပြီးမှာ ဖူး ကို လှည့်ကြည့်၏ ။

``နင့်ကို အသေထိုင်ကြည့်နေတာ အဲဒီ တစ်ယောက် ၊ တေမိမင်းသမီးလေးလေ.. ´´

ကမာ အားတုံ့အားနာ ဖြစ်သွားသလိုလေး ရယ်ကာ… ဘယ်သူ့အကြောင်း ဘယ်လိုရှိမှန်းလည်း မသိသည်မို့…

``ဆောရီပါဟာ…. ငါ ဒီဘက်မှာ စကားကောင်းသွားလို့..´´

``အမလေး… နင် သွားပြောလည်း သူက ပြောချင်မှပြောမှာ ၊ တောင်းပန်မနေနဲ့´´

ဟိုဘက်လှည့်ကြည့်၊ ဒီဘက်လှည့်ကြည့် ဖြစ်သွားသည့် ကမာ့ ကိုလည်း ဖူး မကြည့်မိတော့ပါ။ မျက်နှာတွင် တွင် ငုံ့ရင် ရှေ့တန်းက လှည့်ကြည့်လာသည့် မျက်နှာတွေ ကိုပါ တိမ်းရှောင်နိုင်ဖို့ ကြိုးစားမိသည်။

ကံအကျိုးပေးခြင်းက အဲဒီ လို…။

♥ ♥ ♥

# အခန်း (၃)

``ကံမကောင်းဘူးသာဆိုတယ်၊ ကြည့်လိုက်ရင် မင်းသမီးရှုံးလောက်တယ်နော်.. ဟွန်း´´

ဆိုင်ထဲဝင်လာကတည်းက ဒေါ်ရွှေရုပ်က ကမာ့ တစ်ကိုယ်လုံးကို အားမနာတမ်းကြည့်၍ ချီးမွမ်းသွားသည်။

မှန်ရှေ့မှာ ထိုင်နေသည့် မိန်းကလေးတချို့ရော၊ ထိုင်စောင့်နေသူတွေ ရော ဒေါ်ရွှေရုပ်နဲ့ ကမာ့ကို မှန်ထဲက ကြည့်တဲ့သူကြည့်၊ လှည့်ကြည့်ကြတာက တစ်မျိုး...။

ကမာ ကတော့ အပြုံး မပျက်ပါ၊ ထုတိုင်းမာတဲ့ ငါးဖယ်လိုပဲ ပြောပြော၊ ဘယ်လိုထင်ထင် ကိုယ်လုပ်နေသမျှဟာ လုပ်ချင်လို့လုပ်နေတာ တစ်ခုမှမပါ။

``မေမေ ပဲခူးသွားတော့မလို့လား၊ ညနေမှဆို...´´

ထက်ထက်မင်းက တစ်ယောက် ကို ဆံပင်ညှပ်ပေးနေရင်း လှမ်းမေးသည်။

ဒေါ်ရွှေရုပ်က အတွင်း းခန်းထဲ မသွားဘဲ ကောင်တာစားပွဲဘေးမှာ ထိုင်ချလိုက်ကာ မျက်လုံးတွေ ကတော့ ကမာ့ ဆီမှာ ပဲရှိနေလျက်...

``အစက ညအိပ်သွားမလို့လေ၊ အခု နေ့ချင်းပြန်သွားဖို့ ဖြစ်လာတာနဲ့ စောစောထွက်လာတာ´´

``ခဏလေး မေမေ... သမီးပြီးပြီ၊ ကမာ သူ့ကို ခေါင်းလျှော်ခန်းထဲကထွက်လာရင် ဖြောင့်ဆေး တင်ပေးလိုက်နော်´´

``ဟုတ်ကဲ့ မထက်´´

ဆံပင်ဖြောင့်မယ့် တစ်ယောက် ကို မှာ ထားခဲ့ပြီး ထက်ထက်မင်း နဲ့ ဒေါ်ရွှေရုပ် တို့ နောက်ခန်းထဲ ဝင်ခဲ့ကြ၏ ။

``ညည်းကလည်း ငါ မပြောချင်ဘူးနော် ထက်ထက်´´

``ဘာ ဖြစ်လို့လဲ မေမေရယ်၊ မေမေကလည်း ဆိုင်ရောက်လာရင် ကမ့ာ ကို ပြောဖို့ကျနေတာပဲ၊ လူကြားသူကြားလေးလည်း ရှောင်ပါဦး၊ သူ့ခမျာ အပျိုလေးပဲ ရှက်မှာ ပေါ့ ´´

``အမလေး... ရှက်သွားတဲ့မျက်နှာလေး ညည်းကောင်မကိုလည်း ပြန်ကြည့်ပါဦး ထက်ထက်ရယ်... ငါ မပြောလိုက်ချင်ဘူး´´

ဒေါ်ရွှေရုပ်က လက်ကိုင်အိတ်ကြီးကို ဆိုဖာပေါ်ပစ်ချ၍ ဆောင့်ခနဲ ထိုင်သည်။

``ဆိုင်ထဲဝင်လာတဲ့သူတိုင်း သူ့ကိုပဲ ဆိုင်ပိုင်ရှင်လို့ ထင်ကြမှာ ၊ ဆံပင်ကအစ မျက်နှာ ကိုယ်လုံး အို.. အကုန်လုံး ပြင်ထားလိုက်တာ လက်လက်ကို ထနေတာပဲ´´

``လက်လက်ထနေတာက သူ့နဂိုအလှ ရှိလို့ပါ၊ ဘယ်လောက်ပြင်ပြင် နဂိုအတိုင်းနဲ့ တစ်ကိုယ်လုံး ပြီးပြည့်စုံအောင်လှဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ၊ နောက်ပြီး သူ့ကို ဒီလိုနေပါ.. ဒီလိုပြင်ပါလို့ သမီးကိုယ်တိုင် ခိုင်းထားတာ´´

``ဘာရယ်...´´

``ဟုတ်တယ်လေ.. မေမေပဲစဉ်းစားကြည့်၊ သမီးက အလှပြင်ဆိုင် မဟုတ်ဘူးလား၊ ဆံဖျားကနေ ခြေဖျားထိ လက်သည်းခြေသည်းကအစ လှအောင် ပြင်ပေးနေတာလေ´´

``အဲဒါနဲ့ ဘာဆိုင်လဲ´´

``ဆိုင်တာပေါ့ မေမေ.. အလှပြင်ဆိုင်ကိုလာတဲ့သူက ဆိုင်မှာ လှလှပပလေးတွေ တွေ့မှ ဒီဆိုင်မှာ လှအောင်ဖန်တီးလို့ရမယ် ဆိုတာကို ယုံကြည်မှာ ပေါ့၊ ဆံပင်ဆိုင်ဖွင့်ထားပြီး သနပ်ခါး ဘေးကျားတွေ နဲ့ ဘီးဆံပတ်ကြီးတွေ မြင့်မြင့်တင်ထုံးထားရင် ဘယ်သူက လာတော့မှာ လဲ´´

``မဟုတ်ဘူး ထက်ထက်... ကမ့ာ ကို ညည်းလုပ်ပေးထားတာ

လိုတာထက်ကိုပိုနေတာ၊ သူပဲ ထူးခြားပြီး အရောင် ထွက်နေတာ´´

``သူက အလှဆုံးမို့လို့ပါ မေမေရယ်.. ဆိုင်မှာ အသင်မိန်းကလေးတွေ ကအစ သမီး ဘယ်လိုနေခိုင်းထားသလဲ မေမေ မြင်မှာ ပါ၊ ဆံပင်တွေ ကို ကိုယ့်အသားနဲ့ လိုက်မယ့်အရောင် တွေ တစ်ရောင် စီ ဆိုးပေးထားတယ်၊ ဒီဇိုင်းအမျိုးမျိုးတွေ ညှပ်ပေးထားတယ်၊ အားလုံးထဲမှာ သူပဲ ပိုလှနေတာ သူ့ကသိုလ်နဲ့သူပါ´´

``တော် ပြီ တော် ပြီ .. ငါထပ်ပြောလည်း သမီးနဲ့ ညီမဝမ်းကွဲ တော် ပါသေးတယ်လို့ ညည်း ပြောဦးမှာ ပဲ၊ ထားလိုက်တော့.. ဆိုင်ကို အောင်မြင် လာသေးလား´´

``လာပါတယ် မေမေ၊ ဘာ ဖြစ်လို့လဲ .... အောင်မြင် က ကမာနဲ့ သူငယ်ချင်းတွေ ဉစ္စာ´´

``ဟင့်...´´

ဒေါ်ရွှေရုပ် အံ့သြသည့်မျက်နှာနှင့် သမီး ဖြစ်သူကို ကြည့်သည်။

အသားဖြူဖြူမျက်နှာဝိုင်းဝိုင်းလေးနှင့် အထပ်ဆံပင်လန်လန်လေးတွေ က ပခုံးပေါ်မှာ ဝဲနေသည်။ အရပ်ကလည်း မနိမ့်မမြင့်မို့ မိန်းမချောလေးလို့လည်း သတ်မှတ်ခံရသူပါ။

ဒါပေမယ့် ကမာ နဲ့ယှဉ်လိုက်တိုင်း အများ ကြီး လိုသေးသည့်လို့ပဲ ခံစားမိနေသည်။

``မယ်ထက်ထက် ရယ်... ကမာ့ ဆီကိုလာတာများ ညည်းအမေ ငါက မေးနေပါ့မလား... ခက်ရချေရဲ့ အေ´´

မြန်မြန်ပြန်တာပဲ ကောင်းသည်ဆိုသည့် ဆုံးဖြတ်ချက်တွေ ချက်ချင်း ဖြစ်သွားကာ လက်ကိုင်အိတ်ကြီးကို လက်မှာ ချိတ်ပစ်လိုက်မိသော် လည်း...

``သူငယ်ချင်း ဖြစ်လာကြတာ ခုမှမဟုတ်ဘူး ငါသိတယ်၊ နောက် ဖြစ်လာဖို့ရှိတာတွေ လည်း ညည်း မသိပေမယ့် ငါသိတာပဲ၊ အဲဒါကြောင့် မေးနေတာ...

ညည်းဆီကိုလာတာ မဟုတ်ဘူးပေါ့´´

``မေမေကလည်း´´

``ဟဲ့.... မေးတာကိုပဲ ဖြေစမ်း၊ `မမထက်´ လို့ခေါ်ပြီး ညည်းဆီကို တန်းတန်းမတ်မတ် ဝင်လာတာမျိုး တစ်ခါမှ မရှိဘူးပေါ့... ဟုတ်လား´´

``မလာဘဲနေမလား မေမေရယ်... အောင် က သမီးကိုခင်ပါတယ်´´

``အခု ခင်ရမယ့်အချိန် မဟုတ်ဘူးလေ... ခက်ပါလားနော်´´

ထက်ထက်မင်း မျက်နှာလေးကလည်း စိတ်ပျက်သည့်အရိပ်တွေ နှင့် ရှုံ့တွတွလေး ဖြစ်ခဲ့ပြီ...

``သမီးတို့က ရိုးရိုးသားသားပဲ ခင်ကြတာ မေမေ၊ နောက်ပြီး အောင့်ထက် သမီးက အသက်ကြီးတယ်၊ တစ်နှစ် နှစ် နှစ် လောက်ဆိုလည်း မပြောဘူး´´

``အဲဒါတွေ ကို လူကြီးတွေ က ကျေနပ်လို့ စေ့စပ်ပါရစေလို့ ပြောနေကြတာပေါ့၊ အသက်ကွာပေမယ့် ညည်းက ဖြူဖြူသွယ်သွယ် နုဖတ်ဖတ်လေး၊ ကိုယ့်စီးပွားရေး နဲ့ကိုယ် ဉစ္စာပေါ ပညာတတ်´´

ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေပြီဆိုသည့်အကြည့်နှင့် ဒေါ်ရွှေရုပ် ကို ကြည့်ပြီး ထက်ထက်မင်းက ရယ်သည်။

``မရယ်နဲ့... ခုခေတ်ယောက်ျားလေးတွေ ကလည်း ဦးဆောင်ဖို့ထက် အားကိုဖို့ လိုချင်တဲ့ဟာလေးတွေ က များ တယ်၊ ဒီခေတ်ထဲမှာ အသည်းတွေ အသက်တွေ အဓိကမဟုတ်တော့ဘူး၊ ရပ်ရှိရေလုံဖို့ အဓိက၊ ရပ်ရှိဖို့အတွက် ဖန်တီးလို့ရသလို ရေလုံဖို့ ဘာလိုသလဲ´´

``သမီးက ရှာနိုင်ဖွေနိုင်လို့သူက အားကိုးချင်တာဆိုရင်ရော မေမေက ဘာကို အထင်ကြီးနေတာလဲ၊ ကြီးရင်မှီ ငယ်ရင်ချီတဲ့၊ ကိုယ့်ကို မှီမှာ များ ...´´

``အဲဒါကို ငါ မေးတာပဲလေ... ရေလုံဖို့က ဘာလိုသလဲဆိုတာ ညည်းရဲ့

အရည်အချင်းကို သူ့မိကဘ မက်တယ်၊ ငါက သူ့မိဘ ချမ်းသာတာကို မက်တယ်၊ တစ်ဦးတည်းသော သားကို ရထားမှာ တော့ သူ့မိဘ ပိုင်ဆိုင်သမျှ ကိုယ်ပိုင်တာပေါ့၊ ရေလုံ့ဖို့က အဓိက... ဘာကြောင့် ပဲ လုံ့လုံ့´´

ကွန်ပျူတာခေတ်မှာ ဒါက အကောင်းဆုံး ဖြစ်လေသည်။

♥ ♥ ♥

## အခန်း (၄)

``သွားမယ်´´

``နေဦး... သား´´

အောင်မြင့်နဲ့ ချိန်း တို့ ခြေလှမ်းတွေ ပြင်ထားပြီးမှ ရှေ့မဆက် ဖြစ်တော့ပေ...။

``အခု ကျောင်းသွားမှာ ရော ဟုတ်ရဲ့ လား´´

``ဘာ ဖြစ်လို့လဲမာမီ´´

ဒေါ်မိမိလတ်က အောင်မြင့်ကို ပြုံး ပြပြီး ချိန်း ကို ကြည့်တော့ `သတိထား´လို့ ပြောနေတာမျိုး....။

``မေးတာကိုမဖြေဘဲ ပြန်ပြန်မေးတယ်၊ ပြီးတော့ ဒီလိုနဲ့ ရောကောသော ကော ထွက်သွားပြန်ရော၊ ကျောင်းပြီးတော့မယ်ဆိုပြီး ကိုယ့်ကိုယ်ကို ဆုံးဖြတ်ခွင့်တွေ ၊ လွတ်လပ်ခွင့်တွေ နဲ့ မြောက်ကြွမနေနဲ့၊ အဲဒါကို သတိပေးချင်လို့´´

``ကျွန်တော် က ဘာလုပ်နေလို့လဲ မာမီ၊ မာမီ့သားလေးယောက် သိက္ခာသမာဓိပြည့်ဝတာ သွားရှာကြည့်ပါဦး´´

`ရှာစရာမလိုပါဘူး... ဒီလိုပဲ... အစကရိုးရိုး၊ နောက်ကျမှ တစ်မျိုးတိုးကြတာ၊ အခု

မာမီ့သား ကျောင်းသွားတယ်ဆိုပြီး ကျောင်းမှာ မရှိဘူး၊ သင်တန်းတွေ တက်နေတာလည်း ဘယ်သင်းတန်းချိန်က ဘာတွေ မှန်းကို မသိဘူး၊ ကျူရှင်ရယ် သင်တန်းချိန်တွေ ရယ် အိမ်ကိုပြန်ကပ်တော့ ည ကိုးနာရီ.. ဆယ်နာရီ´´

``ကျောင်းချိန်လွတ်အောင် သင်တန်းတက်ရတာ မိုးချုပ်တာပေါ့ မာမီရ....´´

``အောင် ကရော သားနဲ့အတူတူ သင်တန်းတွေ တက်ကြတာလား´´

``ဟုတ်ကဲ့ အန်တီ... အတူတူပါပဲ၊ ကျွန်တော် တို့က လိမ်လိမ်မာမာလေးတွေ ပါ´´

ဒေါ်မီမီလတ်က မယုံကြည်သည့်မျက်ဝန်းတွေ နှင့် ခပ်မဲ့မဲ့ပြုံး ကာ...

``ဟုတ်လား.. အန်တီ ကတော့ သားမေမေဆီ သွား ဖြစ်တိုင်း သားအကြောင်းတွေ ပဲ ကြားနေရတာ ၊ မင်းသူငယ်ချင်းနဲ့ သိပ်လည်း မထူးပါဘူး´´

အောင် က ရယ်လိုက်ရင် မျက်နှာငုံ့သွားသည်။ ဒေါ်မီမီလတ်က နှစ် ယောက် စလုံးကို စူးစိုက်ကြည့်ရင်း လှေကားတိုင်မှာ ပခုံးနဲ့မှီရပ်လိုက်ကာ....

``မင်းတို့ကို မာမီမေးမယ်၊ အောင် အရင်စဖြေ´´

``ဟုတ်´´လို့ ပြောရင်း အောင် က သတိဆွဲသလို ခပ်တောင့်တောင့် ရပ်၏ ။ ဒီအိမ်မှာ ဆို ဝင်ထွက်စားသောက်နေကျမို့ ကိုယ့်အိမ်ရာလို ရင်းနှီးပြီးသား...။

အောင် တို့အိမ်မှာ ဆို ချိန်းလည်း ဒီအတိုင်းပဲ ဖြစ်သည်။

``နေကမာ ဆိုတဲ့ မိန်းကလေးကို ကြိုက်နေတာ ဘယ်သူလဲ´´

မေးခွန်းထွက်သွားသည်နှင့် နှစ် ယောက် စလုံး မျက်နှာကို ဒေါ်မီမီလတ် မလွှတ်တမ်း အကဲခတ်သည်။ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်၍ ခဏ တိတ်နေကြပြီးမှ....

``ဒီကောင်´´

ချိန်း က အောင့်ကို လက်ညှိုးထိုး၏ ။ အောင် က စပ်ဖြဲဖြဲမျက်နှာ ဖြစ်သွားလျက်...

``အန်တီကလည်း ကျွန်တော် က....´´

``မြင့် က ပြောတော့ သူ့သားကိုမေးတာ မဟုတ်ဘူးလို့ ပြောတယ်တဲ့။ ချိန်း လိုက်နေတဲ့ ကောင်မလေးပါ ဆို....´´

``အဲဒါ... ဟို အန်တီကလည်း မေမေက အရမ်းပွားတာ´´

``ဘာ... မိဘကို ကြည့်စမ်း´´

``ကန်တော့... ကန်တော့.. မဟုတ်ဘူး အန်တီ.... ဒီလို....´´

``တော် ပြီး ဒီမှာ လာဝန်ခံတော့ရော အန်တီက ပြန်မပြောဘူး ထင်လို့လား၊ မိတ်ဆွေကောင်းဆိုတာ မတော် တာတွေ့ရင် အမုန်းခံပြီး တားဆီးပေးရတယ်၊ စားသောက်ကောင်းရုံး လက်ညှိုးထောင် ခေါင်းညိတ်လုပ်နေလို့ ရမလား´´

``ဟဲ... ဟဲ... ရပါတယ်၊ မေမေ့ဆီရောက်ရင်လည်း ခေါင်းညိတ်မှာ မှ မဟုတ်တာ´´

``အေး... အေး... ကြည့်လုပ်ကြ၊ ဟိုရောက်ရင် ချိန်း နဲ့ပါ၊ ဒီကို ရောက်ရင် အောင် နဲ့ပါဆိုတာတွေ ၊ ဘယ်သူနဲ့ဆိုတာ သိတဲ့တစ်နေ့ မလွယ်ဘူး မှတ်...´´

ကောင်းကောင်းကြိမ်းလွှတ်လိုက်တာကို စိတ်ညစ်ခြင်းကြီးစွာ နှင့် ချိန်း မျက်နှာ ရှုံ့မဲ့နေကာ...

``မင်းအမေက ပွားရုံပဲ ပွားတာ... မာမီက ပျော်ကျအောင် လောင်တာ´´

``အေး... မင်းလည်း အဲဒါကိုသိရင် ရှေ့မဆက်နဲ့၊ အန်တီက နှလုံး ရောဂါ နဲ့ `လိုတရ´ပါမစ် ရထားတာ... မင်းဒက်ဒီလည်း မင်းကို ခွင့်ပြုမှာ မဟုတ်ဘူး´´

``အံမာကွာ´´

ချိန်းက အောင့် ပခုံးကို ထိုးပစ်လိုက်ပြီး ရယ်သည်။

``ရပ်တည်ကြီးနဲ့ ဟာသလုပ်နေပြန်ပြီ၊ ရယ်လည်း မရယ်ရဘူး... သွားစမ်းပါ´´

``ဘာလဲ... အကောင်းပြောနေတာ´´

``အကောင်းပြောနေလသည်း အဆိုးက မကြားဘူး၊ ဒီမှာ နာမည် က `ချိန်း ´ပေမယ် လူမချိန်းဘူး၊ တစ်ယောက် ဆို တစ်ယောက် လုံးဝအပြောင်းအလဲ မရှိဘူး´´

``မင်း မပြောင်းလဲတာက အရေး မကြီးဘူး၊ ခေါင်းကိုက်နေရတာ က ငါ...´´

``ခေါင်းကိုက်နေတာမှ ဟုတ်ရဲ့ လား´´

ချိန်း မျက်နှာက စပ်ဖြဲဖြဲ....။

ကားတစ်စီးကို နှစ် ယောက် အတူ စီး ဖြစ်ကြသည့်ဝါသနာက ချိန်း က သူ့ကားနဲ့ပဲ သွားတတ်သည့်အကျင့်ကြောင့် စခဲ့တာ ဖြစ်သည်။

ထို့ကြောင့် ကားပေါ်ကဆင်းတိုင်း ကားရဲ့ ဗာဟီရတွေ နှင့် ချိန်း နောက်ကျသမျှ အောင်က အမြဲတမ်း ရပ်စောင့်....။

``ဘာလဲ ရပ်က စပ်ဖြဲဖြဲနဲ့ မင်းကြောင့် ငါ့ကို မေမေကလည်း ဟိုမေးဒီမေးနဲ့.... အခုလည်း ခေါင်းခံခဲ့ရပြီ´´

ချိန်း က ကားသော့ ကို လှည့်ပတ်ကစားရင်း မျက်နှာမော့ရယ်ကာ...

``ခေါင်းရှိလို့ ခံခွင့်ရတာ ဂုဏ်ယူလိုက်ဦး´´

``သေပါလား.. ရပ်ကိုက....´´

``ဟား .... ဟား.... မင်းအတွက် တစ်နေ့ အခါရှစ်ဆယ်လောက် ဖနောင့်နဲ့ပေါက်ချင်ဖွယ် ဖြစ်နေမှာ ပေါ့၊ ကမာ့ ကို တိတ်တိတ်ပုန်း ကြိတ်ကြု က်နေတဲ့ကောင်ရှေ့မှာ ချိန်း ဆိုတဲ့ကောင်က တရားဝင် လျှောက်လွှာတင်ထားတာကိုး´´

``ဘာ တရားဝင်လဲ... ခုပဲ ဟိုလွှဲချ ဒီလွှဲချ၊ ဒီမှာ ချိန်း....ကမာ့ကို ငါက တိတ်တိတ်ကြိတ်ပိုးနေတာ မဟုတ်ဘူး။။ ဖြူစင်တဲ့သူငယ်ချင်းအချစ် လက်ကျန်လေးကို ထိန်းသိမ်းထားတာ´´

``ဟုတ်လား´´

ချိန်း က အသေရယ်သည်။ ဒေါကန်သည့်မျက်နှာကြီး ဖြစ်နေပြီးမှာ အောင့် မျက်နှာ မချိုမချဉ် ဖြစ်လာ၏ ။

``ခွေးကောင်... ငါ တင်းလာပြီနော်´´

``အင်း... တင်းတဲ့ရုပ်ကြီး မှတ်ထားဦးမှ´´

အောင် ခွီးခနဲ့ ရယ်ကာ ချိန်း လက်မောင်းကို လက်သီးဆုပ်ကြီးနဲ့ ရွယ်၏ ။ ချိန်း က ဘေးကို ခြေလှမ်းရွှေ့၍ ရှောင်လိုက်စဉ်...

``အမလေး..´´

``ဟာ.... ဆောရီး´´

မိန်းကလေး တစ်ယောက် ကို တိုက်မိလိုက်ပြီမှန်း သိကာ လူကို သေချာမကြည့်မိ ချိန်း ပျာပျာသလဲ တောင်းပန်၏ ။

သူမလက်ထဲက ကျသွားသည့် စာအုပ်နှစ် အုပ်ကိုပါ သူပဲ

လိုက်ကောက်ပေးကာ...

``ဆောရီးပါဗျာ... ရော့ တောင်းပန်တယ်နော်၊ ဒီကောင် နောက်လိုက်လို့ပါ´´

``ရပါတယ်´´

အသားလတ်လတ်နှင့် မျက်နှာက လေ့ထောင်ဆန်ချင်တာလား... ဒါမှမဟုတ် ဝိုင်းသလိုလို ပြားသယောင်နှင့် နှာတံလေးပေါ်နေတော့ လှတော့ လှပါ၏ ။

စာအုပ်တွေ ကို လှမ်းယူရင်း ချိန်း ကို သူမ တစ်ချက်တော့ ငေးခနဲ ကြည့်၏ ။ ပြီးတော့ အပြေးတစ်ပိုင်း လျှောက်ထွက်သွားသည့် ခြေလှမ်းတွေ က ချိန်း သူမနောက်က ပြေးလိုက်လာမှာ စိုးနေသလိုလို...။

``ဟား.. ဟား.... ဟား...´´

``ဟေ့ကောင်.....´´

``ဇာတ်လမ်းက အဲဒီ့မှာ စတာ....''

``မင်း `စ´ချင်ရင် လိုက်သွား....''

``ဟား.. ဟား.... ဟား...''

အောင် က ခါးကုန်းနေအောင်ရယ်သည်။ ကောင်မလေး ကြားသွားမှာ စိုးကာ ချိန်း အောင့် ပါးစပ်ကို လက်နှစ် ဖက် ဖိအုပ်ပစ်ကာ....

``တော် တော့...ဝမ်းသာအားရရှိနေတဲ့ ပါးစပ်ကြီး၊ မင်းဘိုးအေ ချိန်း ဆိုတဲ့ကောင်က မင်းကြိုက်နေတဲ့ နေကမာ ကလွဲရင် ဖွဲဆန်ကွဲ''

``ဟား.. ဟား.... ဟား...''

အောင် က သူ့လက်တွေ ကို ဖယ်ချပစ်ပြီး ရယ်လို့ အားမရသလို အသံထွက်နေဆဲနှင့် ....

``ချိန်း ချိန်း..... ကိုယ့်ဖူးစာရှင် ကိုယ့်ရှေ့ကို ဘုတ်ခနဲ ခုန်ချပြလာတာတောင်....''

``ကမာ မှ ကမာပဲ''

``မင်းကို ကမာ မကြိုက်ပါဘူး.... လက်လျှော့လိုက်တော့''

``စောင့်ကြည့်လိုက်လေ''

``အံမာ... ခုတောင် ငါမပါဘဲ မသွားရဲသေးဘဲနဲ့ လေသံကို ပြင်....''

``မင်းကို လိုအပ်နေလည်း ခဏပဲ ဟေ့ကောင်.... မကြာခင် ခေါင်းအုံးပြေးဖက်ပြီး မင်း ကြုံကြုံပါအောင် ငိုရတော့မှာ ''

``ငိုချင်လွန်းလို့ပါ... လုပ်စမ်းပါ''

တစ်ယောက် နဲ့ တစ်ယောက် ဒေါသမပါသည့် စကားစစ်ခင်းရင်း ကိုယ့်အတန်းကို မသွားနိုင်...။ ဒီအချိန် ကမာ မရောက်သေးဘူးဆိုတာ သိထားကြသဖြင့် မြင်သာသည့်နေရာလောက်ကနေ အကာကအကွယ်ယူ၍ ထိုင်လိုက်ကြ၏ ။

``ချိန်း... မင်းကို ငါ အတည်ပြောမယ်´´

``ပြော....´´

``မင်းအမေနဲ့ အဆင်မပြေနိုင်ဘူးနော်´´

``ဒါပဲလား´´

``ကမာ တို့က အခု နိမ့်ပါးနေပေမယ့် မင်းတို့ ငါတို့လို အဆင့်အတန်းထဲက မိန်းကလေးတွေ ၊ သူ့ဘဝသူလည်း မာနထားတယ်၊ နောက်ပြီး မင်းအမေ ကမာ့ ကို...´´

``ဘာလဲ... ဇာတ်လမ်းတွေ ထဲကလို နောက်ဆုတ်ပါ မတူပါဘူး၊ မတန်ပါဘူးနဲ့ မာမီ သွားပြောမှာ စိုးလို့လား´´

``မပြောပါဘူးလို့ မင်း ပြောနိုင်လို့လား... မင်းအစ်ကိုဆိုရင် သူ့ချစ်သူနဲ့ ခွဲရမလားဆိုပြီး နိုင်ငံခြားထွက်သွားလိုက်တာ ခုထိ ပြန်ကိုမလာတော့ဘူး၊ အဲဒီ တုန်းကတောင် မင်းအမေ သုံးလလောက် အိပ်ရာထဲ လဲသွားတယ်လေ.. သေမင်းလက်ထဲက အသက်ပြန်လုထားရတာ လို့ မင်းအဖေ ခုထိ ပြောတုန်းပဲ၊ အဲဒါ မင်းအစ်ကို မွေးစားသားပဲ ရှိသေးတယ်... ပြောရရင် မင်းလည်း ငါ့လိုပဲ တစ်ဦးတည်းသော သား..´´

အောင် က တကယ်အတည်ပြောလာတော့ ချိန်း မျက်နှာမှာ ဂျစ်ကန်ကန်ပုံစံတွေ ဖြစ်လာပြီး အသံတိတ်သွား၏ ။

``အခု လေပြေလေးနဲ့ သတိပေးနေတာ၊ ဘာမှ မသေချာသေးလို့ ငါ ထင်တယ်၊ မင်း တကယ် အတည်ကြိုးစားမှာ ဆိုရင် စဉ်းစားသင့်တယ်´´

``မင်းကရော....´´

``ဘာလဲ....´´

``ကမာ့ကို...´´

``ဒီလောက်လှနေတဲ့ သူငယ်ချင်းလေးကို မရိုးမသား ဖြစ်မိတာတော့

ရှိတာပေါ့ကွာ၊ ဒါပေမယ့်.....''

``တကယ် မချစ်မိခဲ့ဘူးပေါ့''

``အဲဒါလည်း မသိဘူး... ငါ သိတာက တစ်နေ့နေ့မှာ ငါ မမထက် နဲ့ပဲ လက်ထပ်ဖြစ်မယ် ထင်တာပဲ''

``မင်း သူ့ကို ဘယ်လိုမှ ရင်မခုန်ဘူးဆို''

အောင် က အနားက ဖြတ်သွားကြသည့် မိန်းကလေးတချို့ကို ငဲ့ကြည့်ရင်း သက်ပြင်းချသည်။ ပြီးတော့ စိတ်ဝင်စားတာနဲ့ မတူဘဲ မျက်လုံးတွေ ဟိုရောက်ဒီရောက် ငေးနေရင်း....

``မင်းနဲ့ငါ သူငယ်ချင်းတွေ ပေမယ့် ငါ မင်းလို မဟုတ်ဘူးဆိုတာတော့ သေချာတယ်''

``ဘာကိုလဲ''

``ငါ့မှာ အတိုက်အခံစိတ် သိပ်မရှိဘူး၊ ဥပမာ မင်းက ဂုဏ်ထူးတွေနဲ့အောင်တယ်၊ ဆေးကျောင်းတက်ခွင့် ရနိုင်ရက်နဲ့ အင်္ဂလိပ်စာပဲ ယူလိုက်တယ်၊ အဲဒီ အတွက် အန်တီတို့နဲ့ မင်းအတိုက်အခံတွေ ဖြစ်ခဲ့ရတာ ကြောက်စရာပဲ''

``ပညာရေး က ငါ့ဘဝအတွက်ပဲလို့ ပြောကြတာလေ... အဲဒါကြောင့် ငါ့ဘဝအတွက် ငါ့ဝါသနာပါဖို့က အရေး မကြီးလို့လား''

``ဟုတ်တယ်.... ခုလည်း ကမာ့ ကို မင်း ချစ်ခွင့်ရရင် ဒီပုံစံလုပ်မှာ ပဲဆိုတာ ငါ တွေ းမိပါတယ်၊ ငါ ကတော့....''

အောင် ဆက်မပြောပေမယ့် ဘာပြောချင်တာကို ဖော်ပြပြီး ဖြစ်ကာ မျက်နှာက ရယ်တော့မလို မဲ့တော့မလို....။

``ငါတို့က မင်းတို့လောက် မချမ်းသာဘူး၊ ဒါပေမယ့် မေမေက မင်းအမေထက် မပိုရင်တောင် မလျော့တဲ့မာနတွေ ရှိတယ်။ အဲဒါ ငါ သိတယ်... ဒီကြားထဲမှာ ... မမထက်

အမေက အချိန်ပြည့် သတင်းတွေ ပို့ပြီးကျပ်ပေးနေတာ…''

``ဒေါ်ရွှေရုပ် လား….''

``ဟုတ်တယ်.. ငါကမာ့ကို ကြံရွယ်လိုက်တာနဲ့ ကမာ မလွယ်ဘူး၊ တကယ်ဟုတ်ခဲ့ရင် မင်းကိုလည်း ငါက လိုးလွှဲချလို့ရမှာ မဟုတ်ဘူး၊ ဘာ ဖြစ်လို့လဲဆိုတော့ ကမာ က အန်တီရွှေ့ တူမဝမ်းကွဲလေ၊ ပြီးတော့ မမထက် ဆီမှာ အလုပ်လုပ်နေရတာ … အဲဒီလို အကြောင်းကြောင်းတွေ ထဲမှာ ကမာ့ ကို မထိခိုက်စေချင်တာက နံပါတ်တစ်ပဲ၊ နံပါတ်နှစ်က ငါ့ကို ကမာ ရိုးရိုးသားသားပဲ ခင်တာ ငါ သိနေတယ်''

ချိန်းက ပြုံး လိုက်သဖြင့် အောင် မျက်နှာကုတ်သွားကာ….

``ခွေးကောင်… အတည်ပြောနေတာကို ရုပ်က….''

``ပြောပါ… ဆက်ပြော….အဟွန်း…''

သွားတွေ ပေါ်အောင် ရယ်လိုက်တော့ အောင် က မျက်စောင်းထိုးသလို ကြည့်၏ ။

``ပထမအခက်အခဲက မင်းအမေနဲ့ အမေ မိတ်ဆွေတွေ ဖြစ်နေခြင်း…. ဒုတိယအခက်ခဲက မင်း အားနေတိုင်း ကမာ အလုပ်လုပ်တဲ့နေရာထိ ခြေအေးဝမ်းယောင် လုပ်ချင်းတိုင်း ငါ့ကို ဒုက္ခပေးခြင်း….''

``မင်း ပါစရာမလိုတော့အောင် … ငါကြိုးစားနေတာပဲကွ၊ ခဏတော့ စောင့်ပေါ့… ''

``ငါက ပြဿ နာမရှိဘူး ဟေ့ကောင်… ကမာ ဒုက္ခများ မှာ စိုးလို့ပြောတာ၊ အန်တီရွှေ့အကြောင်း ငါ ပိုသိတယ်''

``အေးပေါ့… ပေါင်းလာတာ ကြာပြီကိုး''

``ခွေးဝဲစား… သေနာ''

``ဘာလဲ … မင်းတို့က အရင်တုန်းတည်းက မိသားစုနှစ် စုက တစ်စုတည်းလို နေခဲ့ဖူးတာဆို၊ ဒီမိန်းကကြီးလက်ပေါ်မှာ ပဲ မင်း….´´

``ချိန်း….´´

``ပြောတာတောင် မဆုံးသေးဘူး´´

``မပြောနဲ့တော့.. ဟိုးမှာ ကမာ လာနေပြီ´´

မပြာမစစ် ဗေဒါရောင် မ ဖြစ်သော ပြမ္ပိုင်းသည့် ဝတ်စုံလေးနှင့် ကမာ့ ပုံရိပ်လေးက ဘယ်ကကြည့်ကြည့် ထင်းနေသည်။

ထို့ပြင် ကိုယ်ကျပ် ဖြစ် ဖြစ် စပို့ရှပ်ပွပွလေးတွေ ဖြစ် ဖြစ် ဘယ်လိုပုံစံပဲ ဝတ်ထားထား ညွှတ်ခွေဝေ့ဝိုက်၍ ပေါ်နေသော ကိုယ်ခန္ဓာရဲ့ ကောက်ကြောင်းလေးတွေ က ပျောက်ကွယ်သွားသည်ဆိုတာ မရှိ…။

`` ကဲ… ထိုင်ကြည့်နေမှာ လား.. ပြီးပြီလား´´

``ပြီးစရာလားကွ…´´

ချိန်း က ပေါင်ပေါ်တင်ထားသည့် ကြိုးရှည်အိတ်ကို ပခုံးမှာ ကောက်ချိန်လိုက်ပြီး ထရပ်သည်။

ချိန်း ကို မြင်နေရသည့် တစ်နေရာရာမှာ ရှိနေသော ဖူး ရဲ့ မျက်ဝန်းလေးတွေ ချိန်း ဘာကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားရခြင်းကို ရှာဖွေပြီးသား ဖြစ်သွား၏ ။

မျက်ဝန်းတွေ ရီဝေမှု များ နှင့် ရင်ဘတ်ထဲမှာ ပူလောင်သွားခဲ့သည်။

``ဦးလေး….´´

``ဟေ…´´

ကားရပ်ထားပေမယ့် အလကား ထိုင်မနေတတ်သည့် ဦးချက်ကြီးက ကားကို ပွတ်တိုက်သန့်စင်နေရာကနေ ဖူး ရဲ့ ဘေးကို ချက်ချင်း ရောက်လာ၏ ။

``ဘာလဲ ကလေး…''

``လူတွေ ရဲ့ လိုလားချစ်ခင်ခြင်းကို ရအောင် ဘာလုပ်ရသလဲဟင်''

``ဟေ…''

နောက်ထပ် ဟေ… သံ ထွက်ကာ ဦးချက်ကြီး ဟိုကြည့်ဒီကြည့်တော့ ဖြစ်သွား၏။ ဒါပေမယ့် ဘာမှလည်း မတွေ့၊ ကျောင်းကိုရောက်ပေမယ့်လည်း ကားထဲက ဆင်းချင်မှ ဆင်းသည့် ဖူးရဲ့ အကျင့်ကို သိထားသဖြင့် သိပ်မထူးဆန်းသော်လည်း ထူးထူးဆန်းဆန်းတွေ မေးလာတိုင်း ခေါင်းကြီးခဲ့ရမြဲ….။

``ဦးလေ ဖြေလေ…''

``ဟို … လူချင်လူခင်ပေါ်တယ် ဆိုတာက….''

``မျက်နှာမြင် ချစ်ခင်ပါစေ ဆိုတဲ့ဆုနဲ့ မပြည့်တဲ့လူတိုင်း လူတွေ ရဲ့ ဖယ်ကြဉ်မှု ကို ခံကြရတာ ပဲလား… သူတို့အတွက် ဘာမှ ပြင်ဆင်ကြိုးစားခွင့် မရှိဘူးလားဟင်…''

ဖူး မျက်နှာလေးက တစ်ဖက်တည်းကို လှည့်ကာ မျက်ဝန်းလေးတွေ က တစ်နေရာတည်းမှာ ပဲ စူးစိုက်နေကြသည်။ ဦးချက်ကြီး မသိမသာ လိုက်ကြည့်မိတော့ ဖေဒါရောင် မိန်းကလေး တစ်ယောက် နှင့် ကောင်လေးနှစ် ယောက် ….။

ထိုသုံးယောက် ထဲက ဖူး ဘယ်သူ့ကို ခင်ချင်နေတာလဲ…၊ ခင်မင်မှု ကို အလိုရှိနေတာလား…. ချစ်ခြင်းမေတ္တာကိုလား…။

ဒီလောက်ထိ ရိုးအေးအားငယ်တတ်သော မိန်းကလေးဟာ မရိုးသားသည့် ချစ်ခြင်းကို အလိုရှိနေတာတော့ မ ဖြစ်နိုင်ဘူးလို့ပဲ မှတ်လိုက်ကာ ဖေဒါရောင် မိန်းကလေးရဲ့ ပုံစံနဲ့ တစောင်းမျက်နှာလေးကို သေချာကြည့်ထားလိုက်မိသည်။

ပြီးမှ ဖူး ဘက်ကို ပြန်လှည့်၍ …

``အတိတ်ကံချည်းပဲတော့ မဟုတ်ဘူးပေါ့ ကလေးရယ်.. `ကံ မရှိ ဉာဏ်ရှိတိုင်း မွဲ ´လို့ ဆိုရိုးရှိခဲ့သလို `ကံယုံပြီး ဆူးချုံမနင်းနဲ့´ဆိုတာလည်း ရှိတယ်လေ။ အတိတ်ကံကို ပစ္စု

ပွန်ကောင်းမှု နဲ့လည်း ဖာထေးလို့ ရတယ်´´

``ဦးလေး မြင်သလို ပြောပြစမ်းပါ၊ ဖူး မျက်နှာက တင်းတင်းမာမာနဲ့ ရှစ်ခေါက်ချ ုးထားသလို ကြည့်ရဆိုးနေလားဟင်´´

``မဟုတ်တာ သမီးရယ်... သမီးမျက်နှာလေးက ကလေးဆန်ပြီး မြင်လိုက်တာနဲ့ ဖြူစင်တဲ့သူမှန်း သိသာစေတဲ့မျက်နှာမျိုးပါ၊ ဦးလေး ညာတာမဟုတ်ဘူး... တကယ်ပြောတာ´´

``ဒါပေမယ့် ဖူး ကို ဘယ်သူမှ မခင်ကြဘူး´´

ဦးချက်ကြီး ဖူး မျက်နှာလေးကို ကြည့်ပြီး သနားသွားသည်။ ဒါဟာ ဘယ်လိုကံအကျိုးပေးလဲဆိုတာကို မသိပေမယ့် ဒီလိုခံစားချက်တွေ နဲ့ လုံးထွေးနစ်မွန်းနေသရွေ့ ဘယ်တော့မှ စိတ်ချမ်းမြေ့ခြင်းကို မရနိုင်ဘူးဆိုတာတော့ နားလည်နေမိသည်။

သို့သော် ဖူး ဆိုတဲ့ မိန်းကလေးရဲ့ ဘဝကိုက ကစားဖော် မရှိ၊ ပြု င်ဆိုင်သူမရှိသည့် ငယ်ဘဝနှင့် အထီးကျန်ကြီးပြင်းလာခဲ့ရသည် ဆိုတာ သိထားခဲ့သည်။

ဖခင် တစ်ယောက် လုံး ရှိပေမယ့်လည်း အရွယ်ကောင်းတုန်းက စီးပွားရေး နောက်ကို လိုက်ကာ ငြိမ်းချမ်းချင်ပြီဆိုတော့ နောက်အိမ်ထောင်ပြုခဲ့၏ ။

ဒီသမီးလေးအတွက် နွေးထွေးစေသည့်အချိန်ဆိုတာ ဘယ်ကာလထဲမှာ မှ မပါ...။ ရှေ့ဆက်ကြမည့် မိသားစုခရီးလမ်းမှာ လည်း အေးမလား.. နွေးမလားဆိုတာ မသေချာပေ...။

ထို့ကြောင့် ဦးချက်ကြီး ဖူး အတွက် စိတ်ဓာတ်အင်အားတွေ ပေးချင်ပေမယ့် ဘယ်ကနေ အစဆွဲထုတ်ပြီး ချည်နှောင်ရမှန်း မသိ..။

``ဖူး သွားတော့မယ်´´

အတန်းချိန် နီးကပ်နေကာမှ ဖူး ကားထဲက ထွက်သည်။ ကားထဲကနေ ကားပြင်ရောက်တာနှင့် ခေါင်းကို ငုံ့ချပြီးသား ဖြစ်ကာ ဆံပင်တိုနစ် ဖက်က

မျက်နှာတစ်ဖက်စီမှာ ပဝါနှစ် စလို အုပ်ကွယ်ပြီးသား...။

လှေကားရင်းကနေ ထိပ်ကို တစ်ချက်မော့ကြည့်လိုက်သည်။

ယောက်ျားလေးတွေ ဘေးတစ်ဖက်မှာ စုရုံးရပ်နေကြတာ မြင်တော့ တစ်ကိုယ်လုံး ပူထူကာ ပြန်လှည့်ပြေးချင်စိတ်တွေ ဖြစ်သွား၏ ။

ဒါပေမယ့် ခေါင်းကို ပိုငုံ့ပစ်ရင်း လွတ်နေသည့်တစ်ခြမ်းဘက်သို့ကပ်၍ အပြေးအလွှား တက်ခဲ့မိသည်။

``ဟင်...´´

သူမတက်မည့် ရှေ့မှာ လူရိပ်တွေ ...။

မော့ကြည့်လိုက်တော့ ခုန ကျောင်းသားတွေ ပဲ ဖြစ်ကာ လှေကားထိပ်တစ်ပြင်လုံးမှာ လူဖြန့်ပြီး ရပ်နေကြ၏ ။

ကျောခိုင်ထားရင်း စကားတွေ ပြောနေကြသော် လည်း တမင်လုပ်လိုက်တာမှန်း ဖူး စိတ်က အလိုလိုသိ၏ ။ ဒါပေမယ့် ဘာမှ မပြောရဲဘဲ ခေါင်းငုံ့ပစ်မိကာ လူနည်းနည်း ကျဲသည့်နေရာကို ရွေးလိုက်မိသည်။

ဖူး ခြေလှမ်းရွှေ့လိုက်တိုင်း လူရိပ်တွေ က မသိမသာ ပူးကပ်သွားပြီး ပိတ်ထားပြီးသား ဖြစ်သွားသည်။

ဖူး ရင်တွေ တုန်လာကာ ဒေါသလား... ငိုချင်တာလား.. မသိဘဲ တစ်ယောက်တည်း ကယ်သူမဲ့နေ၏ ။

``မင်းကလည်း အတန်းဝင်ရတော့မှာ ကို သွားမယ်လေကွာ...´´

``သွားမှာ ပေါ့ကွ.. ခြေထောက်တွေ က ရွှေ့လို့ကို မရသေးတာ၊ နေပါဦး´´

``ဒါဆိုလည်း ဒီဘက် နည်းနည်း တိုးနေပါ´´

``အေးလေ.... လမ်းမလွတ်ဘူး၊ ဒီဘက်ကို တိုး´´

ဖူး ခြေလှမ်းရွေ့လိုက်တာနှင့် ပိတ်ထားကြသဖြင့် ထုပ်ဆီးထိုးနေသည့်နယ်...။ ဆုံးဖြတ်ချက်နှင့် အတူ နောက်ပြန်လှည့်ဖို့ ပြင်လိုက်ကာမှ...

``နင်တို့က ဖယ်လိုက်ကြလေ... နောက်မှာ သူများ သွားရာ မရှိတော့ဘူး´´

ကမာ့ အသံလေးကို ကြားလိုက်ရ၏ ။

ဖူး ဝမ်းသာအားရ မော့ကြည့်လိုက်မိသည်။

``လာလေ.. .ဖူး..´´

ကမာ့ ကိုယ်လေး တစောင့်ဝင်တိုးလိုက်ကာမှ ယောက်ျားလေးတွေ က ခုမှ သိတာလိုလို ပြုံး ပြုံးလှည့်ကြည့်ပြီးဖယ်ပေးကြ၏ ။

ဖူး လက်လေးတစ်ဖက်ကို လှေကားထိပ်ကနေ လှမ်းဆွဲခေါ်ပြီး ကမာ က အတည်လိုလို ရွဲ့တာလိုလိုနှင့် ...

``လမ်းဖယ်ကြပါလို့ အော်ပြောရတယ်... ဖူးရဲ့ လူတွေ က အာရုံတွေ အရမ်းများ လာရင် မမြင်ကြ... မကြားကြတော့ဘူး၊ ပြောရရင် ကန်းကုန်ကြတာပေါ့နော်´´

``ဟာ... ကြည့်စမ်း´´

နောက်မှာ အသံတွေ တိုးတိုးတိတ်တိတ် ကျန်ရစ်၏ ။

ကမာ ကိုင်ထားသည့် လက်ပေါ်ကနေ ထပ်ဆုပ်ကိုင်ထားမိရင်း ဖူး ရဲ့ ပုံစံလေးက အားကိုတကြီး ဖက်တွယ်ထားသော ကလေးငယ် တစ်ယောက် လို...။

ဖူး လည်း ကလေးတော့ မဟုတ်ပေမယ့်...။

♥ ♥ ♥

# အခန်း (၅)

``ကမာ...´´

ခေါ်သံက ရင်းနှီးနေတာမို့ ဘေးရောက်လာသည့်လူကို လှည့်ကြည့်မိသည်။

``ချိန်း´´

``ဟုတ်တယ်.. ဒီနေ့ နောက်ကျတယ်နော်´´

``အင်း... မေမေ သိပ်နေမကောင်းတာနဲ့လေ... အောင် မပါဘူးလား´´

``မပါရင် ကိုယ် လာခွင့်မရှိဘူးလား´´

``မဟုတ်ပါဘူး ချိန်း ရဲ့ ..အောင် မပါဘဲ ဒီလမ်းထဲထိ တစ်ယောက် တည်း ရောက်နေတာ အံ့သြလို့ပါ´´

ကမာ က မိုးဖွဲလေးတွေ ကျလာတာကို မော့ကြည့်ပြီး အိတ်ထဲက ထီးထုတ်ယူလိုက်သည်။ ဖွင့်မလို့ ပြင်ပြီးမှ ဒီတိုင်း ကိုင်ထား၍ ...

``သင်တန်း လာစုံစမ်းတာလား´´

``ဟင်... ဘာသင်တန်းလဲ´´

``ရှေ့က လမ်းထိပ်မှာ လေ.. မမြင်ခဲ့ဘူးလား´´

``မမြင်ခဲ့ပါဘူး... ဒီလမ်းထဲမှာ ကိုယ် တခြားစိတ်ဝင်စားစရာ ဘာမှမရှိဘူး´´

ကမာ က ဖျတ်ခနဲ မော့ကြည့်သည်။ ချိန်း က ငဲ့ကြည့်ရင်း ပြုံး ပြကာ...

``မင်းဆီကို လာတာဆိုရင် ဘာ ဖြစ်သွားနိုင်လို့လဲ´´

``ဘာမှမ ဖြစ်ပါဘူး.. နည်းနည်း အံ့သြသွားတာပဲ ရှိတယ်။ ကားရော မပါဘူးလား´´

ချိန်းက ပြုံး လိုက်ပြီး ဘောင်းဘီအိတ်တွေ ထဲ လက်နှစ် ဖက်ထည့်သည်။

``မိန်းကလေး တစ်ယောက် က အပြစ်ထောက်စရာ ဖြစ်မှာ တွေ ကိုယ်က ကြို တွက်မိတယ်။ အဲ့ဒါကြောင့် တမင် ထားခဲ့တယ်´´

``ဩော်... လမ်းကြောင်းရှင်းတဲ့နည်းတွေ လည်း ကျွမ်းသားပဲနော်´´

``အဟွန်း.... ခြင်တစ်ကောင်နဲ့ မပိုင်ဘဲ ရိုက်လိုက်ရင် ပြဿ နာမရှိပေမယ့် ကိုယ် မြတ်နိုးနေတဲ့ ပန်းကို ခူးယူနိုင်ဖို့ဆိုရင် မပိုင်လို့ ဘယ်ရမလဲ၊ ဥပမာ... ဘယ်လိုအခက်အခဲတွေ ကို ကျော်လွှားရမလဲ၊ ဘာတွေ ဘာတွေ ဖြစ်နိုင်မလဲ၊ ပန်းကို ခူးနိုင်ပေမယ့် ကိုယ့်လက်ထဲကို မကြွေမကျ မပျက်မစီးဘဲ ပါလာအောင် ဘယ်လို....´´

``တော် ပါပြီ ချိန်း ရယ်.. ချိန်း တို့ ယောက်ျားလေးတွေ က တစ်ခုခုဆိုရင် အရှောင်အလွှဲ သိပ်ကောင်းကြတာပဲ၊ လာရင်းကိစ္စ ဘာပဲ ဖြစ် ဖြစ်ပါ.. အခု ဘယ်ဆက်သွားမှာ လဲ´´

ကားမှတ်တိုင်နားနီးလာတော့ ကမာ ခြေလှမ်းတွေ ကို နှေးချပစ်လိုက်သည်။ အတူတူ ဆက်မသွားချင်သည့် သဘောမှန်း ချိန်း က နားလည်ကာ...

``အရှောင်အလွှဲကောင်းတာက ကိုယ်မဟုတ်ဘူး ထင်တယ်´´

ကမာ က ဖျတ်ခနဲ မော့ကြည့်သည်။ ပြီးတော့ မိုးဖွဲတွေ မရပ်သေးတာကို အာရုံရောက်သွားသလို ထီးကို ခေါင်းပေါ်တင်၍ ခြေလှမ်း မြန်လို၏ ။

``ထီးဖွင့်ဆောင်းလေ..ကိုယ် လိုက်ကပ်မဆောင်းပါဘူး´´

``မဟုတ်ပါဘူး.... မှတ်တိုင်ရောက်ရင် လူတွေ ကပ်နေတော့ ပြန်ပိတ်ရမှာ ပဲလေ ´´

``ဒါပေမယ့် မိုးဖွားက စိပ်လာပြီ.. ဆောင်းလိုက်ပါ´´

``ဟင့်အင်း.....´´

ချိန်း က ကမာ့ မျက်နှာလေးကိုပဲ စိုက်ကြည့်နေသဖြင့် မှတ်တိုင်က လူတစ်ချို့ သတိထားမိသွားကြ၏ ။ ဂျင်းဘောင်းဘီရှည်၊ ကြည်ပြာရောင် ရှပ်လက်ရှည်နှင့် နက်ပြာနှင့် အပြာကွက်ရောသော ချိုင်းပြတ်ခါးတို အပေါ်ထပ်ကာ ပါသေးသည်။

ဖြူဝင်းနေသည့် မျက်နှာချောချောနှင့် ချိန်း ပုံစံက လူ သတိထားမိချင်ဖွယ် ဖြစ်၏ ။ ပြီးတော့ တိုက်ဆိုင်စွာ ကမာ ဝတ်ထားသည်ကလည်း ဂျင်းဘောင်းဘီနှင့် စပို့ရှပ် အပြာစင်းလေး ဖြစ်နေသည်။ အဖြူနှင့် အပြာ အသီးအလုံးလေးတွေ ပါသည့် ဆံကြို းအရှည်နှင့် နားမှာ အပြာရောင် း ပန်းပွင့်လေး ကပ်ပန်ထားသေးသည်။

လက်ကောက်တွေ ကအစ အရောင် အသွေးတူကာ ဖန်စီတွေ ဝတ်ထားပေမယ့် ကမာ့ တစ်ကိုယ်လုံး လင်းလက်တောက်ပနေ၏ ။

နှစ် ယောက် စလုံး လိုက်ဖက်ညီစွာ ရှိနေကြသဖြင့် ကားစောင့်နေသူတွေ အကြည့်က လမ်းကို မဟုတ်ဘဲ သူတို့ဆီမှာ ဖြစ်လာကြသည်။

ကမာ့ မျက်နှာလေးတော့ ပျက်ချင်ချင်ပါ။ ဒါပေမယ့် ဂရုမစိုက်တတ်အောင် လေ့ကျင့်ထားပြီးသည့်စိတ်က မျက်နှာကို ပြေပြစ်ခြင်းအတိုင်း ရှိနေစေခဲ့၏ ။ ထိုစဉ် ကားရောက်လာသဖြင့် ...

``သွားတော့မယ်´´

``သွားမယ်လေ´´

နှုတ်ဆက်လိုက်တာကို ခေါင်းညိတ်ပြီး ချိန်း က အတူတူ လိုက်တက်သည်။ ဒီတိုင်း ဖြစ်မှာ ဆိုတာ ကမာ တွက်မိသည်။

ရည်းစားစကားပြောဖို့ ကြိုးစားနေသူ၏ ပုံစံကို အကဲမခတ်မိနေလောက်အောင်ကိုယ် မတုံးဘူးဆိုတာ ချိန်း ကလည်း သိနေပုံပါ။

ညနေခင်းမှာ ကားကကျပ်တော့ ဘတ်စ်ကားစီးခ မရှိသည့် လူက ဟိုရှောင်ဒီရှောင်နှင့် အဝင်ဝမှာ ကျန်ရစ်ခဲ့ပြီး ကမာ အတင်းတိုးဝင်သွားသဖြင့် ချိန်း နဲ့

အလုပ်ရှုပ်ကျသွား၏ ။

ထိုစဉ် မိုးတွေ မြည် သံပေး၍ သည်းသည်းမည်းမည်း ရွာချလာသည်။ ထီးဖွင့်ကြ တန်းစီကြနှင့် ကားအတက်အဆင်းမှာ ပိုကြပ်သွား၏ ။ ချိန်း နဲ့ ကမာ ကားပေါ်ကဆင်းခါနီး ကျမှ ပြန်ဆုံ ဖြစ်ကာ...

``ထီး ကိုယ့်ကို ပေး...´´

``ရ....´´

ငြင်းမလို့ ပါးစပ်ပြင်နေတုန်း ထီးကိုဆွဲယူလိုက်ကာ သူ အရင်ဆင်းသည်။ ဟန်တစ်လုံးပန်တစ်လုံးနဲ့ ယူသွားပြီး တကယ်ဖွင့်တော့လည်း ထီးဖွင့်ခြင်းက တော် တော် နှင့် မအောင်မြင်...။

``လေလာတဲ့ဘက်ကို လှည့်ပေးလိုက် ချိန်း....´´

``ကဲ... ဆင်ပါဗျာ.. နောက်မှာ လူတွေ ဆင်းဖို့ အများ ကြီး ရှိသေးတယ်´´

စပယ်ယာ၏ စိတ်မရှည်သံအဆုံးမှာ ကမာ လှေကားတစ်ထစ်ကို ဆင်းရပ်လိုက်ရသည်။ ထိုစဉ် နောက်မှ ဘယ်လိုတိုးတိုက်ပစ်လိုက်မှန်း မသိဘဲ ခြေခိုင်ခိုင်မရပ်လိုက်ရဘဲ အောက်ထိ ခုန်ဆင်းချလိုက်သလို ဖြစ်သွား၏ ။

``အား....´´

ထီးဖွင့်နေသည့် ချိန်း ရဲ့ ပခုံးကို အရှိန်နှင့် သိမ်းကျုံး ဖက်လိုက်သည်။ အားလုံးထံမှာ အာမေဋိတ်သံတွေ ထွက်လာကြစဉ် ထီးတစ်ဖက်နှင့် ချိန်းနဲ့ ကမာ ဒယိမ်းဒယိုင်တွေ ဖြစ်လို့ကောင်းတုန်း...။

``ဆောရီး ချိန်း ရယ်... နောက်က တွန်းလိုက်လို့´´

တစ်ယောက် ကို တစ်ယောက် ထိန်းဖက်ထားမိကြသည့်ပုံစံနှင့် မိုးရေတွေ လည်း စိုကုန်ကြ၏ ။

``ခဏလေး ... ခဏလေး... ရပြီ´´

ချိန်း က ကမာ့ ပခုံးလေးကို ရင်ခွင်နဲ့ဆွဲကပ်ထားကာ ထီးဖွင့်လိုက်သဖြင့် ကမာ သူ့ရင်ခွင်ထဲမှာ အဖက်ခံထားရသလို ဖြစ်သွား၏ ။

သွားပြီ....။ ဒီပတ်ဝန်းကျင်မှာ ကိုယ့်ကိုသိတဲ့ တစ်ယောက် ယောက် များ ရှိနေရင်...

``လာ.... သွားမယ်´´

ချိန်း လည်း ကားမထွက်သေးခင် ကမာ့ ပခုံးလေးကိုဖက်၍ ချက်ချင်း ထွက်၏ ။ နှစ် ယောက် စလုံး ပလက်ဖောင်းပေါ် ရောက်ကြကာမှ....

``ဆောရီးနော်.. ရော့...´´

ဖက်ထားသည့်လက်ကို ဖြုတ်၍ ကမာ့ လက်ထဲကို ထီးထည့်ပေးသည်။ မျက်နှာတစ်ပြင်လုံးလည်း နီမြန်းနေကာ...

``သွားတော့မယ်´´

``ချိန်း....´´

ချိန်း က ထီးပြင်ရောက်သွားပြီမို့ ကမာ က ထီးမိုးပေးလိုက်ပြီး အနားတိုးကာ...

``ဆိုင်ရှေ့ထိ လိုက်ခဲ့တော့လေ... ကားလည်း မပါဘဲ ဒီထီး ယူသွားပေါ့´´

စေတနာက ရှေ့ရောက်သွားပေမယ့် မျက်လုံးချင်းဆုံတော့လည်း မျက်လွှာချပစ်မိသည်။ ပြီးတော့ လက်တစ်ဖက်နှင့် ရေစိုနေသည့် ဆံပင်တွေ ကို ဖွပစ်မိလိုက်.. ဆွဲချမိလိုက်နှင့်....

``ဆိုင်ထိ လိုက်တာကို မင်းမကြိုက်ဘူးမို့လား၊ ရပါတယ်.... စိုနေပြီးသားပဲ´´

``အို.... မဟုတ်ဘူးလေ... ဆက်သွားစရာရှိသေးတယ်မို့လား၊ တအား ရွှဲသွားလိမ့်မယ်´´

``မရှိပါဘူး... ကိုယ် မင်းဆီကို လာတာ´´

``ဟင်...´´

မျက်လုံးချင်းဆုံသွားလျှင် ကမာ မျက်နှာလွှဲမပစ်ခင် ထိးကိုင်ထားသည့်လက်လေးကို ချိန်း ကထပ်ဆုပ်ကိုင်လိုက်ကာ...

``မသိချင်ယောင် ဆောင်မနေပါနဲ့ကွာ... ကိုယ် မင်းကို ဘယ်လောက်ထိ...´´

``ချိန်း...´´

ကမန်းကတန်း ဖြတ်ခေါ်လိုက်မိတာ ကိုယ့်ကိုယ်ကို ဘာ ဖြစ်သွားမှန်းတောင် မသိ....၊ ထိုစဉ် မိုးတွေ သည်းမည်းစွာ အားကောင်းလာကာ ပတ်ဝန်းကျင်တစ်ခုလုံးပါ မှုန်ဝါးသွား၏ ။

ချိန်း က ကမာ့ လက်ခုံကလေးကနေ လက်ကောက်ဝတ်လေးကိုပါ ဆုပ်ကိုင်လိုက်ပြီး နဖူးနားထိ မျက်နှာတိုးကပ်၍ ...

``အရမ်းချစ်တယ်´´

ကြည့်စမ်း....။

ရည်းစားစကားပြောတာ မိုးတွေ သည်းနေတဲ့လမ်းပေါ်မှာ ...။

ကမာ ပြုံး လိုက်မိကာ ကျောပြင်မှာ ရေတွေ စိုရွှဲနေပြီမို့ ထီးကို ပို၍ နိမ့်ချလိုက်ရသည်။ ချိန်း က မိုးသံကို ထွင်းဖောက်လာအောင် နားနားမှာ ကပ်ပြောတော့ ထီးကိုင်ထားသည့်လက်တို့သာ ခြားနားနေခဲ့ပြီး ရင်ဘတ်ချင်းက ထိကပ်တော့မတတ်...။

``ဘယ်သူမှ မမြင်တော့ဘူး တွေ့လား... ပျော်စရာကြီး...။

``ချိန်း... နော်´´

သူ့မျက်နှာက ပါးပြင်လေးနားမှာ ဝေ့ဝဲနေသဖြင့် ကမာ အတင်းငုံ့ကာ ပခုံးတွေ ကျုံ့နေမိ၏ ။ ဘေးကနေ အပြေးတစ်ပိုင်း ဖြတ်ကပ်သွားတဲ့သူတွေ ရှိပေမယ့်

လေတိုက်ရာကနောက်ကို ထီးပါမသွားအောင် ထိန်းကြ၊ သုတ်သုတ်လျှောက်ကြနှင့် ကိုယ့်ဇောနဲ့ကိုယ်...။

အမြဲတမ်း ပတ်ဝန်းကျင်ကို ထည့်တွက်ဆင်ခြင်နေရသမျှ မိုးရဲ့ ကျေးဇူးကြောင့် ချိန်း တို့ လမ်းမကြီးဘေးမှာ ရင်ခုန်သံတွေ နဲ့ အပျော်လွန်ခွင့် ရသွား၏ ။

``သွားရအောင် ချိန်း...´´

``ခဏနေပါဦး´´

``ဟင့်အင်း...´´

``မိုးတွေရွာနေပြီပဲကွာ... ဘာမှ မထူးတော့ပါဘူး၊ ခုန ကိုယ်ပြောလိုက်တာ ကြားတယ်မို့လား´´

``မကြားဘူး´´

``ဟွန်း...´´

ချိန်းက ရယ်လိုက်ပြီး...

``ကြားတယ်ဆိုရင် အေးအေး ပြန်သွားမလို့ပါ၊ မကြားဘူးဆိုတော့ ထပ်ပြောရဦးမှာ ပေါ့´´

``ဟင်´´

``ဒီမှာ ... မင်းကို အရမ်းချစ်....´´

``ချိန်း...´´

ကမာ လန့်ဖျန့်ကာ ချိန်း အင်္ကျီလက်မောင်းစကို အတင်းဆွဲလှုပ်ပစ်မိသည်။ ပါးစပ်ကြီးဖြဲအော်ရင်း မျက်နှာပေ့ထားရာကနေ ချိန်းက စပ်ဖြဲဖြဲနှင့် ....။

``ဘာလဲ မကြားဘူးဆို...´´

``ချိန်း နော်.. သတိမထားမိတဲ့သူတွေ ထားမိကုန်အောင် ဘယ်လို ဖြစ်နေတာလဲ
''

``မင်းကို အရမ်းချစ်နေတာတွေ ဒီနေ့ဖွင့်မပြောရရင် ဘယ်ဘက်ရင်အုံမှာ မီးထတောက်နိုင်တယ်''

``သေလိုက်ပါလား...''

ယိမ်းယိုင်လွင့်ပါသွားချင်နေသည့် ထီးကို ထိန်းကိုင်နေရင်း သူ ထပ်ဆုပ်ထားသဖြင့် ကမာ့ လက်ကလေး နာကျင်နေမှာ ကို သတိထားမိကာ...

``လက်ကို အရင်ဖယ်...''

ဆိုပြီး သူကိုယ်တိုင် ဖယ်ချပစ်လိုက်သည်။ ပြီးတော့ သွေးခြည်ဥသလို နီရဲနေသည့် လက်ဖဝါးလေးကို တစ်ဖက်နဲ့ ပြန်ဆုပ်ထားလိုက်ရင်း...

``နှစ် နှစ် တောင် ရှိပြီကွာ... မသိချင်ယောင် ဆောင်နေဦးမှာ လား''

``သွားမယ်...''

``ကမာ....''

ကမ ကအတင်းလှည့်ထွက်သွားတော့ ချိန်း က ဘေးမှာ ပခုံးချင်းထပ်လျက် ကပ်ပါလာကာ...

``စဉ်းစားပေးနော်.. မနက်ဖြန် ကျောင်းမှာ စောင့်နေမယ်...''

သူ ဒီတိုင်း ပြေးထွက်သွားတော့လည်း ကမာ သမင်လည်ပြန် လိုက်ကြည့်မိပြန်သည်။ မိုးရေထဲမှာ ပျောက်ကွယ်သွားသဖြင့် ဘယ်ဘယ်ကို ဘယ်လိုထွက်သွားလိုက်မှန်းတောင် ကြည့်လို့မရတော့ပေ။

မနက် ဖြစ် ဖြစ် ဖြစ်..ဘယ်အချိန် ဖြစ် ဖြစ် ရှင်ဟာ ကျွန်မအတွက် မစဉ်းစားသင့်တဲ့သူပဲ ချိန်း.။

♥ ♥ ♥

## အခန်း (၆)

``ကား ယူမသွားဘဲနဲ့ ဘာလဲ.. ကလေးတွေ ကို မိုးရေထဲမှာ ဘောလုံးကန်လာတာလား´´

အလုပ်သွားခါနီး သား ဖြစ်သူကို လူမမာဝင်မေးသည့် ဒက်ဒီ့မျက်နှာက မတည်မပြုံး နှင့် အကောင်းပြောသလိုလို ရွဲ့တာလိုလို...။

``အဲဒါ ရှင့်သားက သင်တန်း သွားပါမယ် အတင်းလုပ်နေတာ...´´

``ညနေဆို မိုးရွာတတ်တာ မသိဘူးလား၊ သင်တန်းက ခုမှ ဘာ အရေး ကြီးနေတာလဲ´´

လင်မယားနှစ် ယောက် မေးဖြေနေကြပြီး မျက်လုံးတွေ က ချိန်း မျက်နှာပေါ်မှာ ပဲ ဖြစ်ကာ....

``ပြောစမ်းပါဦး... မိုးရေထဲမှာ သွားလာ ဖြစ်ခဲ့ရတဲ့အကြောင်း....´´

ဆွဲထားသည့်အိတ်ကို စားပွဲပေါ်မှာ တင်၍ ဘေးမှာ ထိုင်လိုက်တဲ့အထိ ဒက်ဒီ့ စကားလုံးတွေ ထဲမှာ စိုးရိမ်ကာ သိပ်မပါသေးဘူး ထင်သည်။

``တစ်ခါတစ်လေ လမ်းလျှောက်သွားချင်လို့ပေါ့ ဒက်ဒီ၊ ဟိုနား ဒီနားသွားရင်းနဲ့ ဝေးဝေးလံလံ ရောက်သွားတာရော မ ဖြစ်ရတော့ဘူးလား...´´

ဦးထွန်းထွန်းက သွားတွေ ပေါ်အောင် ရယ်လိုက်ပြီး ခေါင်းညိတ်သည်။

``ဟိုနားဒီနား ဖြစ် ဖြစ်... ရန်ကုန်တစ်မြို့လုံးကိုပဲ ပတ်နေနေကွာ၊ မိုးရွာလာရင် မိုးမစိုအောင် ဝင်ခိုနေလို့ မရဘူးလား´´

အိပ်ရာထက်မှာ ခပ်လျှောလျှောမှီနေရင်း ချိန်း မျက်နှာက မှုန်ကုတ်ကုတ်...။

``ဆိုင် တစ်ဆိုင်ဆိုင်ဆိုလည်း ဖြစ်တယ်၊ ပလာဇာ မားကတ် အင်တာနက်ဆိုင် လမ်းဘေး လက်ဖက်ရည်ဆိုင်တွေ လည်း ပေါမှပေါ၊ နောက်ဆုံး ကွမ်းယာဆိုင် ခေါင်မိုးစွန်းလေးမှာ ဖြစ် ဖြစ်...´´

``ခေါင်မိုးစွန်းလောက်ကို စာမဖွဲ့နဲ့ ဒက်ဒီ၊ အဲဒီ နေ့က မိုးက တံခါးဖွင့်ထားမိတဲ့ အိမ်တွေ ဆို အိမ်ထဲမှာ တောင် တစ်အိမ်လုံး ရွှဲတာ၊ လမ်းဘေးအနိမ့်ပိုင်းက တိုက်တွေ လည်း ရေတွေ ဝင်တာပဲ၊ လေရော မိုးရော ကြီးခဲ့တာ ဒက်ဒီ သိရက်သားနဲ့´´

``အဲဒီ အချိန်မှာ မင်း မျက်စိအောက်မှာ ရှိမနေပေမယ့် ငါ့သားလေး မိုးလုံလေလုံတစ်နေရာရာမှာ ရှိနေမှာ ပဲလို့ ဒက်ဒီတို့က တွက်ထားတာ၊ ကားမပါလို့ မိုးခိုစရာ မလုံခြုံလို့ ဘာ ဖြစ် ဖြစ် အိမ်ကို ဖုန်းလှမ်းလိုက်လို့ မရဘူးလား´´

``ဖုန်းမှ ပါမသွားတာ´´

``လူတိုင်း ဟန်းဖုန်းကိုင်ကြတာမှ မဟုတ်ဘဲကွ.. မြို့လယ်ခေါင်မှာ ဖုန်းဆက်လို့ မရတဲ့နေရာ မရှိပါဘူး´´

``ဒက်ဒီက ကျွန်တော် ဘယ်ရောက်နေတယ်ထင်လို့ လှည့်ပတ်မေးနေတာလဲ´´

“ငါ့သား ဘယ်ရောက်နေတာကို ဒက်ဒီ စိတ်မဝင်စားပါဘူး၊ကိုယ့်ကိုယ်ကိုယ် မိုးမီမခံနိုင်တာ သိရက်နဲ့ဒီလောက်ထိ တစ်ညနေလုံး ရေစိုနဲ့နေခဲ့တာကို သိချင်တာ... ဘာကိစ္စတွေ အရေး ကြီးနေသလဲ....

ချိန်း မျက်နှာငုံ့သလို လွှဲသလိုနှင့် ဆံပင်သပ်မိသည်။ မိဘနှစ်ပါး၏ မျက်စိအောက်မှာ အပြစ်ပြုမိထားသူအ ဖြစ် ရှိနေရသည့် ဒုက္ခက တကယ့်ကို အီလည်လည်.....။

“မိုးနည်းနည်း မိတာတောင် ဖျားတက်တဲ့ဟာ”

“ငယ်ငယ်တုန်းကပါ မာမီရာ.. ကျွန်တော် ကလေးမှမဟုတ်တော့တာ”

"ဟုတ်ပ....မှန်လိုက်တာ မာမီ့သားရာ...အဲ့ဒါကြောင့် မင်းကိုယ်မင်း သိပြီဆိုတော့ ကျောင်းလည်းပြီးတော့မယ်... အိမ်ထောင်ပြုဖို့..."

"နေဦး လတ်...အိမ်ထောင်ရေး ဆိုတော့ မင်းငါ့ကို ဦးစားပေးရလိမ့်မယ်"

"ဟင်...ဘာကိုလဲ"

ဦးထွန်းထွန်းက သူ့ကို စူးစိုက်ကြည့်နေသည့် ချိန်းမျက်နှာဘက်ကို မျက်လုံးဝေ့ပြီးမှ ဒေါ်မီမီလတ် ဆီ ပြန်လှည့်၍ ...

" ငါ့မိတ်ဆွေ တစ်ယောက် က သူ့သမီးနဲ့သားကို ကမ်းလှမ်းထားတယ်"

"ဟာ ဒက်ဒီ"

"ဘယ်လို...ရှင့်မိတ်ဆွေ..ဟုတ်လား"

နှစ်သံ ထွက်လာတော့ ဦးထွန်းထွန်းက နှစ်ယောက် စလုံးကို ဝေ့ကြည့်၍ ....

" ဟုတ်တယ်....ငါ့ရဲ့ အကျိုး တူလုပ်ငန်းရှင်ပဲ၊ ဒါပေမယ့် ဟိုတုန်း ကတော့ ငါတို့က သူနဲ့ မကင်းရာမကင်းကြောင်း အမှီသဟဲပြုခဲ့ရတာ ။ သူ့အကူအညီနဲ့ အများ ကြီး အကျိုး ရှိခဲ့တယ်၊ စိတ်ရင်းကောင်းပြီးဖြောင့်မက်တဲ့သူပါ"

"ဒက်ဒီ ..ဒက်ဒီအပေါ် ကျေးဇူးရှိခဲ့ဖူးတာနဲ့တော့..."

" ချိန်း"

ဦးထွန်းထွန်းက မျက်မှောင်ကုတ်သွားလျက်....

"ကျေးဇူးရှိခဲ့ဖူးတဲ့သူအ ဖြစ် ဒက်ဒီ ညွှန်းပြနေတာ မဟုတ်ဘူး ဒက်ဒီတို့ လေးစားခဲ့တဲ့ မိတ်ဆွေ တစ်ယောက် အနေနဲ့ ပြောပြတာ"

"ဘယ်သူများ လည်း ကိုထွန်း ...သမီးရှင်ဘက်က စပြောတယ်ဆိုကတည်းက ရှင်တို့ဘယ်လောက်ထိ ရင်းနှီးပွင့်လင်းနေကြလဲဆိုတာ လတ်တွက်မိပါတယ်၊အဲ့ဒီ လူကို လတ် မသိရဘူးလား"

“ဟုတ်တယ်..ငါတို့တအားရင်းနှီးပေမယ့် မင်းနဲ့ ဆုံ ဖြစ်တဲ့အထိ မကြို ခဲ့ဘူးထင်တယ်၊ နောက်တော့ တွေ့ကြရမှာ ပေါ့ကွာ၊လောလောဆယ် မင့်သားကို သတိပေးချင်တာ”

ချိန်း ဘက်ကို ပြန်လှည့်လိုက်သည်နှင့် ခေါင်းခါနေသည့်မျက်နှာက ပလုပ်တုတ်မျက်နှာထက် ပိုသွယ်နေ၏ ။

“ ဒါ ကတော့ မမိုက်ဘူး ဒက်ဒီရာ.. လူကြီးချင်းဒ ရင်းနှီးတာနဲ့ပဲ ဘာမှမသိတဲ့လူငယ်နှစ်ယောက် ကို ပေးစားတာ တကယ် ရက်စက်တယ်၊ ကျွန်တော် ကတော့ နိုးပဲ”

“နိုးလို့ မရဘူး”

ဦးထွန်းထွန်းက ယတိပြက်ပြောပြီး နေရာမှ ထရပ်သည်။

“ ဟိုကိုလည်း စကားတွေ ဘာတွေ လွှန်ထားလို့ မဟုတ်ဘူး၊ပေးကို ပေးစားမှာ မျိုး လည်း မဟုတ်သေးဘူး၊ ဒါပေမယ့် မင်းရည်းစားမထားရဘူး”

“ဟား!...”

ချိန်း မျက်နှာ မဲ့ရွဲ့ စုတ်သပ်ခြင်းတွေ စုံလျက်....

“ တကယ် ဆုံးဖြတ်ရဖို့ ရှိလာတဲ့အခါ မင်းနဲ့ ဒက်ဒီတို့ အဆင်မပြေတာတွေ မ ဖြစ်ရအောင် ကြိုသတိပေးထားတာ”

ဦးထွန်းထွန်း ထွက်သွားသော တော့ ဒေါ်မီမီလတ် မျက်မှော င်ကုတ်၍ တွေ းနေဆဲမို့ ချိန်း ဖြစ်ပျက်နေတာကို သတိမထားမိ...။

ခေါင်းထဲမှာ ဦးထွန်းထွန်း ပြောသည့်လူက ဘယ်လောက်ချမ်းသာလို့လဲဆိုတာအပြင် သူ့သမီးက ဘယ်လောက်တော် လို့လဲဆိုသည့် မေးခွန်းတွေ လည်း ဖြစ်နေသည်။

ချိန်း ကတော့ ကမာနဲ့သာ လက်ထပ် ပေါင်းဖက်နိုင်အောင် ဘယ်လိုလုပ်ရမလဲ

မျက်လုံးစုံမှိတ် တွေ းနေလျက်...။

ကိုယ်ချစ်တာ ကိုယ်ယူကြေး.....။

♥ ♥ ♥

## အခန်း (၇)

ကန်တင်းမှာ သုံးယောက် ထိုင်ကြတော့ သူတို့မျက်နှာတွေ တစ်မျိုး ပါလားလို့အောင် ချက်ချင်း ရိပ်မိသည်။ ချိန်း ပုံစံက တစ်စုံတစ်ရာကိုပဲ ဦးတည်ပြောချင်နေတာမျိုး ဖြစ်ကာ ကမာက မျက်နှာလေး ပျက်သွားသလို ဖြစ်လိုက်... ဘာမှမဟုတ်သလို ပြောဆိုမပျက်ရှိနေလျက်...

“ အတန်းချိန်နီးပြီ...ငါ သွားတော့မယ်ဟာ”

ကမာ နာရီလေးကြည့်ပြီး ထရပ်ကာမှ ချိန်းပျာပျာသလဲ ဖြစ်ကာ မမျိုနိုင်၊ မအောင့်နိုင်...။

“ လိုပါသေးတယ် ကမာ... ခဏနေပါဦး”

“ ဟုတ်တယ်..ဒါပေမယ့် သူငယ်ချင်း တစ်ယောက် က အတန်းထဲမှာ သူငယ်ချင်း သိပ်မရှိဘူး၊ သူက တို့ကိုပဲ မျှော်နေတာ...”

“ သူငယ်ချင်း မရှိတော့လည်း ရှိတဲ့လူနဲ့ ပြောဆိုနေမှာ ပေါ့၊ မင်း တစ်ယောက် တည်းရှိတာမှ မဟုတ်တာ”

တကယ့်ကို ကိုယ် တစ်ယောက် ပဲ ခေါ်ပြောမယ့်သူ ရှိတာပါလို့ ပြောလိုက်လျှင် ယုံမည် မထင်..၊ ကမာ ပြန်မထိုင်တာနှင့် သုံးယောက် စလုံး ထထွက်ခဲ့ကြကာ...

“ကိုယ်ကျောင်းသုံးရက်ပျက်သွားတာ မင်းပျော်နေလား ကမာ”

ကမာကသူ့ကို ကြည့်ပြီးမှ အောင့်ဆီရောက်ကာ ဘာမှမပြောဘဲ မျက်နှာငံ့ပစ်၏ ။အောင်ကလည်း သူ မသိသေးသည့် ကိစ္စပေမယ့်အရှိန်၏ သက်ရောက်မှု ကို နားလည်လိုက်ကာ မသိမသာ နောက်ချန်နေလိုက်၏ ။ကမာ ခေါင်းခါပြီး ဘာပြောနေမှန်းမသိဘဲ သိပ်မကြာခင်မှာ ဘဲ အတန်းတက်သွားသည်။

" မင်းတို့က ဘယ်တုန်းက ဘယ်လိုတွေ ချိတ်မိတွယ်မိကုန်တာလဲ"

နဖူးပွတ်ရင်း မအီမလည် ကျန်ရစ်သူကိုမေးမိသည်၊ ချိန်းက ကမာထွက်သွာတဲ့ဆီ လှမ်းကြည့်ရင်း...

" ငါ ကတော့ ချိတ်မိတွယ်မိရုံမကတော့ဘူး အချစ်ဆိပ်တက်နေပြီး ဖြေဆေး အချိန်မှီမရရင် ဂေါက်သွားနိုင်တယ်"

"သိတယ်...မင်းမျက်နှာကြီး မြင်ကတည်းက ၊မင်းဖွင့်ပြောလိုက်ပြီလား... ဘယ်တုန်းကလဲ"

ချိန်း က ချက်ချင်း မချိုမချဉ်မျက်နှာ ဖြစ်သွားကာ ရင်ထဲကအကြောင်းတွေ ပြောမကုန် ဖြစ်လျက် လေလည်းရောကာ မိုးလည်းပါ၏ ။

အားကျသွားသလို ဖြစ်လိုက် တအံ့တသြ အထင်တကြီး ဖြစ်သွားလိုက်နှင့်အောင် မျက်ခုံးတွေ ပင့်ရင်း နားထောင်ကာ ပြီးတော့မှပဲ ထိုမျက်ခုံး နေရာကျလေသည်။

" ဒါကြောင့် မင်းအရေး ပေါ် ပြေးရမလို ဖြစ်သွားတာကိုး...အံ့ရောကွာ..."

" ဟွန်း"

ချိန်းရယ်နေတာကို အနားက ဖြတ်သွားသည့်ကောင်မလေးနှစ်ယောက် က မျက်တောင်မခက် ကြည့်သွားကြ၏ ။ လွန်သွားတော့ ရယ်သံလေးတွေ ထွက်လာကာ နောက်ပြန်လှည့်ကြည့်ပြီး ဘာတွေ ပြောကြသည် မသိ...။

ပန်းနုရောင် ရှပ်အကျီလက်တို၊ အနက်နှင့် ဆင်ဆင်တူသော နီညိုရောင်

ကွက်စိပ်ပုဆိုးနှင့် ချိန်းသည်နီမြန်းသည့်နုတ်ခမ်းတွေ ကြောင့် မျက်နှာချောချောက ထင်းနေသည်။

အရပ်မြင့်သလောက် လမ်းလျှောက်ပုံက ဆွဲဆောင်မှု ရှိနေ၏ ။

ကိုယ့်လူကို ပြန်ကြည့်ရင်း အောင်သက်ပြင်းရှိုက်မိသည်။ ချိန်း ကို ကမာ ပြန်ချစ်သွားမယ်ဆိုလည်း အပြစ်မဆိုသာပါ....။

ကမာ့ကိုမှ ချိန်းက စွဲလမ်းပါသည်ဆိုတာလည်း မယုံနိုင်စရာမရှိ...။ သူတို့နှစ်ယောက် ဟာ အလိုက်ဖက်ဆုံး စုံတွဲ ပဲလို့ ချိန်းကချစ်နေတာကို သိထားတဲ့ တချို့ ကလည်း ပြောကြသည်။

သူ့အနေနဲ့က ကမာ့ကို မရိုးသားစိတ် ဖြစ်ခဲ့ရင်တောင် ရေ့ဆက်ကြိုး စားဖို့ စိတ်ကူးတွေ မ ဖြစ်ခဲ့ဖူးတာမို့ ဒါကို သဝန်တိုခြင်း ဖြစ်ဖို့မရှိ....။သူတို့နှစ် ယောက် ချစ်သူတွေ ဖြစ်သွားရင်တောင် ဆုံစည်းဖို့ မလွယ်ဘူးဆိုတာ ကတော့ ချိန်းက ချစ်နေတယ်ဆိုကတည်းက သူတွေ းမိနေခဲ့တဲ့အချက်တစ်ချက်...။

ချိန်း လည်းအစက မတွေ းခဲ့မိရင်တောင် ခုတော့ နားလည်နေမှာ ပါ။ဘာ ဖြစ်လို့လဲဆိုတော့ မိဘတွေ က သဘောတူဖို့ မိန်းကလေးရှိတဲ့အကြောင်း ကြေညာလိုက်သည်ဟု ဒီမနက် ကျောင်းမှာ ဆုံမိကြကတည်းက ချိန်းပြေပြခဲ့သည်။ ပြောနေတုန်း ကတော့ မျက်နှာမှာ heat တက် နေတဲ့အရှိန်က မီးထတောက်တော့မယ့်အတိုင်း...၊ခုကျတော့ ဘယ်လိုမျက်နှာလို့ ပြောရမှန်းတောင် မသိ...။

ကမာ့ မျက်နှာလေး မြင်လိုက်ရတာ ကိုပဲ သေရကျိုး နပ်ပါပြီလို့ အောင်တော့မလိုလို...။

♥ ♥ ♥

# အခန်း (၈)

"ဘာ ဖြစ်လို့လဲ ဖူး.."

မေးလိုက်တော့ ခေါင်းခါပြသည်။ စာသင်နေကတည်းက ဖူး ဆီကနေ အသံတစ်မျိုး ထွက်ထွက်လာသလို ထင်လိုက်သဖြင့် ကမာ လှည့်ကြည့်မိတာခဏခဏ...။

ခုလည်း စားပွဲနဲ့ မျက်နှာ ထိမတတ် ငုံ့ချထားလျက် လက်တစ်ဖက်က စာအုပ်ဖွင့်ထားသည့်ပေါ်မှာ ဘောလ်ပင်နဲ့ကိုင်လျက်ရှိကာ တစ်ဖက် က ဗိုက်ကို ဖိနှိပ်ထား၏ ။

" ဖြစ်နေပါတယ်... ဗိုက်နာနေတာလား... အိမ်သာသွားချင်လို့လား၊ တို့ကိုပြောလေ"

" ဟင့်အင်း..."

ခေါင်းသာခါနေသည်၊ လူက ကွေးကောက်လုလု ဖြစ်နေ၏ ။ ဖူး ရဲ့ ဆံပင်တစ်ဖက်ကို သပ်တင်ပြီး မျက်နှာကို မြင်ရအောင် ငုံ့ကြည့်မိ၏ ။

ချွေးတွေ ပြန်နေတာ စိုလက်နေသဖြင့် ဘာ ဖြစ်တာလဲဆိုတာ ကမာ နားလည်သွား၏ ။

" ဘာ ဖြစ်နေတာလဲ...ဟိုတစ်ယောက်"

မွှေးက လက်တို့မေးပေမယ့် ဖူးကို ကြည့်ပုံက စောင်းချိတ်ချိတ်မျက်နှာနှင့်..

" ဗိုက်နာနေတာ ထင်တယ် ..သူ မသွားရဲလို့ ဖြစ်မယ်..ငါ လိုက်ပို့လိုက်ဦးမယ်"

" မသွားရဲတာ မဟုတ်ဘူးလေ..မပြောရဲတော့တာ၊ဟွန်း..လူဆိုတာ အလှည့်ဆိုတာ ရှိတယ်ဟ၊ ငါ အဲဒီ လို ဖြစ်တုန်းက အနားမှာ သူငယ်ချင်းတွေ မရှိလို့ သူ့ကိုခေါ်တာလေ အမလေး ...ခေါင်းခါလိုက်တာ ခါးခါးသီးပဲ၊တော် သေးတယ်..ထွက်မကျခင် သဲတို့ရောက်လာလို့..."

ဟိုဘက်ကနေ သဲကလည်း ငုံ့ကြည့်ကာ...

“ အဲဒီ လိုလူမျိုး ပေါ့ဟ.. သေရင်တောင် ဆွဲချမယ့်လူ ရှိမှာ မဟုတ်ဘူး၊ အသုဘဘဝရောက်ရင်လည်း ပို့မယ့်သူမရှိတဲ့ မသာ ဖြစ်မှာ ပဲ”

“ ဟဲ့..ဘာ ဖြစ်နေလို့လဲ”

ရှေ့တန်းကနေ လှည့်မေးတော့ ကမာမဖြေ ဖြစ်တော့ပေ။ မွှေးတို့ ကတော့ တက်ညီလက်ညီ မဲ့ရွဲ့လို့ကောင်းတုန်း...။

“အား..”

ကြိတ်မှိတ်လိမ့်ခံရင်း ခပ်သဲ့သဲ့ထွက်လာသည့် ညည်းသံကို ထပ်ကြားရကာ ဘယ်သူတွေ ဘာပြောပြော ကမာ မနေရက်တော့ဘဲ ဖူးလက်လေးကို ဆုပ်ကိုင်၍ ...

“ ထပါ ဖူးရယ်..ဗိုက်နာနေတာကို ဘယ်လိုလုပ် အောင့်နိုင်မှာ လဲ၊ အဲဒါ အန္တရာယ် ဖြစ်တက်တယ်..ထ..ထ..ငါ လိုက်ခဲ့မယ်”

“ ဟင့်အင်း..ရ..တယ်...”

ဖူး ခေါင်းခါလိုက်သော် လည်း ဘောလ်ပင်နဲကိုင်ထားသည့်လက်က လက်သီးဆုပ်လေး ဖြစ်သွားကာ ဘောလ်ပင်နဲက စာအုပ်ပေါ်မှာ တလိမ့်လိမ့် ပြေးလွှားရင်း ကြမ်းပေါ်ကို ဒေါက်ခနဲ ခုန်ဆင်း၏ ။

“ ကဲ..ထပါ၊တီချယ့်ကို ငါပြောပါ့မယ်..ထပါ ဖူးရယ်..”

“ အမလေးဟယ်..သူ အောင့်နိုင်လို့နေမှာ ပေါ့၊ ထားလိုက်စမ်းပါ”

“ အဲဒါပေါ့ `ထင်းခွေမကြုံလည်း ရေခပ်တော့ ကြုံမှာ ပါ’ဆိုတာလေ..ချမ်းသာတိုင်းပဲ only one နေလို့ ရသလား”

“ ရချင်ရမှာ ပေါ့ဟ..အနားမှာ ဘယ်သူမှ မရှိလည်း ကိုယ်ဆိုတာ ကိုယ်စား ဟီး..ဟီး...”

ပြောချင်တာပြောကြပစေ...ဖူး လက်လေးကို ဆွဲထုတ်လာခဲ့မိ၏ ။

လက်သီးဆုပ်လေးက ချွေးစေးတွေ စိုရွှဲကာ အေးလည်းအေးနေသည်၊ တုန်လည်း တုန်နေ၏ ။

ပြီးတော့ ကမာ့ လက်မောင်းတစ်ဖက်ကို ကလေးလို ဖက်တွယ်လိုက်ခဲ့ရင်း ဖူး ငိုရှာသည်။

" သက်သာသွားပြီလား..အိမ်သာတက်ချင်လို့ ဗိုက်အောင့်တာနေမှာ ပါ၊ငါက နင်ပြန်ထွက်လာတဲ့အထိ ဗိုက်အောင့်နေသေးရင် အိမ်ပြန်ပို့ပေးဖို့ စဉ်းစားနေတာ"

" ကျေးဇူးတင်ပါတယ် ကမာရယ်.."

လိုက်လိုက်လဲ့လဲ့ ပြော၍ နဖူးမှာ ချွေးနဲ့ကပ်တွယ်နေသည့် ဆံပင်တွေ ကို ဖယ်ရှားရင်း ပြုံး ပြသည်။ မျက်ရည်လက်ကျန်တွေ က အိမ်သာထဲမှာ ဆက်လက်ငိုကြွေးထားခဲ့မှန်း သိသာလျက်....

" ငါလေ.. ငါ သူတို့ခေါ်တုန်းက မလိုက်ချင်လို့ မဟုတ်ရပါဘူး ကမာရယ်..."

ပတ်ဝန်းကျင်မှာ လူသူကင်းရှင်းနေတော့ ဖူး မျက်နှာလေး မော့၍ စကားပြောဖော် ရလာ၏ ။

"ငါ့ကို နင်ပဲ နားလည်ပါတယ်... နားလည်ပေးပါဟာ၊ ငါလေ...တစ်ခန်းလုံး လူတွေ ထိုင်နေကြတဲ့အထဲကနေ မက်တပ်ထရပ်လိုက်တဲ့အချိန်မှာ မျက်နှာတွေ စုပြုံ လှည့်ကြည့်လာကြမှာ ကို အရမ်းကြောက်တယ်၊ငါ့ရဲ့ ကောင်းခြင်း၊ မကောင်းခြင်း ဘာ ဖြစ် ဖြစ် နောက်ကျောကနေ ပြောနေကြမှာ ကို ရှက်တယ်..."

"မျက်နှာတည့်တည့်ကြည့်ပြောနေတာတွေ ကိုလည်း နင်ခံနေရတာ ပဲမို့လားဖူးရယ်.."

"ဟုတ်တယ်..ခံနေရတယ်၊ဒါပေမယ့် ငါအဲ့ဒါကို ကြားခွင့်ရနေသေးတယ်လေ၊ နောက်ကွယ်မှာ ပြောတာကျတော့..."

" အဲဒါကိုလည်း ကြားချင်တာပဲလား"

" ဟင့်အင်း..ဒါပေမယ့် ကြောက်တယ်၊ငါ မကြားရတဲ့ ငါ့အကြောင်းတွေ က ငါ့ကို

တစ်ခုခု ပုတ်ခက်ရိုက်နက်လာတော့မှာ မျိုး ..”

“ ဖူးရယ်..”

“ ငါ လူတွေ ကို ကြောက်တယ်..”

ပြောနေရင်း ငိုပြန်သည်။မျက်ရည်တွေ က သုတ်ပစ်ပေမယ့် ရှိနေဆဲပဲ ဖြစ်ကာ...

“ နင် ငါ့ကို ပစ်မထားပါနဲ့နော်..သူတို့က ဘာပြောပြောလေ..နော်...”

“အေးပါ ဖူးရယ်..ငါစဉ်းစားနေတာက နင့်ကို ဒီလိုစိတ်တွေ ပျောက်သွားအောင် ဘယ်နည်းနဲ့ ဆွဲခေါ်ရမှန်း မသိလို့ နင့်မှာ မောင်နှမ တွေ ဘာတွေ မရှိဘူးလား..”

“ ဟင့်အင်း...”

“ ဆွေမျိုး နီးစပ်ရာရော..”

“ မရှိပါဘူး..ရှိကြတာတွေ လည်း အိမ်ကို ဘယ်သူမှ မလာကြဘူး”

“ ပြဿ နာရှိထားကြတာမျိုး လား..”

“မသိပါဘူးဟာ..ငါ့အထင် ပြောရရင်တော့ ဒက်ဒီက အရမ်းစည်းကမ်းကြီးတယ်၊ မာနကြီးတယ်လို့ပြောရရင် ပိုမှန်မယ် ထင်တယ်၊အိမ်ကို ဘယ်သူလာတာမှ မကြိုက်ဘူး၊ ငါငယ်ငယ်တုန်းက ဝမ်းကွဲမောင်နှမ ညီအစ်မတွေ ဆိုတာတွေ မကြာကြာ ရောက်လာတာ ရှိတယ်၊ ဒါပေမယ့် ငါနဲ့ပေးမဆော့ခိုင်းဘူး၊ ငါစားတဲ့နေရာ၊ ငါအိပ်တဲ့နေရာထိ လိုက်စားလိုက်အိပ်တာလည်း မရဘူး၊ အဲဒါနဲ့ပဲ ကလေးပါတဲ့ဆွေမျိုး တွေ ကို ဒက်ဒီက လက်မခံချင်သလို ဖြစ်လာတယ်၊ နောက်လည်း မလာကြတော့ဘူး ဆိုပါတော့ဟာ....”

“နင် အဲဒါတွေ ကို မှတ်မိနေတယ်ပေါ့”

“ ဟင့်အင်း..ဒက်ဒီ့ပုံစံကို ခပ်ရေး ရေး ပဲ မြင်နေမိတာပါ၊ ငါ့ ကိုထိန်းခဲ့တဲ့ နာနီကြီးက ပြောပြတာ...၊သူက ဒက်ဒီ့အတင်းပြောတာမဟုတ်ဘူး၊ငါ့ကိုယ်ငါ အားငယ်နေမှန်းသိလို့ အားပေးတာမျိုး ပေါ့၊ ဘာချို့ ယွင်းချက်မှမရှိဘဲမွေးလာခဲ့ပေမယ့်

ငယ်ငယ်ကတည်းက စည်းကမ်းတင်းကျပ်တဲ့ မိဘလက်ပေါ်မှာ အထီးကျန်ကြီးပြင်းလာခဲ့ရတဲ့အကြောင်းကြောင့် ဒီလို အကျိုး ဖြစ်လာတယ်ဆိုတာ ငါလည်း နာနီကြီးပြောတာတွေ ကိုသိပ်တော့နားမလည်ဘူး၊ မှန်နေတာက ဒီနေ့ထိ ငါ့မှာ သူငယ်ချင်း တစ်ယောက် မှ မရှိခဲ့တာပဲ ”

ကမာ နားလည်လိုက်ရသွားခဲ့သည်။လူကြီးက အစွန်းရောက်မာနတွေ နှင့် တင်းကျပ်ထိန်းချုပ်သမှုကလေးက တိုက်ပိတ် အချုပ်ကခံခဲ့ရသလို ကြီးပြင်းခဲ့ရသည်။ဒီလိုလူ တစ်ယောက် ရဲ့ အနာဂတ်က ဘယ်လိုလုပ် အေးချမ်းဖြောင့်ဖြူး ပါ့မလဲ..။

“ ငါလေ..နင့်ကို စကားတွေ အများ ကြီးပြောလိုက်ရတာ ပျော်လိုက်တာဟာ၊ ငါ့ဘေးကို နင်ရောက်လာတာ နတ်ကောင်းနတ်မြတ်တွေ ဖန်ဆင်းပေးလိုက် သလိုပဲ၊ နင် ငါ့ ကို မွေးတို့လို စိမ်းကားမသွားဘူးလားဟင်..နောက် ငါဘယ်လိုနေနေ အထင်မလွဲဘူးမို့လား...”

“ အေးပါ ဖူးရယ်... ရှေ့ကို အပများ ကြီး ကြီးတွေ ;မနေပါနဲ့လာ..အခု ဗိုက်နာပျောက်သွားပြီဆိုတော့ အတန်းပြန်တက်မယ်”

“ ကမာ..”

“ ဟင်..ဘာလဲ..”

“ နင် အတန်းမှန်မှန် တက်မှာ လား ..ပျက်ဦးမှာ လားဟင်”

လက်ချင်းထပ်ဆုပ်ပြီး အတူသွာနေရင်း ဖူးက လက်ကိုလှုပ်မေး၏ ။

“ အင်း..မှန်မှန်တက်ဖို့တော့ မလွယ်ဘူး ဖူးရဲ့ ..ငါ့ကျတော့ နင့်လို ဘဝက မပြည့်စုံဘူးလေ၊သားအမိနှစ် ယောက် တည်းပေမယ့် ကြွေးတင်နေတာလည်းရှိတယ်.. မနက်စာညစာ ပူနေရတဲ့အထိ မဟုတ်ပေမယ့် ပြည့်စုံမှု ရှိနေရအောင် အမြဲ ရုန်းကန်နေရတာ ”

ပြောပြရင်း ကမာကရယ်လိုက်ကာ..

“ အဲဒါ နင်အထင်တကြီး ဖြစ်နေတဲ့ ငါ့အရည်အချင်းတွေ ရှိလာရခြင်း

အကြောင်းရင်းပေါ့”

“ ဘယ်လို.....”

“ ဟုတ်တယ်လေ..နင်က တစ်ယောက် တည်း တစ်ပင်တိုင်မြန်နန်းထဲမှာ အထီးကျန် ရှင်သန်ခဲ့ရသလို ငါ့ကျတော့ ရှစ်တန်းကိုးတန်းကတည်းက ဖေဖေဆုံးသွားပြီး မေမေက အားငယ်စွာ ရပ်တည်ရင်း စီးပွားရေး တွေ ယိုင်နဲ့လာတဲ့ အိမ်ကြီးထဲမှာ ..”

အတန်းနားနီးလာတော့ ကမာက စပားမပြတ်သေးသည်မို့ ခြေလှမ်းကို နှေးချပစ်လိုက်ကာ..

“ ငါ နေ့တိုင်း ကြားမြင်နေရတာ က ပတ်ဝန်းကျင် ကဲ့ရဲ့သံတွေ ၊ ထင်သလို ပြောဆို ဝေဖန်နေကြတာတွေ ...အထူးသဖြင့် အောင်တို့မိသားစုပေါ့”

“ အောင် ဆိုတာ”

“အောင်မြင်သူ တဲ့..ငါ့ဆီကို လာနေတဲ့ နှစ်ယောက် ထဲက နည်းနည်း ပိုပိန်ပြီး ဆံပင်တိုတဲ့ တစ်ယောက် ..”

“သြော်..ချိန်းကရော..”

“ချိန်းက သူ့သူငယ်ချင်းပါ၊ အောင် ကတော့ ငါ့ရဲ့ငယ်သူငယ်ချင်း၊သူ တစ်ယောက် ကလွဲရင် သူ့မိသားစုအားလုံးက မေမေ့ကို အစွမ်းအစမရှိဘူး၊ ပျော့ညံ့တယ်၊ရှိတာ ရောင်းစားနေတယ် ဘာညာတွေ ပေါ့ဟာ၊ အိမ်မှာ တစ်ခုခုလုပ်ပြီဆို သူတို့ကြောင့် လူပိုသိတယ်၊ အဲဒီ တုန်းက သူတို့က ငါတို့နဲ့ ခြံချင်းကပ်လျက်နေတာလေ..”

“ ခု မတူတော့ဘူးလား”

မတူတာကမှ ပိုဆိုးသွားခြင်းဆိုတာကိုတော့ မပြော ဖြစ်ခဲ့ပါ။ အတင်းအဖျင်းပြောတက်သည့် အိမ်နီးချင်းက မကင်းရာမကင်းကြောင်း ကြည့်ရှု့စောင့်မရစိုးလို့ ကင်းအောင်နေခဲ့သည့် ဒေါ်ရွှေရုပ် တို့ တစ်လမ်းတည်း အတူတူနေ ဖြစ်သွားခဲ့သည်မို့ ခုချိန်မှာ သူမအ ဖြစ်က ဘယ်လိုနေနေ အပြစ်မလွတ်ခဲ့သည့် မိန်းမ..။

သူ့သားနဲ့ နီးစပ်မှာ စိုးရိမ်နေသော ဒေါ်ခင်မြင့်သည် သား ဖြစ်သူကို အလိုရှိနေသော ဒေါ်ရွှေရုပ်နှင့် ခမည်းခမက်တော် ရဖို့အရေး အတွက်…

“ အခု သူက တခြား ပြောင်းသွား တာပေါ့နော်… ဒါနဲ့တောင် နင့်ဆီကို လာနေတာပဲနော်၊တော် တော် ခင်တာပဲ..ငါအားကျလိုက်တာ ကမာရယ်..”

မိသားစုရေး တွေ ပြောပြနေတာပေမယ့် မေတ္တာငတ်မွတ်နေရှာသည့် ဖူးအတွက် အောင် နဲ့ ကမာ တို့ရဲ့ သူငယ်ချင်းသံယောဇဉ်က အထူးအားကျဖွယ် ဖြစ်သွားခဲ့လျက်…

“ ငါ့ကို အဲဒီ လို ခင်မယ့်သူရှိရင် ငါ သေပျော်ပါပြီ”

လို့ တမ်းတမ်းတတ ပြောရှာ၏ ၊ ‘သေပျော်ပါပြီ’လို့ ပြောပေးလိုက် တိုင်း တကယ်သေခွင့်ရရင်ရော ပျော်မှာ မို့လို့လား….။

♥ ♥ ♥

# အခန်း (၉)

“ တကယ်ပြောတာ နာနီကြီးရဲ့.. အရမ်းလှတာ၊ ဆံပင်ကကျောလောက် အရှည်ကြီးပဲ၊ ဒါပေမယ့် ဖြောင့်ထားတာ မဟုတ်ဘူး ဆံပင်အဖျားမှာ အခွေလေးတွေ နဲ့ သိလား..နေရောင် မှာ ဆို ဆံပင်အရောင် ကတစ်မျိုး ၊ အရိပ်ထဲမှာ ရှိတဲ့ အလင်းရောင် မှာ တစ်မျိုး …”

“အဲဒီ လိုပြောင်းနေတဲ့ဆိုးဆေး ရှိလို့လား ကလေးရယ်..”

“ ဆိုးဆေးက ပြောင်းနေတာ မဟုတ်ဘူးလေ..အဲဒီ လို လှနေအောင် ပြင်ထားတာကို ပြောတာ၊ မျက်တောင်တွေ ဆို အတုတပ်ထားသလား ထင်ရတယ်..ကော့ပျံ နက်မှော င်နေတာပဲ”

"အတုလားမှ မသိတာကွယ်…ခုခေတ်က အစစ်အမှန် သိပ်မှမရှိတော့တာ"

"အတုမဟုတ်ပါဘူး နာနီကြီးကလည်း.."

" တမင် လှအောင် ပြင်ထားတာပဲ ဖူးရယ်..ဒါတွေ က…"

"ဟုတ်တယ်လေ..ပြင်တော့ပြင်ထားတာပေါ့၊ ဒါပေမယ့် ပြင်တိုင်းလှလို့လား… သူ့လို ဖူး ရဲ့မျက်တောင်တွေ ကို လုပ်ကြည့်…တိုတိုပါးပါးလေးတွေ ဘယ်လိုလုပ် ရှည်ကော့ထွက်လာမှာ လဲ"

ပြောသမျှ သူများ ကို အမှတ်ပေးဖို့ချည်း ပါနေသဖြင့် နာနီကြီး သက်ပြင်းချလိုက်မိသည်။ နာမည် အရင်းက ဒေါ်ပုကြွယ်ပါ…။

အားလုံးကလည်း ဒေါ်ပု လို့ပဲ ခေါ်ခဲ့ကြတာ ဖြစ်သည်။ ဖူး ကို ထိန်းကျောင်းခဲ့ရင်း နာနီကြီးဆိုတဲ့နာမည် ဖူးရဲ့ ပါးစပ်ထဲမှာ တွင် နေကာမှ လူကြီးတွေ ကပါ နာနီကြီးလို့ပဲ ခေါ်ကြတော့သည်။

ဖူးက နာနီကြီးရဲ့ လက်မောင်းဝဝကြီးကို လက်နှစ်ဖက်နှင့် ဆွဲလှုပ်လိုက်၊ ပြောနေလိုက်နှင့် ပြောရင်း အားမရ ဖြစ်နေတာမျိုး …။

" ကိုယ်လုံးကလည်း လှမှလှ.. အတုတပ်ထားတယ်လို့ မပြောနဲ့နော်..အဲဒါတော့ လုံးဝမဟုတ်ဘူး"

" အေးပါ မပြောပါဘူး..ဒါနဲ့ ဒီကောင်မလေးက ဖူးရဲ့သူငယ်ချင်းလား.. ပုံဖော်ကြည့်ရတာ တော့ ရုပ်ရှင်မင်းသမီးပုံ ပေါက်နေပြီ ထင်တယ်"

" မင်းသမီးလုပ်ရင်လည်း ဖြစ်မှာ ပဲ…ကမာက အရမ်းလှတာ"

အပေါ်ထပ်က ဆင်းလာသည့် ဦးမင်းခ ခြေလှမ်းတွေ တဖြည်းဖြည်း နှေးကျသွားကာ ထမင်းစားခန်းဘက်ကို ဦးတည်နေခဲ့၏ ။

ဒါ…သမီးလေး စကားပြောနေတာလား…၊

ရယ်သံလေးရော အားတက်သရော ဖြစ်နေတာလည်း သိသာလျက် တစ်ယောက် တည်း လှာက်ပြောနေရင်း မောနေပြီလားမသိ..။

" အမလေး..ပြောရတာ အာခေါင်ခြောက်လာပြီ၊ နာနီကြီး ဖူးကို ရေတစ်ခွက်လောက် တိုက်ပါဦး"

" တိုက်ပါ့မယ်တော် ..မီးဖိုချောင်ထဲထိ လိုက်ပြီး စကားတွေ ပြောပေးနေတာ နာနီကြီးက အပျင်းပြေတယ်လေ...ကျေးဇူးရှင်လေးကို ပြုစုရမှာ ပေါ့"

" ဟွန်း.."

သမီး ရယ်သံလေး နားထဲမှာ ချိုအီသွာ၏ ။ ဦးမင်းခ ထမင်းစားခန်းအကွယ်လေးမှာ ခြေလှမ်းတွေ ရပ်ရင်း မျက်နှာမှာ လည်း အပြုံး တွေ ဝေနေခဲ့သည်။ သမီးလေး တစ်ခါမှ ခုလို ရယ်မော တက်ကြွမနေခဲ့ဘူးပါ။ သူ့အမေဆုံးသွားသည့်နောက်ပိုင်းမှာ အထီးကျန်ဆန်လာခဲ့ပေမယ့် အမေသစ် ရလာတာကိုလည်း ပျူပျူငှာငှာ မရှိခဲ့ပေ...။

ထို့ကြောင့် ပိုစိမ်းသွားသလို ဖြစ်ခဲ့ရင်း ဖအေကိုတောင် စကားဟဟ သိပ်မပြောဘဲနေ၏ ။ ခုတော့ တကယ့်ကို အံ့သြစရာပါ။

" နာနီကြီးက ဖူး ကို လာရှုပ်နေတယ်ဆိုပြီး ရွဲ့တာပေါ့လေ"

" မြတ်စွာ ဘုရား...မဟုတ်ရပါဘူးတော် ..ဖူးလေး ခုလို ရယ်မောနေမယ်ဆိုရင် ပြောချင်တာတွေ ပြောစမ်း၊ဘာမှမလုပ်ဘဲ နားထောင်ပေးဦးမှာ "

" ပြီးရော..သူများ က သူငယ်ချင်းကောင်း ရထားတာကို ဝမ်းသာလို့ ပြောတဲ့ ဉစ္စာ"

" ဒါဆိုလလည်း အိမ်လည်လေးဘာလေး ခေါ်လေ ကလေးရဲ့ ကလေးကို ချစ်တဲ့သူဆိုရင် နာနီကြီးတို့ကလည်း ချစ်ချင်တာပေ့ါ၊ မုန့်တွေ အများ ကြီးကျွေးမယ်၊ ထမင်းဟင်းတွေ ရှယ်ချက်ကျွေးမယ်၊ ဒါနဲ့ ကလေးသူငယ်ချင်းက ဆင်းရဲသလား..."

“ ဘာ ဖြစ်လို့ ဆင်းရဲသလားလို့ တန်းမေးတာလဲ…ခုနကပြောတော့ မင်းသမီးပုံပေါက်နေတယ်ဆို….”

ဖူး က ဒါမျိုး ကျတော့လျင်သည်။ နာနီကြီးကိုယ်တိုင် ရုတ်တရက် ဘာဖြေရမှန်းမသိ ဖြစ်သွားပြီး…

“ဘာမှမ ဖြစ်ပါဘူး သမီးရယ်…အဆင့်အတန်းတူချင်းကျတော့ ဂုဏ်တုဂုဏ်ပြိုင်တွေ ရှိကြတယ်လေ၊အခု ခင်မင်ကြရင်လည်း ရေရှည်မှာ ကတောက်ကဆ ရှိနိုင်တာပေါ့၊ နာနီကြီးက သမီးနဲ့ အမြဲတမ်း သူငယ်ချင်းကောင်း ဖြစ်နိုင်မှာ ကို တွေးပြီး လွှတ်ခနဲ မေးလိုက်တာပါ”

“ နာနီဂကြီးက မသိလို့ပါ.. ဆင်းရဲတဲ့လူတိုင်းလည်း နိမ့်ချကျိုး နွံနေတာ မဟုတ်ပါဘူး၊ ကိုယ့်ထက်သာ မနာလိုဆိုတာမျိုး သူတို့မှာ မရှိဘူး လို့ ဘယ်သူပြောနိုင်လို့လဲ…၊ ပြိုင်လို့မရလည်း ရတဲ့လူနဲ့ ပြိုင်နေတာပဲ”

`အေးပါ… ဟုတ်ပါတယ်၊ ဘာတဲ့…. ဖူးလေး သူငယ်ချင်းနာမည် က´´

``ကမာ… နေကမာ တဲ့´´

``နေကမာ ဆိုတာ ဘယ်လိုကြီးလဲ… နေက အထက်မှာ အပူလုံးကြီး၊ ကမာ ဆိုတာက ရေထဲမှာ .. ဘာမှလည်း မဆိုင်ဘူး´´

``သြော် .. သက်ဆိုင်တာတွေ ပဲ နာမည် မှည့်ကြတာမှ မဟုတ်တာ၊ ဖူး ကိုလည်း ကြည့်ပါဦး.. နာမည် က ဖူးဖူးစင် တဲ့။ ဖူးဖူးစင်အောင်လည်း မလှဘဲနဲ့….´´

``အိုး… ဘာလို့ မလှရမှာ လဲ… သူတို့က ကျောင်းလာတတ်ပြီး ကျောင်းသူလိုမလာဘဲ မင်းသမီးရှုံးအောင် ပြင်လာတာလေ၊ ဖူးလေး အဲဒီ လို ပြင်ကြည့်ပါလား ´´

``ဒီရုပ်ပဲ…´´

``ဟဲ့… ဟဲ့… သြော်…´´

ဖူး အခန်းထဲကနေ မဲ့ရွဲ့ထွက်လာလျှင် အပြင်ဘက်မှာ ရပ်နေသည့် ဦးခင်ခ နှင့် မျက်နှာချင်းဆိုင်ပြီးသား ဖြစ်သွား၏ ။ ရယ်မြူး ဟန်များ နှင့် မဲ့မလိုပြုံး မလို မျက်နှာလေးက ဖျတ်ခနဲ တည်သွားကာ....။

``ဒက်ဒီ´´

``သမီး ဗိုက်ဆာလို့လား.. နာရီကြီးက မကျက်သေးဘူးထင်တယ်´´

``မဟုတ်ပါဘူး´´

ဒါပဲပြောပြီး ဖူး ခေါင်းလေးငုံ့၍ ရှောင်ထွက်၏ ။ ခေါ်မလို့ ပါးစပ်ပြင်ပြီးမှာ ဦးမင်းခ ခေါင်းခါလိုက်မိသည်။

သူ ဘာမေးမေး ကောင်းကောင်းမွန်မွန် ပြန်ဖြေမှာ မှ မဟုတ်ဘဲ....။

♥ ♥ ♥

## အခန်း (၁၀)

``ဟင်... သူ့ကို ခေါ်လာမလို့လား´´

``အင်းလေ.... ဘာ ဖြစ်လို့လဲ၊ သူ တစ်ယောက် တည်း အတန်းထဲမှာ ကျန်နေခဲ့မှာလေ၊ ငါတို့လည်း လူများ သွားတာပေါ့´´

လက်ဆွဲထားတာကိုပဲ ဖြုတ်ချပြီး ထွက်ပြေးတော့မလိုလို ငုံ့ထားလိုက်သည့်မျက်နှာလေး နဖူးနဲ့ မြေကြီး ပြေးတိုက်တော့မည် ။

ဘယ်သူကမှ မကြည်လင်ပေမယ့် မသင့်မြတ်လောက်အောင်လည်း ဖြစ်ခဲ့ကြတာ မဟုတ်တော့ နောက်ထပ် ကန့်ကွက်သံ ထွက်မလာတော့ပေ...။ ကမာ တို့ရဲ့ ရှေ့တန်းက အုပ်စုတွေ ကတော့ အံ့ဩသလိုလို တစ်ခုခု ပြောချင်သလိုလို မျက်နှာတွေ နှင့်

ကော်ရစ်ဒါမှာ ကျန်ရစ်ခဲ့ကြ၏ ။

ကဲန်တင်းမှာ ထိုင်ကြတော့လည်း ဘာမှမမှာ ဘူး လုပ်နေသဖြင့် ကမာ ကပဲ ခေါင်ဆွဲချဉ်စပ်တစ်ပွဲ မှာ ပေးလိုက်ကာ အအေးတစ်လုံးနှင့် ...။

``စာမေးပွဲဖြေဖို့ ကျောင်းပိတ်တော့မှာ ဆိုတော့ ငါ့မွေးနေ့ရောက်ရင် မကျွေးရမှာ စိုးလို့နော်... တခြားဆိုင်ကြီးတွေ မှာ လည်း မတတ်နိုင်တာနဲ့လေ၊ အဟွန်း... ဒီမှာ တော့ ကြု က်တာ မှာ စားကြပါ။ စိတ်ကြိုက်တစ်ဝကျွေးမှာ ´´

``အိုခေ...´´

``နင်ကလည်း ကြိုမပြောဘူးလား...။ ဘာလက်ဆောင်မှလည်း မပေးရဘဲနဲ့ စားရမှာ ..´´

``လက်ဆောင်မလိုပါဘူးဟာ... ငါတို့ကျောင်းသူအရွယ်ဆိုတာ ဘာပဲပြောပြော မိဘဆီမှာ လက်ဝါးဖြန့်နေရတုန်းပဲမို့လား.. ရတဲ့မုန့်ဖိုးက သုံးလို့တောင် မလောက်ဘူး´´

``ဒါတော့ ဒါပေါ့ဟ..... ဒါပေမယ့်´´

``ဒါတွေ ခဏထားပြီး ကျွေးမွေးဒါနပြုတာလေးကို ပျော်ရွှင်ဝမ်းမြောက်စွာ စားကြပါ၊ ဒါနမြောက်သွားအောင်လို့ ... အဟွန်း...´´

မွေး တို့က ဖူး ကို အမြင်မကြည်တာလေးတွေ ရှိလို့ အပြောဆိုးပေမယ့် စိတ်ရင်းလေးတွေ တော့ ကောင်းရှာပါ၏ ။ စားစရာတွေ ရောက်လာတဲ့အထိ မျက်နှာလေးတွေ မသာမယာရှိနေလျက်...

``နင် ပြောသလို ဟုတ်ပေမယ့် ငါတို့က နင့်ကိုပိုပြီး ငဲ့သင့်တဲ့လူတွေ ပါ ကမာရယ်... ငါတို့ ဟိုအစက နင် ပြင်တာဆင်တာတွေ အပေးမှာ အထင်မြင်သေးခဲ့ဖူးတယ်။ နင့်အကြောင်းကို သိလိုက်ရမှ... ပြီးတော့ နင့်ရဲ့ စိတ်ရင်းကို နားလည်လာမှ ပိုပြီး ခင်မင်ကြတာ၊ နင်က ဆံပင်ဆိုင်မှာ တော့ လှနေရမှာ ပဲလေ...´´

``ဟုတ်တယ် ကမာ.. .ငါတို့က သိပ်မချမ်းသာကြရင်တောင် မိဘတွေ နဲ့

စီးပွားရေး အသင့်အတင့်နဲ့ ပြည့်စုံမှု ရှိကြပါတယ်၊ နင့်ကျတော့ အမေက သိပ်မကျန်းမာဘူး၊ နင့်တစ်လုပ်စာထဲနဲ့...´´

``ငါ့တစ်လုပ်စာထဲပေမယ့် ငါက ဆံပင်ဆိုင်မှာ သန့်ရှင်းရေး မှ မဟုတ်တာဟာ... မမထက် မျက်နှာလွှဲထားရတဲ့ ဒုတိယလက်ထောက်ရာထူးနဲ့ပါ၊ အဲဒါကြောင့် ဒီလောက်တော့ ကျွေးနိုင်ပါတယ်၊ ငါ့ကို နားလည်ကြတဲ့ သူငယ်ချင်းတွေ ဆိုတော့ ပိုပြီးတော့တောင် စေတနာရှိသွားသေးတယ်၊ စားကြ...´´

စားသောက်နေကြတုန်း ကမာက ဖူး ကို တစ်သျှုး ယူပေးလိုက်၊ စားကောင်းရဲ့လားလို့ မေးလိုက်နှင့် မျက်နှာမှာ လည်း တကယ့်ကို ခင်မင်နှစ် လိုခြင်းတွေ ပြည့်နှက်လျက်...။

ပြီးတော့ ဖူးရဲ့ ခံစားချက်လေးတွေ ကို စကားထဲမှာ ပါအောင် ထည့်ပြောသွားတတ်သဖြင့် မွှေး တို့မှာ နားမထောင်ချင်လည်း မရ၊ ထောင်နေရတာ နဲ့ မျက်လုံးကလည်း ဖူး ဆီကိုပဲ ရောက်ရောက်သွားမိကာ...

``ကမာ နင် ငါတို့ကို စေ့စပ်ကြောင်းလမ်းနေတာတော့ မဟုတ်ပါဘူးနော်..´´

သဲ က တည့်တည့်ပဲ မေးတော့သည်။ ဖူး မျက်နှာလေး လန့်ဖျန့်မော့လာတော့ ကမာ က ရယ်လိုက်ကာ...။

``စေ့စပ်ရအောင် နှစ် နိုင်ငံ စစ် ဖြစ်နေတာမှ မဟုတ်တာဟာ.. တစ်ယောက် နဲ့ တစ်ယောက် အထင်လွဲမှု လေးတွေ ရှိနေတဲ့အတွက် နင်တို့တွေ အပြောအဆို အဆင်မပြေကြဘူးလေ...´´

``ပြေဖို့ကို မလွယ်တာ ကမာ.. အဲဒါ နင် သဘောပေါက်လိုက် ငါတို့က မြဲ့စိစိကို အရမ်းမုန်းတာ´´

မွှေး က ခေါင်းဆောင် မဲ့ရွဲ့နေသလောက် ဖူး မျက်နှာလေး ပြန်ငုံ့ကာ ဘာမှလည်း မဖြေရှင်းပေ။

အရည်တွေ ချည်း ခပ်သောက်နေသဖြင့် ခေါက်ဆွဲဖတ်တွေ ချည်း ကျန်တာကို

မွှေလိုက် ဆွဲဖွလိုက်နှင့် လက်လေးတွေ က မတည်ငြိမ်...။

``ကဲပါ... ဒေါကန်မနေပါနဲ့ ငါ ကျွေးတာလေးကိုတော့ ပြုံး ပြုံး ရယ်ရယ် စားလိုက်ပါဦး´´

မွှေးတို့ကို ကမာက ပြန်ချော့ကာ သူတို့မှာ ထားသည့် အအေးဘူးတွေ ကို ဖောက်ထည့်ပေးရင်း လက်နဲ့ထိအောင် တိုးကပ်ပေးတော့ မျက်နှာတွေ ကြည်လင်သွားပြန်ကာ..

``နင်က သူ့အကြောင်း ငါတို့ရဲ့ နောက်မှာ သိတာပါ၊ ငါတို့ သူ့ကို ဘယ် ဖြစ် ဖြစ်တွဲ သွား သွားလာ ဖြစ်ဖို့ ခေါ်ကြသေးတယ် သိလား´´

``ဟုတ်တယ် ကမာ ... သူလေ ဟိုနားခေါ်လည်း `ဟင့်အင်း.. ဟင့်အင်း´ ဒီသွားရအောင်ဆိုလည်း `မလိုက်ဘူး ... မလိုက်ဘူး´ ရှုံ့မဲ့ ဖြစ်ပျက်သွားပုံက ငါတို့ကပဲ အလကားနေရင်း ဖလန်ဖလန်းထနေတာလိုလို...´´

သဲ က ရှုံ့မဲ့ရင်း လက်ရောမျက်နှာရော အမူအရာတွေ လုပ်ပြနေပြီးမှ ဘေးစားပွဲကလူတွေ ကြည့်ကြတာကို တွေ့သွားသည်။ ထိုအခါကျမှ...

``ဟွန်း... ငါ မပြောလိုက်ချင်ဘူး၊ သူက အဲဒီ လို ကြီးကျယ်တာ´´

ဟုအဆုံးသတ်၏ ။

``သဲ ရယ်.. သူက ကြီးကျယ်တယ်ဆိုရင် အခု နင်တို့ သူ့အပေါ် အထင်လွဲပြီး ပြောဆိုနေတာတွေ မှာ ဟုတ်တာမဟုတ်တာကို ရှင်းပြမှာ ပဲ၊ စိတ်ဆိုးစရာလို့ ယူဆရင်လည်း စိတ်ဆိုးမှာ ပဲလေ၊ ကြည့်ပါဦး.. အဲဒါ မာနကြီးတဲ့ မျက်နှာမျိုးလား´´

ကြည့်ပါဦးလို့ ပြောလိုက်တာနှင့် ဖူး မျက်နှာ ပန်းကန်လုံးနဲ့ ထိတော့မတတ် ငုံ့ကျသွားလေသည်။ နောက်ထပ် ရွှဲ့ပြောမလို့ ကြည့်လိုက်ပေမယ့် ဖူး ပုံစံကြောင့် သူသူသန်းက ခစ်ခနဲ ရယ်သည်။

``အဲဒါကို ငါပြောသေးတယ် သိလား ကမာ... မာနကြီးတာတော့

မဟုတ်လောက်ဘူးလို့.. အဟွန်း....´´

ရှမ်းခေါင်းဆွဲစားနေရင်း ရယ်သည်။ ပြီးတော့ ဘာမှမပြောတော့ဘဲ ခဏကြာမှ...

``တစ်ခုခုတော့ တစ်ခုခုပဲလို့....´´

ဂေါက်နေတာလို့ ပြောချင်တာမှန်း ဖူး ကိုယ်တိုင် သိလိုက်သည်။ ဒေါသစိတ်တော့ တင်းခနဲ ဖြစ်သွားပေမယ့် တစ်စုံ တစ်ယောက် နှင့် ခွန်းကြီးခွန်းငယ် ပြောဆိုအနိုင်လုရဲတဲ့သတ္တိ သူမမှာ မရှိ။

``ငါ ပြောချင်တာလည်း အဲဒါပဲလေ...´´

ကမာက ဟိုအကြောင်း ဒီအကြောင်း ပြောလိုက်၊ ဖူး နဲ့ပတ်သက်တာလေး ပြောဖြစ်သွားအောင် ဆွဲယူလိုက်နှင့် ဖူး မိုက်နာတဲ့နေ့ကအ ဖြစ်လေးကိုပါ ပြောပြသည်။

သူမ ဤသို့ စိတ်ရင်းလေးရှိရှာတာပါလို့ ပြောပြလိုက်တော့ မွှေး တို့ မျက်နှာတွေ မသိမသာ ပြေကျကုန်၏ ။

``ငါဖြင့် ဖူး ကို မြင်တော့ အရှမ်းချမ်းသာတဲ့ မိန်းကလေးဆိုတာ လုံးဝ မထင်ခဲ့ဘူး၊ လူ တစ်ယောက် ရဲ့ နေပုံထိုင်ပုံက သူ့ရဲ့ စိတ်ကို နည်းနည်း တော့ မှန်းလို့ရပါတယ်ဟာ... မဟုတ်ဘူးလား၊ သူ့ရင်ထဲမှာ ပကာသနရှိရင် သူ့မှာ ရှိတဲ့ ပကာသနတွေ အများ ကြီး ထုတ်ကြွားလို့ရတာ ပဲ၊ သူ့အတွက် အရေး ကြီးတာ အဲဒါ မဟုတ်ဘူးဆိုတာ မသိသာဘူးလား´´

ဒါလည်း ဖြစ်နိုင်သည်ဟု မွှေး က တွက်သည်။ သူဌေးသမီးလို့ ထင်စရာရှိပေမယ့် တချို့ကျတော့ မွေးစားသမီး ဖြစ်နေတာတွေ ၊ အိမ်မှာ ဘာအခွင့်အရေး မှ မရနိုင်တာတွေ ရှိတယ်၊

ဖူး ကိုတော့ ဒရိုင်ဘာလူကြီးက ဘယ်လိုဂရုစိုက် အလေးထားတယ်ဆိုတာ အမှတ်တမဲ့မြင်ရတာ တွေ နဲ့ပဲ သိသာနေခဲ့၏ ။ ဖူး အကြောင်း သိပ်မသိပေမယ့် တစ်ဦးတည်းသော သူဌေးသမီး အမှန် ဖြစ်ကြောင်းတော့ သူတို့အားလုံး လက်ခံမိကြ၏ ။

ထိုစဉ် ခေါင်းနည်းနည်း မတ်လာပြီး မျက်နှာတစ်ဝက်လောက်
မော့ယောင်ပြလျက် ဘယ်မျက်နှာကိုမှ မကြည့်ဘဲ ဖူး က စကားတွေ ထူးထူးဆန်းဆန်း
ပြောလာခဲ့၏ ။

``တကယ်ပါ မွေး ရယ်.. ငါ နင်တို့ကို မခင်ချင်လို့ မဟုတ်ပါဘူး၊ ငါ့ရဲ့ စိတ်ရင်းကို
ပြောခွင့်မရတာ ပါ၊ ငါ့ကို ယုံပါ... ငါ တကယ်ကြီးကျယ်တာ မဟုတ်ပါဘူး´´

ဖူး ရှင်းပြလိုက်သည်နှင့် ကမာက စလိုက်သော စစ်ဆင်ရေး တစ်ခု
အောင်မြင်စွာ ပြီးဆုံးလေသည်။ ဒါပေမယ့် ဖူး ဆုပ်ကိုင်ထားသည့် တစ်ဖက်တည်းသော
လက်ပိုင်ရှင်ဟာ ကမာပဲ ဖြစ်ခဲ့၏ ။

နေကမာ သည်သာ သူမအတွက် ထာဝရသူရဲကောင်း....။

♥ ♥ ♥

# အခန်း (၁၁)

`ဒီတစ်ခါ မုန်တိုင်းတွေ ဘာတွေ မရှိတော့ဘူးလား´လို့ တွေ းမိရင်း မိုးကို မျှော်မိသည်။

တစ်နေရာမှာ မုန်တိုင်းရှိနေလျှင်တော့ အချိန်အခါမဟုတ်ပေမယ့် မိုးကြီးတတ်တာမို့ သူ့အတွက် မိုးကြောင့် အမှတ်တရ ရင်ခုန်ခဲ့ရသည့် အ ဖြစ်လေးကို ပြန်လွမ်းနေမိသည်။

ပြီးတော့ ပြုံး မိသည်။

``ဒီနေ့ ကမာ အတန်းမတက်ဘူးနေမှာ ပါကွာ... ပြန်မယ်´´

``တက်ပါတယ်.. ငါ မနက်က သေချာမြင်လိုက်တာ´´

``ဘယ်မှာ လဲ...´´

``ကားမှတ်တိုင်မှာ ...´´

ချိန်း ဖြေလိုက်တာကို အောင်က မျက်စောင်းထိုးသည်။ ထိုစဉ် အောင် မျက်နှာလွှဲလိုက်သည့် စက္ကန့်ပိုင်းလေးမှာ ပဲ ချိန်း ထံမှ အထိတ်တလန့်သံတွေ သံစုံမြည် သွားခဲ့၏ ။

``ဟာ... သွားပြီ´´

``အမလေး...´´

``ဘုတ်´´

``ကန်တော့... ကန်တော့နော်´´

``ကျွတ်... သွားပြီကွာ...´´

ချိန်း သည် တိုင်ကိုမှီလျက် ဖရိုဖရဲ ယိမ်းယိုင်သွားကာ ကောင်မလေး တစ်ယောက် က သူ့ခြေရင်းမှာ ကုန်းကွပြန်ထရင်း ပြန့်ကျဲသွားသည့်စာအုပ်တွေ ... အိတ်တွေ ကို စုထပ်ကောက်ပေးရင်...

``တောင်း... တောင်းပန်ပါတယ်၊ ဖူး.. နောက်ကို လှည့်ကြည့်လိုက်မိလို့..´´

သူ့လက်ထဲကို စုထပ်ကောက်ထားသည့် စာအုပ်တွေ အတင်းထိုးပေးပြီး လွယ်အိတ်လေး ပခုံးပေးထပ်ဆွဲချိတ်ကာ ကားပေါ်ကင်ဆီ လှစ်ခနဲ ပေး၏ ။

``ဟာ... ဒီ... ဒီကောင်မလေးပဲ´´

ချိန်း ထိတ်တိုနေတာ မပြေသေးဘဲရှိကာ အောင် က ကိုကျော်ပြင်လေးကို မှတ်မိသွားသဖြင့် လက်ညှိုးထိုးလိုက်မိစဉ်...

``အမလေး...´´

``ဘုန်း...´´

``လဲပြီဟ´´

သိပ်မကွာလှသေး...

ဝါးတစ်ရိုက်လောက်အကွာမှာ ပဲ သူမ ဘိုင်းခနဲ ပစ်လဲသွားတာ မှောက်လျက်သား...။

``ဟား.... ဟား... ဟား.... မိုးလည်း မရွာ၊ ဗွက်လည်း မရှိဘဲနဲ့ အံ့ရော.. ဟား... ဟား.... ဟား....´´

အောင် ကခွက်ထိုးခွက်လန် ရယ်လေသည်။

တခြားကျောင်းသားတွေ ပါ ရယ်သံတွေ ထွက်ကုန်ကြ၏ ။

``ဖူး.... ဖူး.... ဘာ ဖြစ်သွားသေးလဲ.... ထ. .... ထ´´

ကမာ အတင်းပြေးသွားပြီး ဆွဲထူပေးသည်။ ဖူး သူမနဲ့ အတူတူ ထွက်လာတာ

ဖြစ်သည်။ လေ့ကားအဆင်းကျမှ သူငယ်ချင်း တစ်ယောက် နဲ့တွေ့လို့ စကားရပ်ပြောတုန်း ဖူး နဲ့ အလှမ်းကွာသွားတာ ဖြစ်၏ ။

အလွန် အရက်အကြောက်ကြီးရှာသည့် ဖူး ကို ကျောင်းသားတွေ အလယ်မှာ အဖြစ်ဆိုးစွာ မြင်လိုက်ရသဖြင့် ကမာ တွဲ ထူပေးရင်း ဘယ်လိုမှ စိတ်မကောင်းနိုင်......။

ထင်သည့်အတိုင်း ဖူး က ရှိုက်ငိုနေပြီ ဖြစ်ကာ.....

``ငါ သွားတော့မယ်´´

အမှတ်မရှိတာလား.. ပူထူနေတာလား မသိ၊ ဖူး ပြေးလွှားထွက်သွားပြန်သည်။

ဒီလောက် ပစ်ခတ်လဲလိုက်တာ ဖူး ရဲ့ ကိုယ်မှာ ဒဏ်ရာ တစ်ခုခုတော့ ဖြစ်သွားမှာ ပါ၊ ရက်အားကြီး၍ သာ ဒါကို သတိမထားနိုင်တော့တာ ဖြစ်သည်။

ဒီဘက်ပြန်ကြည့်လိုက်တော့ ပါးစပ်အပြဲသားနဲ့ ရယ်နေတာက အောင်မြင်သူ...။

``အောင့်...´´

``ဟမ်....´´

ဒေါသကြောင့် `အောင်´လို ခေါ်တာက `အောင့်´ ဖြစ်သွားတဲ့အထိ ကမာ့အသံက ဆောင့်အောင့်လျက်...

``နင် ဒီလောက်တောင် စာနာစိတ် မရှိရလားဟင်´´

အောင် ပါးစပ်ဖြဲလျက်နင့် ဟိုမရောက်ဒီမရောက် မျက်နှာကြီးက မဲ့ကျသွားသည်။

``ဘာလဲ ရယ်စရာမို့လို့ ရယ်တာ... ဘာ ဖြစ်လို့လဲ´´

``ဟဲ့... နင်က ယောကျ်ားလေး ဖြစ်ပြီး မိန်းကလေး တစ်ယောက် ကို ငဲ့ညှာရမှန်း မသိ... ပြေးထူးရမှန်း မသိ၊ ဖြဲထားလိုက်တဲ့ ပါးစပ်ကြီးက ဟွန်း... ဒီနားမှာ နင့်အသံ အပြဲဆုံးပဲ ´´

``ကမာ နော်´´

``ဘာ ကမာ နော်လဲ.. ပြော´´

``ရယ်နေကြတဲ့သူတွေ နင် သွားပြောပါလား´´

``နင့်အသံကြီးပဲ ငါ ကြားတာလေ´´

``ငါက ရယ်မှာ ပေါ့.. အဲဒီ မပျာယာလေးက ချိန်း ကို ဝင်တိုက်တာ နှစ် ခါ ရှိပြီ´´

``ဘာ...´´

``တိုက်မိပြီး လဲကွဲကုန်ပြီဆို အဲဒီ လိုပဲ ထွက်ပြေးတာ ဖလန်းဖလန်း...´´

``အောင် နော်.. နင် မိန်းကလေး တစ်ယောက် ကို...´´

``မယုံရင် မေးကြည့်ပါလား၊ အဲ... ဟိုတစ်ခါ ကတော့ ငါတို့ကြောင့် တိုက်မိတာပါ၊ ဒါပေမယ့် ခုလိုပဲ ဖလန်း....´´

``လာပြန်ပြီး ဖလန်း ဖလန်း.. တော် တော့´´

``အား....´´

ကမာ က အောင့် လက်မောင်းကို ဖြန်းခနဲ ရိုက်ပစ်သည်။ ဒါတောင် မျက်နှာပဲ မဲ့သွားပြီး အောင် က ပြောတာကို မရပ်...။

``နင် သေချာကြည့်ထား... အဲဒီ ကောင်မလေး ချိန်း ကို တမင်စောင့်ပြီး ဝင်တိုက်တာ...´´

``ဘာ...´´

``မဟုတ်ရင်လည်း ချိန်း ရဲ့ ဖူးစာရှင်စစ်စစ်...´´

``ခွေးကောင်.. ပါးစပ်ပုပ်ကြီးနဲ့ ... ဒီမှာ တင်းနေရတဲ့အထဲ´´

ဘာမှဝင်မပြောဘဲနေသည့် ချိန်း ရဲ့ မျက်နှာကလည်း တင်းနေသည်။ အောင့် ကို ဘေးယိုင်သွားအောင် တွန်းပစ်လိုက်ပြီးမှ...

``သူက မင်းသူငယ်ချင်းလား....´´

``ဟုတ်တယ်.... သူက အရမ်းရုက်တတ်တာ၊ ဒီလို ဖြစ်တာ မပြောနဲ့... လူများများ ရှေ့ကတောင် လမ်းဖြတ်လျှောက်ရမှာ ကြောက်တဲ့သူ၊ သနားပါတယ်... ဘယ်နားနာသွားလဲ မသိဘူး´´

``ဟုတ်တယ်... ဒီမှာ တစ်ခါလဲသေးတာ´´

အောင် ပြောသည့် ချိန်း ကို ဝင်တိုက်သွားသည့်ဆိုတာကို ပြန်တွေ းမိကာ ကမာ စကားမပြန်နိုင်အောင် ဖြစ်သွားခဲ့၏ ။

``ပြန်မယ်လေ.. ငါ နင့်မွေးနေ့မှာ စားဖို့ ဝမ်းနတ်လာခဲ့တာ´´

ချိန်း က စကားဖြတ်ဖို့ ကြိုးစားလိုက်ပြီးမှ မျက်နှာပျက်သွားကာ...

``လက်ဆောင် ကတော့ နောက်နေ့မှ ပေးတော့မယ်´´

ဟို တစ်ယောက် ဝင်တိုက်လိုက်လို့ ပြုတ်ကျပျက်စီးသွားတဲ့ အကြောင်းတော့ မပြောတော့ပါ၊ ဒီနေ့ကျမှ ခုလို ဖြစ်ရခြင်းကြောင့် ကောင်မလေးကို စိတ်တိုသွားကာ ဘာမှလည်း မပြောမိ၊ လှည့်လည်း မကြည့် ဖြစ်လိုက်ပေ...။

ထို့ကြောင့် ရယ်သံတွေ ထွက်လာကာမှ သူမ ချော်လဲသည့်အ ဖြစ်ကို လှမ်းမြင်လိုက်တာ ဖြစ်၏ ။ ဖူး အကြောင်း ပြိုင်တူ တွေ းမိသွားကြပြီး မျက်နှာတွေ အိုသွားကြပေမယ့် ကမာ က သနားကြင်နာခြင်းများ နှင့် ဖြစ်ကာ ချိန်း ကတော့ နောက်ထပ်မဆုံပါရစေနဲ့လို့ ဆုတောင်းခြင်းဖြင့် ..။

သို့သော် တစ်ချိန်ချိန်ဆိုတာမှာ တော့...။

♥ ♥ ♥

# အခန်း (၁၂)

``အကန့်အသတ်မရှိတဲ့ အချိန်ဆိုတာကြီးကို ဘယ်လို မျှော်လင့်ချက်နဲ့ စောင့်ရမှာလဲ ကမာ... နှစ် နှစ် ဆိုတဲ့ကာလမှာ ကိုယ် ဘာတစ်ခွန်းမှ မဟခဲ့ဘဲနဲ့ ချစ်တဲ့မြတ်နိုးတဲ့ အပြုအမူတွေ ပြခဲ့တယ်၊ ရင်းနှီးမှု တွေ ယုံကြည်မှု တွေ ရှိကြဖို့ ကြိုးစားခဲ့တယ်၊ အခုမှ ဖွင့်ပြောခဲ့တာတောင် မင်း ပြောတဲ့ စဉ်းစားပေးပါ့မယ်ဆိုတာက အဝေးကြီးမှာ ပါလား´´

``ချိန်း က စိတ်တိုနေတာလား´´

``ကျွတ်....´´

သူပဲ လျှော့ရတော့မယ်ဆိုတာ သေချာနေခဲ့လျက် ချိန်း နားသယ်စပ်က ဆံပင်တွေကိုပဲ အထပ်ထပ် ဖွပစ်မိရင်း....

ပြန်ကြည့်မိတော့ ကော့နက်သည့် မျက်တောင်ရှည်တို့ ရံခနေသော မျက်ဝန်းပြာလေးတွေ က သူ့မျက်နှာကိုပဲ စူးစိုက်ကြည့်နေသည်မို့....

``ကိုယ့်မှာ စိတ်တိုခွင့်ရှိလို့လား ကမာ... အမြဲတမ်း တွေ ဆုံရယ်မော့ခွင့်ရရင်တောင် ကျေနပ်နေလို့ ရသေးတယ်၊ ဆိုင်ကို ဖြစ် ဖြစ် ကျောင်းမှာ ဖြစ် ဖြစ် အောင် မပါတဲ့အခါ မင်း ကိုယ့်ကို ဘယ်တုန်းက ထွက်တွေ့ခဲ့သလဲ...။ ဘယ်သင်တန်းတွေ တက်နေသလဲ မေးရင်ရော ဘယ်တုန်းက မင်း ဖြေခဲ့သလဲ၊ အဲဒီ အခွင့်အရေး တွေ ဘာမှ မရခဲ့တဲ့ ကိုယ်က...´´

ဆံပင်လေး ခါပစ်လိုက်ပြီး မော့လာတော့ သူမ တစ်ခုခုပြောတော့မယ်ဆိုတာ သိလိုက်ပြီး ချိန်း က ဆက်မပြောဘဲ နေ၏ ။ ကမာ က သူ့ကိုကြည့်ကာ...

``သုံးယောက် ဆိုရင် သူငယ်ချင်းတွေ လို့ လူတိုင်း ယုံတယ်လေ၊ နှစ် ယောက်တည်းဆိုရင်...´´

``အဲဒါကြောင့် အောင် နဲ့ချည်းပဲ မင်းနားမှာ ကိုယ်နေခဲ့တာ နှစ် နှစ် ....´´

``ဒါပေမယ့် အောင် က နင်နဲ့ ငါနဲ့ပဲ ပြောတာ၊ ချိန်း ပြောတာက မင်းနဲ့ကိုယ်...´´

``ဘာ ဖြစ်သွားနိုင်လဲ ကမာ... အောင် နဲ့ ခင်မိတာမှ မင်းကို ကိုယ်တွေ့တာ... အောင် နဲ့အတူ မင်းနားကို ရောက်လာတာလည်း သူငယ်ချင်းဖွဲ့ဖို့မှ မဟုတ်ဘဲ´´

ကမာ မျက်နှာလေး လွှဲပစ်သည်။

``မင်းရဲ့ အချစ်တကို မရမနေ ကြိုးစားမယ်ဆိုတဲ့ ချစ်စိတ်တွေ နဲ့လာတာ၊ အများ သူငါ သုံးတဲ့နည်းအတိုင်း ခင်မင်ခွင့်ပေးပါဆိုပြီး နင်တွေ ငါတွေ နဲ့ ရောပါနေရင် ချစ်ခွင့်ရမယ့်အဆင့်ကို ဘယ်လိုကျော်တက်မလဲ...၊ ခုတောင် မင်း ဒီလောက် သွေးအေးနေတာ ´´

လွှဲထားသည့် မျက်နှာတစောင်းလေးက နှာလံကော့ကော့လေးနဲ့ မျက်တောင်ရှည်တွေ ကို စိုက်ကြည့်ရင်း ဘာမှ ပိုင်ဆိုင်ခွင့်မရသေးသည့် ကိုယ့်အ ဖြစ်ကို မချင့်မရဲ ဖြစ်နေမိ၏ ။

ကျောင်းတွေ ပြီးဖို့ဆိုတာ တစ်လပြီးတစ်လနဲ့ ဘယ်လောက်ကြာမှာ လဲ...၊ မိဘတွေ စီစဉ်ချင်နေတဲ့ အိမ်ထောင်ရေး က တစ်ဖက်၊ ချစ်တဲ့ သူကို ပိုင်စိုးခွင့်မရတာ က ဒုက္ခတစ်မျိုး...။

``ကမာ...´´

လေးထောင့်စားပွဲမှာ ထောင့်မှန်ကျ ထိုင်နေတာမို့ ကမာ့ လက်ခုံလေးနားထိ သူ့လက် တိုးကာ လက်သန်းလေးချင်း ကပ်ချိတ်ထားမိရင်း...

``ဘယ်နေ့ အဖြေပေးမယ်ဆိုတာ အချိန်တစ်ခုခုတော့ ကန့်သတ်လိုက်ကွာ.. ကျောင်းတွေ ပြီးတော့မယ်´´

``ခုမှ ပထမနှစ် ဝက်တောင် မဖြေရသေးဘူး´´

``ဒီတစ်နှစ် လုံး ကိုယ့်ကို စောင့်ခိုင်းချင်တာလား´´

``မစောင့်ခိုင်းချင်ပါဘူး ချိန်း ရယ်.. ချိန်း သဘောကျတဲ့ မိန်းကလေးတွေ့ရင်

မျက်နှာပူစရာ မလိုဘဲ ကမာ့ကို နှုတ်ဆက်သွားလို့ ရပါတယ်၊ ကြိုးရှည်ရှည်နဲ့ လှန်ထားတယ်ဆိုတဲ့ အကြည့်မျိုးနဲ့တော့ မကြည့်နဲ့...´´

``မင်းကို...´´

``ကမာ ချစ်သူ မရှာချင်သေးဘူး၊ ချိုန်း နဲ့ ကမာ အခြေအနေချင်းကလည်း အရမ်းကွာပါတယ်၊ ကမာ မေမေ့ကို ကတိပေးထားလို့ အဲဒါကို တည်ချင်တယ်´´

``ရည်းစား မထားပါဘူးဆိုတာလား´´

``မဟုတ်ပါဘူး... မမထက် တို့ရဲ့ ပြိုင်ခံရမယ့်အ ဖြစ်မျိုး...´´

``ဟာ.. အဲဒါတော့ အရမ်းကို ဘောင်ကျဉ်းသွားပြီ ကမာ၊ မင်း အမေဆိုပေမယ့် သူတို့အားလုံးရဲ့ ပြောသံဆိုသံတွေ ထွက်လာတိုင်း ဘာကောင်းတာ ရှိလို့လဲ၊ မင်း ခုရော ပြောဆိုကြိမ်းမောင်းခံနေရတာ ပဲ မဟုတ်ဘူးလား´´

စိတ်လိုက်မာန်ပါ ပြောပြီးမှ ဆောရီး လုပ်ကာ ချိုန်း ခေါင်းခါလိုက်၏ ။

``အဲဒီ လို ကြားရတိုင်း ကိုယ်ချစ်ရတဲ့ မိန်းကလေး တစ်ယောက် ဘက်က ကိုယ့်နားထဲမှာ ကန့်လန့်ကြီး ဖြစ် ဖြစ်သွားတာ သတိရလို့ပါ... ဆောရီး´´

ကမာ က သူချိတ်ထားသည့် လက်သန်းလေးကို ပြန်ဆွဲရုတ်ကာ ပြုံး လိုက်၏ ။

``ရပါတယ် ချိုန်း ရယ်.. ဆောရီးဖို့ မလိုပါဘူး၊ ချိုန်း ပြောတာ မှန်တယ်၊ ဒါပေမယ့် `အနင်းခံနိုင်တဲ့စပါး သန်တယ်´တဲ့၊ ပြောနေတဲ့သူရှိတော့ ပိုထိန်းမိတာပေါ့၊ ကမာ အဲဒီ စကားတွေ ကြောင့် ဝမ်းနည်းသိမ်ငယ်မနေမိအောင် ကြိုးစားထားတယ်၊ ဒီလိုပြောတတ်တာ ရှိပေမယ့် ကိုယ့်ရဲ့ စားဝတ်နေရေး ပြေလည်နေတာ သူတို့ကြောင့် လို့ပဲ မှတ်ထားတယ်´´

``မင်း လုပ်ပေးနေတာတွေ ထက် သူတို့က ပိုပြီး ထောက်ပံ့ခဲ့တာ ရှိလို့လား´´

ကမာ ဖျတ်ခနဲ မျက်လွှာပင့်ကြည့်လိုက်တော့ ချိုန်း က မျက်နှာလွှဲပစ်ကာ...

``အောင် ပြောပြောနေတာတွေ လည်း ကြားထားတာ ရှိလို့ပါ၊ ကိုယ်

မိန်းမလိုမိန်းမရစကားတွေ ပြောနေမိတယ်ဆိုရင် တောင်းပန်ပါတယ်´´

ကမာ က မချိတရိလေးပြုံး ကာ ခေါင်းခါပြသည်။

``ချိန်း ပြောတာ မမှာ းပါဘူး.. အားလုံးမှန်တယ်၊ ဒါပေမယ့် စီးပွားပျက်ဆိုတဲ့ဘဝမှာ ကမာ တို့လို မိန်းမတွေ အတွက် အရမ်းအန္တရာယ်များ တာ ချိန်း သိလား၊ မမထက် တို့ဆိုင်မှာ ကမာ အလုပ်လုပ်နေတာ ငွေကြေးဖိနှိပ်မှု တွေ ရှိချင်ရှိမယ်၊ ပြောဆိုဆက်ဆံတာတွေ မှာ ကြားမကောင်း၊ မြင်မကောင်းတာတွေ လည်း ရှိနေမှာ ပဲ၊ ဒါပေမယ့် မေမေနဲ့ ကမာ လိုချင်တာက လုံခြုံမှု အဓိကပဲ၊ ပြည့်စုံကြွယ်ဝတဲ့ အရိပ်အမိုးတစ်ခု ရှိထားချင်တာ၊ သူ့အစ်မဆိုင်မှာ အတူတူ အလုပ်လုပ်နေတာ ဆိုတဲ့ ဂုဏ်က ပတ်ဝန်းကျင်မှာ မနိမ့်ကျပါဘူး၊ ကိုယ်လည်း ပညာရတာ ပဲလေ၊ ဒီအလုပ်က မိန်းကလေးနဲ့ အသင့်တော် ဆုံး အသက်မွေးဝမ်းကျောင်းပညာ...´´

``ဟုတ်ပါပြီ... ကိုယ်ဝေဖန်မိတာ မှာ း သွားပါတယ်၊ ကိုယ်တို့ အဲဒါတွေ မပြောနဲ့တော့ကွာ၊ အခု မွေးနေ့လက်ဆောင် ပေးမယ်၊ ကိုယ့်ကို အဖြေမပေးတဲ့အတွက် လက်ဆောင်ကို မငြင်းရဘူး´´

တစ်ခါတည်း တားဆီးနေပုံကြောင့် ကမာ မျက်ခုံးလေးတွေ တွန့်သွားသည်။

``မနေ့က ကျောင်းမှာ လာစောင့်နေတုန်းက ပေးမလို့ပဲ... ဟို ကောင်မလေး လုပ်ချလိုက်တာ ပျက်စီးသွားလို့...´´

ပြောနေရင်း ဘောင်းဘီအိတ်ထဲကို နောက်ပြန်နှိုက်ယူနေသဖြင့် ..

``ဘာမို့လို့ ပျက်စီးသွားတာလဲဟင်´´

``ပြန်ပြောရင် စိတ်တိုတယ်ကွာ.. အဲဒါ ကိုယ် တစ်ညလုံး စိတ်ကူးယဉ်ပြီး လုပ်ထားတဲ့အိမ်လေး´´

``အိမ်လေး...´´

``အင်း....´´

အလိုမကျသည့် မူ နဲကုတ်ကုတ်မျက်နှာနှင့် ချိန်း က ခေါင်းညိတ်သည်။ အိတ်ထဲက နှိုင်ယူလိုက်ပေမယ့် လက်ထဲမှ ဘူးတွေ ခွကတွေ ဘာမှမပါလာဘဲ လက်သီးတော့ ဆုပ်ထား၏ ။

ကမာကလည်း သူ့လက်ထဲကပစ္စည်းကို စိတ်မဝင်စားပါ။

``စိတ်ဝင်စားစရာလေးပဲ၊ ဘယ်လိုအိမ်လေးလဲဟင်´´

``ဖော်မီကာပြား အပါးလေးတွေ ကိုချိုးပြီး တစ်လက်မပတ်လည် အိမ်နှစ် လုံး ဆောက်ထားတာကွာ၊ အိမ်ဒီဇိုင်းလေးတွေ ကို သေးသေးကွေးကွေးတွေ နဲ့ လှနေအောင် တအား စဉ်းစားရတာ ၊ ကွန်ပျူတာရှေ့မှာ တစ်ညလုံးပဲ´´

``ဟုတ်လား... ကြည့်ချင်လိုက်တာ´´

``အဲဒါ ဖော်မီကာပြားပေါ်မှာ ပဲ စူပါဂလူးနဲ့ ဖြတ်ချိုးပြီး ဆောက်တော့ သန်းခေါင်ကျော်မှ ပြီးတာ၊ ကီးချိန်းတွေ ထဲက သေချာရွေးထားတဲ့ စုံတွဲ ရုပ်လေးကို အိမ်နှစ် လုံးရဲ့ ရှေ့ ကွက်လပ်လေးမှာ အတူတူထိုင်ပေးထားတာ၊ ဘေးမှာ သစ်ခြောက်ပင်လေး နှစ် ပင်နဲ့´´

``ဟင်´´

ကမာ့ မျက်ဝန်းလေးတွေ လင်းလက်နေတာ မြင်ရတော့ စိတ်က ပိုပြီး တိုလာသည်။

မိန်းကလေးပီပီ ဒီလိုစိတ်ကူးပုံဖော်တာလေးတွေ ကို သဘောကျမယ်ဆိုတာ သူ တွက်မိပြီးသား...။ ဒါကြောင့် လည်း အိပ်ရေး ပျက်ပင်ပန်းခံပြီး ကြိုးစားလုပ်ခဲ့တာ ဖြစ်သည်။

``စာအုပ်သေးသေးလေးထဲမှာ ထည့်ပိတ်ပြီးသော့နဲ့ သေချာခတ်ပိတ်ထားတာ၊ မင်းကို စောင့်နေရင်း အဲဒါကို ကိုင်ထားတာလေ၊ မင်းကောင်မလေးက တိုက်ချလိုက်တယ်၊ သူပဲ ဒုံးနဲ့ ဖိကြိတ်ပစ်လိုက်တယ်´´

စာအုပ်ပေါ်မှာ ဒူးထောက်ပစ်လဲသွားသည့်မြင်ကွင်းကို ခဏခဏ သတိရမိတိုင်း

စိတ်တိုသည်။ ကမာ ကတော့ မယ်မင်းကြီးမလေးအကြောင်း ပါလာကတည်းက တက်ကြွဝင်းလက်နေသည့် မျက်လုံးတွေ ကို ဖျတ်ခနဲ မျက်လွှာချပစ်သည်။

``နမြောစရာလေး´လို့ တိုးသဲ့စွာ ပြောလိုက်ပြီးမှာ `မနမြောတော့ပါဘူး´လို့များ ပြင်ပြောချင်နေသလား မသိ၊ သူ တွေ းလိုက်သည့်အတိုင်းပင်..

``ကဲပါ... ပျက်စီးသွားပြီးမှတော့ ဘာတတ်နိုင်မှာ လဲ.. သူလည်း တမင်လုပ်တာမှ မဟုတ်တာ´´

ချိုန်း က မျက်မှော င်ကုတ်နှင့် စိုက်ကြည့်ကာ...

``မင်းရဲ့ ဖူး ကို အပြစ်တင်ဖို့ ပြောနေတာ မဟုတ်ဘူး၊ မေးလို့ ပြောပြတာ.... အဲဒီ ကောင်မလေးနဲ့ မင်း ဘယ်တုန်းက အဲဒီ လောက် ခင်သွားတာလဲ´´

ကမာ က သူမရှေ့က စတော် ဘယ်ရီမစ်ရှိတ်ကို ဆက်မသောက်တော့ဘဲ ဘေးကို တွန်းလိုက်၍ ...

``ဒီနှစ် ကျမှပါ.. ဖူး က သနားဖို့ကောင်းတယ် ချိုန်း ရဲ့ ...´´

``မော်ဒယ်အမြင့်ဆုံး မာစီးဒီးနဲ့ ကျောင်းလာတတ်တဲ့သူကိုလား´´

``ဟင်... ချိုန်း သိနေတာလား၊ ကမာ က မသိဘူး ထင်နေတာ´´

``အောင် ပြောတာ´´

ချိုန်း က မျက်မှော င်ကုတ် မပြေ..၊ ရှေ့မှာ ရှိနေသည့် မစ်ရှိတ်ကိုလည်း လက်နဲ့တောင် မထိဘဲ ရှိလျက်..

``ခေါင်းငုံ့ပြီး အပြေးတစ်ပိုင်းသွားတတ်တဲ့ အဲဒီ ကုတ်ချောင်းချောင်း တစ်ယောက် ကို ဘယ်သူမှ သတိမထားမိဘူး ထင်လို့လား၊ ဟွန်း တမင်ထွင်နေတာ ထင်ပါတယ်၊ သူ့အကြောင်း ဟိုလူပြော ဒီလူပြောနဲ့´´

ချိုန်း ဒေါကန်နေရသည့်အကြောင်းရင်းကို သိနေသဖြင့် ကမာ

ဘယ်လိုဖြေစကား ပြောပေးရမလဲ အစရှာနေမိသည်။

ထိုစဉ် ချိန်း က ကမာ့လက်လေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ကာ..

``လက်ဆောင်ပေးမယ်´´

``ဟင်... ဘာလဲ´´

ကမာ ပြန်ရန်းတော့ လက်ကို အတင်းအကျပ် ပြန်ဆုပ်ထားလျက် သူ ဆုပ်ကိုင်ထားဆဲအရာကို လက်ဝါးဖြန့်ပြလိုက်သည်။

လက်စွပ်လေးတစ်ကွင်း...။

လုံးချောမောင်းကွင်းလေးမို့ သိပ်မဆန်းပေမယ့် အလေးချိန်အားဖြင့် ထုခဲနေတာလေးကို ကြည့်တာနဲ့ သိသာသည်။ ထို့ပြင် ချိန်း ဆိုသည့်နာမည် ကို အင်္ဂလိပ်စာလုံးလေးတွေ ထွင့်ထည့်ထားတာ တဖျပ်ဖျပ် လက်နေ၏ ။

``ဟင့်အင်း... မလိုချင်ဘူး´´

ကမာ ချက်ချင်း ခေါင်းခါသည်။ ချိန်း ကလည်း ဇွတ်တရွတ်ဆန်စွာ ခေါင်းခါလျက်...

``ဘာမှ ထပ်မလုပ်ချင်တော့လို့.. အမှတ်တရလည်း ဖြစ်စေချင်တာနဲ့ ဒါကို ယူလာတာ၊ ဒီလက်စွပ်က ကိုယ် ရှစ်တန်းအောင်တုန်းက မာမီကိုယ်တိုင် လုပ်ပေးပြီး အမှတ်တရလက်ဆောင် ပေးခဲ့တာလေ၊ ကိုယ် အဲဒီ အရွယ်တုန်းက နည်းနည်း ဖိုင့်တယ်ကွ၊ အဲဒါကြောင့် ခုဆို မိန်းကလေးလက်နဲ့ အတော် ပဲ၊ လက်ဖြန့်..´´

``ဟင့်အင်း.. မလုပ်ပါနဲ့ ချိန်း ရယ်.. တန်းဖိုကြီးတာကြီး မလိုချင်ဘူး၊ ချိန်း မာမီကိုယ်တိုင် ပေးထားတာကိုလည်း မယူရဲပါဘူး၊ ပြီးတော့ လက်စွပ်ဆိုတာက...´´

``မလိုချင်ရတဲ့အကြောင်းတွေ ချက်ချင်း ကြီး ထွက်ချလာတာ များ လှချည်လား ကမာ၊ ကိုယ် ကတော့ မင်းကို ပေးချင်တာ အကြောင်းတစ်ခုပဲ ရှိတယ်၊ ကိုယ် အရမ်းမြတ်နိုးတဲ့ ချစ်ရသူမို့လို့ တန်ဖိုးကြီးတာကို ပေးချင်တာ၊ ဒါပဲ...´´

ရှန်းသူနဲ့ ဆွဲထားသူ နှစ် ယောက် ၏ လက်နှစ် ဖက်က မြဲမြဲနေဆဲနှင့်...

``ကိုယ့်ခေါင်းထဲမှာ မင်းပဲရှိနေတဲ့အကြောင်း ပုံဖော်ပြချင်လို့ စိတ်ကူးတွေ ရင့်သန်ခဲ့တာက ပျက်စီးသွားတယ်၊ အဲဒါကြောင့် ကိုယ့်ကိုယ်ပေါ်မှာ အကြာကြီး ရှိနေခဲ့ဖူးတဲ့ အမှတ်တရပစ္စည်းတစ်ခုကို ပေးချင်တယ်၊ ထူးဆန်းတာ ဘာမှမပါဘူး၊ ဒီလက်စွပ်မှာ ရှိတဲ့ တန်ဖိုးက ငွေကြေးမဟုတ်ဘူး ကမာ... ကိုယ့်အချစ်တွေ ....´´

ကမာ သူ့မျက်နှာကို မော့ငေးနေစဉ် သူ့အလိုကျ ဆောင်ရွက်သွားခြင်းဖြင့် ကမာ့ လက်သူကြွယ်လေးမှာ လက်စွပ်က နေရာတကျ ဖြစ်သွား၏ ။ ချိန်း က ကမာ့ လက်ချောင်းဖြူဖြူ ပြည့်ပြည့်လေးကို တယုတယ ငုံ့ကြည့်ပြုံး ရင်း....

``အတော် ပဲ တွေ့လား.. မင်းအချစ်ကိုသာ ရပြီးနေပြီဆိုရင် ဒီလက်ချောင်းလေးတွေ ကို ဆွဲကိုင်မိမလားပဲ´´

``ချိန်း ကလည်း´´

ကမာ ပါးပြင်လေးနှစ် ဖက် ပန်းရောင် ရင့်သွားကာ ရှက်နေသည့် အပြုံး နက ကြည့်မဝနိုင်ဖွယ်..၊ လက်ချောင်းလေးတွေ ကို သူ့လက်နှစ် ဖက်ထဲမှာ ဖွဖွလေး ဖိဆုပ်ထားလိုက်ပြီး ချိန်း က စိုက်ကြည့်ကာ....

``အရမ်းချစ်တာပဲ ကမာ... မင်းအချစ်ကိုရရင် ဘာကို ဖြစ် ဖြစ် ကိုယ် ဂရုမစိုက်ဘူး ´´

``ချိန်း....´´

``ဟင်.....´´

``လက်စွပ်မှာ ချိန်း ရဲ့ နာမည် ပါနေလို့ပါ၊ ကမာ့ ကို နားလည်ပါ ချိန်း ရယ် နော်... ဒါကို လက်ခံထားရရင် ကမာ့အတွက် အန္တရာယ် အရမ်းများ လို့ပါ´´

``ချစ်သူတိုင်း ပေါင်းဖက်ကြစေသတည်းဆိုတဲ့ ရိုးရိုးရှိခဲ့လို့လား၊ `ကိုယ် ချစ်တာ ကိုယ်ယူကြ´လို့ မိဘတိုင်းရော ခွင့်ပြုနိုင်ကြလို့လား၊ `မေတ္တာစစ်မှန်ရင် ဖြောင့်ဖြူး တယ်

မရှိဘူး´ဆိုတဲ့ ရေးစကားကသာ တည်ခဲ့တာပါ၊ ကိုယ့်ကို မင်း ချစ်လာတဲ့နေ့မှာ အဲဒီ သတ္တိတွေ မင်းမှာ ရှိလာလိမ့်မယ်´´

``ဟုတ်လိမ့်မယ်.. ဒါပေမယ့် ကမာ စဉ်းစားပါ့မယ်ဆိုတဲ့ကာလမှာ ဒီလိုပစ္စည်းကြောင့် ..´´

``လုံးဝ အားနာစရာ မလိုဘူး ကမာ၊ ဒါ မင်းကို ချစ်နေတဲ့အတွက် ပေးတဲ့လက်ဆောင်.. ကိုယ့်ကို ပြန်ချစ်လာအောင် ဖြားယောင်းတာ မဟုတ်ဘူး၊ မင်းလိုပဲ ပြောရမယ်ဆိုရင်တော့ ကိုယ် မဟုတ်ဘဲ တခြား တစ်ယောက် ကို ရွေးသင့်တယ်လို့ မင်းဆုံးဖြတ်မိတဲ့အခါ မျက်နှာပူစရာ မလိုဘဲ နှုတ်ဆက်သွားလို့ ရတယ်´´

ကမာ့ ကို စိုက်ကြည့်နေရင်း မျက်ဝန်းတွေ လွှဲသွားကာ သောက်လက်စနှင့် ဘေးဖယ်ထားသည့် စတော်ဘယ်ရီမစ်ရှိတ်ကို ဆွဲယူလိုက်သည်။ ပြီးတော့ ပိုက်ကိုပါ ကိုင်လိုက်သဖြင့် ...

``ချိန်း... ဘာလုပ်မလို့လဲ၊ ကမာ သောက်ပြီးသားတွေ ´´

``ဘာ ဖြစ်လို့..´´

``မဟုတ်ဘူးလေ.. ဟို .. ကိုယ့်ဟာကို သောက်ပါ ချိန်း ရဲ့ ...´´

``မသောက်ချင်လို့....´´

``ဒါဆိုလည်း ခဏ ´´

ကမာက တစ်သျှူး တစ်စ ထုတ်လိုက်ပြီး ဖန်ခွက်ကို လက်လှမ်းတော့ လက်ကို ဖယ်ပစ်လိုက်ကာ...

``ဘာလုပ်မှာ လဲ´´

``ဟို.. ပိုက်မှာ နှုတ်ခမ်းနီတွေ နဲ့´´

``ထားလိုက်ပါ.. နမ်းခွင့်မရှိသေးတဲ့လူဆိုတော့ ဒီလောက်နဲ့ပဲ ကျေနပ်ရမှာ ´´

``ချိန်း ကလည်း´´

ကမာ ရှက်ရှက်နှင့် ဆံပင်ကိုင်မိလိုက်၊ နဖူးလေး ကုတ်မိလိုက် ဖြစ်သွားသည်။ ထို့ပြင် နှုတ်ခမ်းနီရောင် စွန်းပေနေသော ပိုက်တံလေး သူ့နှုတ်ခမ်းတွေ ထဲ ရောက်သွားသည်။ ပူပူထူထူကြီး ဖြစ်သွားမိလျက်...

``ပြီးရင် ပြန်မယ်လေ´´

ဘာတွေ ပြောမိမှန်းလည်း မသိ၊ ချိန်း က စိုက်ကြည့်ရင်း ပြုံး ကာ...

``ပြီးရင်တော့ ပြန်ကြရမှာ ပါ၊ မင်းက ကိုယ့်နောက်လိုက်မှာ မှ မဟုတ်တာ´´

``ချိန်း နော်´´

``တကယ်နော်... ဘယ်မှာ လာခိုးရမလဲ... ဘယ်အချိန်လဲ´´

``ကြည့်ပါလား...´

ကမာ သူ့လက်ခုံကို ဖွဖွလေး ထုပစ်လိုက်မိသည်။ ထိုလက်လေးကို ချိန်းက ဖမ်းဆုပ်ထားလိုက်ကာ...

``ဘယ်လို ချစ်မှန်း မသိဘူး ´´တဲ့....။

ကမာ ရင်တွေ ခုန်နေမိကာ ကြည့်နူးခြင်းတစ်ဝက်နှင့် ထိတ်လန့်ခြင်းကလည်း မပြေ။

နှစ် ယောက် တည်း မတွေ့ဖြစ်အောင် တတ်နိုင်သမျှ ရှောင်ရှားခဲ့မိသော အကြောင်းတရားတို့သည် ဤသို့သော အကျိုးတရားတွေ ကို ရင်မဆိုင်ချင်လို့...။

ဒါပေမယ့်.....။

♥ ♥ ♥

# အခန်း (၁၃)

``နေထိုင်မကောင်း ဖြစ်လာရင် ဆေးကုရမှာ ပဲ မေမေ၊ စိတ်ဆင်းရဲစရာတွေ ပြည့်နှက်နေတာကိုပဲ စဥ်းစားနေလို့ စိတ်ဖိစီးမှု ကနေ ရောဂါ ဖြစ်လာတာ၊ မေမေ့မှာ ကြီးကျယ်တဲ့ ရောဂါ ဘာမှမရှိဘူး၊ သေးသေးမွှားမွှားကို မကုသဘဲ ထားရင်သာ...´´

``မေမေ ဘာမှမ ဖြစ်ပါဘူး´´

ဆေးခန်းသွားပြဖို့ ဖြစ်လာတိုင်းမေမေ့ကို အလွယ်တကူ ခေါ်သွားလို့ရခဲ့တာ တစ်ခါမှ မရှိပေ၊ ကမာ့ ရင်ထဲမှာ ရှိနေတာက တစ်မျိုး၊ မေမေး ခံစားနေရတာ က တခြား...။

သားအမိနှစ် ယောက် တည်း ရှိနေပြီး ဆုံးဖြတ်ဖို့ရှိလာပြီဆို ဘယ်တော့မှာ တပ်တူညီခဲ့တယ် မရှိ...။

``မေမေက သမီးရဲ့ အမေအ ဖြစ် ရှိနေပေမယ့် ဘာမှ ဦးဆောင်လမ်းပြ မပြုနိုင်တဲ့အပြစ် သမီးက ရှာဖွေကျွေးနေရသေးတယ်၊ စိတ်ကူးကောင်း အကြံဉာဏ်ကောင်းဆိုတာလည်း မေမေ့မှာ ..´´

``မေမေ့မှာ အမေဆိုတဲ့ ပူဇော်ခံခိုက်တဲ့ဂုဏ် ရှိပြီးသားပဲ မေမေ၊ သားသမီးဆိုတာ လူလားမမြောက်ခင်မှာ ပဲ မိဘက ပြုစုစောင့်ရှောက်ပေးတာကို ခံသင့်တာ၊ အရွယ်ရောက်နေကာမှ မိဘကို တစ်လှည့်ပြန်ပြီး မပြုစု မစောင့်ရှောက်နိုင်ရင် သားသမီးကောင်း ဖြစ်ပါ့မလား၊ မေမေက သမီးကို မချိတရိ ရုန်းကန်ရှာဖွေကျွေးနေရင်သာ သမီးအပြစ်ရမှာ ပါ မေမေရယ်... မေမေ့ကို ပြုစုရတာ သမီး ကုသိုလ်တွေ ယူနေတာပါ၊ ဘာမှတွေ းမနေပါနဲ့.. တခြားသူတွေ လို နေပူစပ်ခါးထဲ ထွက်ရှာနေရတာ လည်း မဟုတ်ဘူးလေ... နော်၊ မေမေ့သမီး ကြွကြွလှလှလေးနေရင်းနဲ့ မေမေ့ကို ပြုစုနေရတာ ၊ လာပါ.. ဆေးခန်းသွားရအောင်..´´

ဒေါ်အမာလွင် ခေါင်းမညိတ်သေးဘဲ ကမာ့ ဆံပင်လေးတွေ ကို တယုတယ သပ်တင်ပေးရင်း မျက်ဝန်းတို့မှာ မျက်ရည်ဝေ့နေဆဲ......

``ဒါတွေ မေမေသိပါတယ်… မိဘရင်ထဲမှာ ဘာတွေ ရှိနေတယ်ဆိုတာတော့ တစ်ခုချင်းချပြီး ညည်းတွားမနေချင်တော့ပါဘူး၊ ဆိုးဝါးနေရတာ တွေ ကို ဒါ အကောင်းဆုံးပဲလို့ မြင်နိုင်ဖို့ဆိုတာလည်း….´´

``မေမေရယ်…´´

``သမီးနဲ့ မေမေ့အကြောင်းကိုပဲ ပြောရမယ်ဆိုရင် သမီးက အဆင်ပြေပါတယ်လို့ ပြောနေပေမယ့် လူတွေ စည်ကားနေတဲ့ ဆိုင်ထဲမှာ မရွှေတို့ သားအမိတွေ မေမေ့သမီအပေါ်မှာ ….´´

``သားအမိ မဟုတ်ပါဘူး မေမေ… မမထက်က သမီးကို ညှာပါတယ်။ အန်တီရွှေ ကတော့ မေမေတို့ တွေ့ကြရင်လည်း သူပြောပုံက ဒီပုံစံပဲ၊ သမီးရင်ထဲမှာ ရင်နင့်ကြေကွဲနေတာမှ မဟုတ်ဘဲ မေမေရယ်… စိတ်မကောင်း ဖြစ်မနေပါနဲ့…´´

``အခု သမီးကို တစ်ဆိုင်လုံး လွှဲလို့ရနေပြီဆိုတာတောင် လစာကို တန်ရာတန်ကြေး ပေးလို့လား သမီး၊ နှုတ်ကလည်း မချို၊ လက်ကလည်း တို၊ သမီး အပျို အရွယ်လေးနဲ့ သူတို့ ပြောဆိုသမျှ ခံနေရတာ ဘေးလူတွေ အမြင်မှာ ဘယ်လောက်အထင်သေးကြသလဲ´´

``တစ်ခွန်းမှ ပြန်မပြောတဲ့လူနဲ့ တစ်ယောက် တည်း အော်ဆဲနေတဲ့သူ ဘယ်သူ့ကို ကဲ့ရဲ့ ကြမလဲ မေမေပဲ စဉ်းစားကြည့်ပါဦး၊ သမီးခံစားရလည်း ခဏပဲ။ အံ့ဖွဲ့ခံစားမနေမိအောင် ကြိုးစားထားခဲ့တာ အသားကျနေပါပြီ´´

``အေးလေ… တခြားဆိုင် ပြောင်းလုပ်ဖို့ ဆိုတာကျတော့လည်း….´´

``မ ဖြစ်ဘူး မေမေ.. မမထက် က သမီးအပေါ် ကောင်းတယ်၊ နောက်ပြီး ဒီပညာတွေ ကို သူ ပေးခဲ့တာ၊ ကိုယ့်အစ်မဝမ်းကွဲလည်း ဖြစ်နေသေးတယ်၊ တခြားလုပ်တာထက်စာရင် ဆွေမျိုးချင်း ထူထောင်တားကြသလို စည်းစည်းလုံးလုံးလုပ်ရတာ ဂုဏ်လည်း ရှိပါတယ်´´

ဒေါ်အမာလွင် ကျေကျေနပ်နပ် ခေါင်းညိတ်သည်။ သို့သော် ...

``အေးပါ... မေမေ ဒီနေ့တော့ ဆေးခန်းသွားလို့ မ ဖြစ်သေးဘူး သမီး´´

``ဟင်....´´

``စိတ်ညစ်နေတာတွေ ကို တမင်ထိုင်တွေ းနေတာ မဟုတ်ပါဘူး သမီးရယ်.. ဒီနေ့ အဲဒီ ပြဿ နာထုပ် ရောက်လာမှာ ကို တွေ းနေမိလို့ပါ´´

``အိမ်ကိစ္စလားမေမေ´´

ဒေါ်အမာလွင် လှုပ်လီလှုပ်လဲ့ ခေါင်းညိတ်ရင်း နေရာမှ ထရပ်သည်။ နဂိုက သွယ်လှသော ကိုယ်ခန္ဓာဟာ တဘက်စောင်းပါးလေး ပတ်ခြုံထားသည့်အောက်မှာ တကယ့်ကို သေးသေးကွေးကွေးပဲ ကျန်၏ ။

ဘဝကို မြင့်သထက်မြင့်အောင် ရိုးသားစွာ ရှာဖွေ ရုန်းကန်ခဲ့ပေမယ့် အမြင်ဆုံးဆိုတဲ့နေရာ မရောက်နိုင်ခင် ဖေဖေ အပေါင်းအသင်းဖျက်လို့ ခြေလှမ်းများ ခဲ့၏ ။

အမှာ းမပြုခဲ့ဖူးသူမို့ မှာ းပြီဆိုသည့် တုန်လှုပ်ခြင်းကို ဟန်လုပ်မတင်းနိုင်ခဲ့ပေ။ ထို့ကြောင့် `ဆရာများ သားသေ´ဆိုသလို မိသားစု ဘဝပျက်တဲ့အထိ ဖြစ်ခဲ့ရသည်။

မှာ းသွားလို့ ကြောက်လန့်ပြီး ရုန်းလေ နစ်လေ....။

ဖေဖေ မဆုံးမီကတည်းက ဒီအိမ်နဲ့ခြံ ပေါင်ခဲ့ရတာ ဖြစ်သည်။ အတိုးတွေ ရင့်သန်လာသည့်အချိန်မှာ ရှိတဲ့အထည်ကြီးတွေ ကိုပဲ ထုခွဲရောင်းချ၍ အတိုးတပ်ခဲ့ရသည်။

ကမာ ရှာဖွေတဲ့လစာဟာ သားအမိ စားဝတ်နေရေး အတွက်တော့. ချို့ငဲ့နိုင်မှာ မဟုတ်ပေမယ့် အပေါင်တိုးအတွက်ကို မတတ်နိုင်..။

ပတ်ဝန်းကျင်ကို အသိမခံဘဲ ဖြေရှင်းနေကြတာမို့ အိမ်ပေါင်ထားရသည့်အ ဖြစ်ကို လူမသိပေမယ့် ပစ္စည်းတွေ ရောင်းပြီးထုတ်ပြီဆို ကြီးကြီးသေးသေး ပတ်ဝန်းကျင်က သိပြီးသား ဖြစ်နေခဲ့၏ ။

ထို့ကြောင့် ပစ္စည်းတွေ ရောင်းချပြီး ထိုင်စားနေသည်ဟု ဒေါ်ရွှေရုပ်တို့က ကြေညာမောင်းခတ်၍ ကဲ့ရဲ့ ခဲ့သည်။ ကမာ ကတော့ ဆုံးဖြတ်ပြီးသားပါ။ ကိုယ်နဲ့မထိုက်လို့ မမြဲတော့လည်း ပစ္စည်းဆို ဘာကိုမှ မက်မောခုံမင်နေဖို့ မလိုပေ...။

အိမ်ခြေရာခြေ ပျက်ရမည့် အ ဖြစ်ကို ကြောက်ပေမယ့် ကြုံ းစားနေသည့်ကြားထဲက ပျက်စီးသွားမည် ဆိုလျှင်လည်း မတတ်နိုင်...။

တိုက်နဲ့မတန်တော့ တဲနဲ့နေရုံပဲ ရှိသည်။ သူမ အဓိက ဆုံးရှုံးမခံနိုင်သည်က မေမေပဲ ဖြစ်၏ ။ ဖေဖေ ရှိနေကတည်းက ငြိမ်းငြိမ်းလေး နေလာခဲ့သည့်မေမေ့ကို ယောက် ားမရှိကာမှ `ထွက်ရပြီ... ရှာရပြီ´ဆိုတာမျိုး မမြင်ရက်နိုင်...။ ပြီးတော့ မေမေက လူရောစိတ်ပါ ခံစားလွယ်တတ်သူမို့ ဖေဖေရှိတုန်းကအတိုင်းပဲ မီးမလောင် နေမခစေချင်...။

သားအမိနှစ် ယောက် စလုံး ရှာနေလည်း ထူးခြားဖွံ့ဖြိုးလာဖို့ မရှိနိုင်မည် အတူတူ ကိုယ်ပဲ အပင်ပန်းခံဖို့ ဆုံးဖြတ်ပြီးသား..။ မေမေ အသက်တစ်နှစ် ပိုရှည်လျှင် မေမေလို့ ခေါ်နိုင်မည့် ပြုစုဖို့ အခွင့်အရေး တစ်နှစ် ပိုရမည် ။ သူမအတွက် မေမေ အသက်ရှည်ရှည် နေနိုင်ဖို့ထက် အရေး ကြီးတာ ဘာမှမရှိ....။

``ညတည်းက သူတို့ ဖုန်းဆက်ထားတာ´´

မေမေ ပြန်စပြောမှ ကမာ အတွေ းတွေ ပြတ်တောက်သွားကာ မေမေ့ဘေးမှာ သွားရပ်မိ၏ ။

``မဟုတ်သေးပါဘူး မေမေ.. တစ်နှစ် စာက ပြည့်မှ မပြည့်သေးတာ၊ နှစ် လနီးပါး လိုသေးတာကို...´´

``ဒါပေမယ့် မနှစ် က အတိုးတုန်းက တစ်နှစ် ရဲ့ လေးလကြာမှ သူတို့ လာတာလေ၊ အခုလည်း လလိုသေးပေမယ့်...´´

``အို... ဒီလို ဘယ်ရမလဲ´´

ကမာ့ စကားအဆုံးမှာ ဆလင်းဘတ်ခ်ထဲက ဖုန်းသံလေး ပေါ်လာ၏ ။

ဒေါ်အမာလွင် ထိတ်လန့်သည့်မျက်နှာနှင့် လှည့်ကြည့်ပေမယ့် ကမာ က အိတ်ဆီ ဆိုးဆိုးဆတ်ဆတ် လျှောက်သွားကာ စားပွဲပေါ်ကနေ ဆွဲယူလိုက်သည်။

ဖုန်းထုတ်ယူပြီး အိတ်ကို ဆိုဖာပေါ် ပစ်တင်လိုက်ကာ...

``ဟဲလို.. ဒေါ်အမာလွင် အိမ်ကပါ´´

``..... ...... ..... .....´´

စိုးရိမ်တကြီး လှမ်းကြည့်နေသည် ဒေါ်အမာလွင့်ထံ ကမာ့မျက်ဝန်းတွေ ဖျတ်ခနဲ ဝေ့လာပြီးမှာ ဘေးတံခါးဘက်ကို ထွက်လိုက်သည်။

မကြားစေချင်ပေမယ့် မေမေ ထွက်လိုက်လာမှာ ပဲဆိုတာကိုတော့ သိနေခဲ့၏ ။

``ကျွန်မတို့ အဆင်သင့်မ ဖြစ်သေးဘူး အန်ကယ်လ်... တစ်နှစ် လည်း မပြည့်သေးဘူးဆိုတော့ ကျန်တဲ့အချိန်လေးမှာ ကြိုးစားရဦးမှာ ´´

``.... .... .... ....´´

``ဟုတ်ကဲ့ သိပါတယ်... ဒါပေမယ့် အန်ကယ်လ် .. အဲ့ဒါ ကျွန်မတို့က အချိန်ပိုပေးပါလို့ တောင်းဆိုခဲ့တာ မဟုတ်ဘူးနော်.. သူဌေးနိုင်ငံခြားရောက်နေတယ်၊ ညွှန်ကြားချက် မလာသေးလို့လို့ အန်ကယ်လ်တို့ပဲ ကန့်သတ်ခဲ့တာ´´

``.... ..... ..... ...´´

``အဲဒီ လို မဟုတ်ပါဘူး၊ ဒါပေမယ့် တစ်လခွဲ နှစ် လနီးပါးဆိုတာ နည်းတဲ့အချိန်မှ မဟုတ်တာ၊ အန်ကယ်လ်တို့ဘက်က ရစရာရှိတာကို တစ်နှစ် စာ ထပ်ရွှေ့ထားလည်း ပြဿနာရှိတာ မရှိတာ အန်ကယ်လ်တို့အပိုင်းပါ၊ ကျွန်မတို့အတွက်က တစ်ရက်၊ တစ်ပတ်ကအစ အများ ကြီး ပြောင်းလဲနိုင်တယ်၊ အဲဒါကြောင့် တစ်နှစ် မပြည့်သေးဘဲ အတိုးတပ်ဖို့ မ ဖြစ်နိုင်တာကို နားလည်ပေးပါ´´

``.... .... ..... .....´´

``ရပါတယ် အန်ကယ်လ်.. သူငွေးပဲ ဖြစ် ဖြစ် သူငွေးရဲ့ ဘိုးတော် ပဲ ဖြစ် ဖြစ် ကျွန်မက ဒီတိုင်းပဲပြောမှာ ပါ၊ တစ်ခုရှိတာက ဘယ်သူကပဲ ပြောချင်တွေ့ချင်တာ ဖြစ် ဖြစ် ကျွန်မဖုန်းကိုပဲ ဆက်သွယ်လိုက်ပါ၊ အိမ်ဖုန်းကို မဆက်ပါနဲ့ မေမေက ကျန်းမာရေး မကောင်းလို့ အိမ်တွင်းရေး ကိစ္စမှန်သမျှ ကျွန်မကပဲ ဖြေရှင်းမှာ ပါ´´

တက်ဖက်က ခြိမ်းခြောက်သွေးတိုးစမ်းသည့်စကားတွေ ကို အပြီးသတ်ထိ နားထောင်ပြီး ကမာက မဲ့သည်။ ဒေါ်အမာလွင် က ဘေးကနေ သမီးမျက်နှာကို ငေးနေလျက် ပီတိမျက်ရည်တွေ တဝေ့ဝေ့လည်၏ ။

ဟိုတုန်း ကတော့ ကိုယ်ဟာ သမီးလေးကို ထိန်းကျောင်းပြုစုခဲ့တဲ့ မိခင် တစ်ယောက် ပါ၊ ခုတော့ သူမ ကလေးပြန် ဖြစ်ခဲ့ပြီလား...။

မိခင် တစ်ယောက် အပေါ် အေးမြသည့်အရိပ် မိုးပေးချင်နေသော သမီးမျက်နှာလေးကို ငေးနေရင်း ငိုချင်လာမိ၏ ။

ထိုစဉ် အိမ်ရှေ့က လူခေါ်ဘဲလ်သံလေး မြည် လာသဖြင့် ...

``နေပစေ မေမေ.. သမီးသွားလိုက်မယ်´´

ကမာ ရှေ့ကို ပြန်ထွက်ခဲ့ပေမယ့် ဒေါ်အမာလွင် က လက်ကိုဆွဲလျက် အတူပါလာခဲ့၏ ။

``ဟင်... ဖူး´´

ဘာဂျာတံခါးရှေ့မှာ ရပ်နေသည့် ဖူး ကိုမြင်တော့ တအံ့တဩ ဖြစ်သွားမိ၏ ။ ဖူး က ဆံပင်တွေ ကို ဘီးကုတ်ကလေးနဲ့ သိမ်းတင်ထားကာ စကတ်ရှည်ပွပွကြီးနှင့် တီရှပ်အနက်ရောင် လေးကို ဝတ်ထားသည်။

မီးခိုးရောင် ကြိုးရှည်အိတ်လေး လွယ်ထားလျက် တံခါးကိုကိုင်၍ သွားလေးတွေ ပေါ်အောင် ရယ်နေရင်း....

``အံ့ဩသွားလား´´

``အံ့ဩတာပေါ့.. အိမ်ကို ဘယ်လိုလုပ် သိတာလဲ´´

ကမာ က ပျာပျာသလဲ တံခါးဖွင့်ရင်း ဖူး လက်လေးကို ဆွဲခေါ်ကာ..

``မေမေ... သူက သမီးသူငယ်ချင်း ဖူးဖူးစင် တဲ့။ အရမ်းအေးတာ သိလား၊ ရေခဲ့တုံးလေး ကျနေတာပဲ´´

``ဟုတ်လား ထိုင်.. သမီး ထိုင်´´

ဒေါ်အမာလွင်ကလည်း ဖူး လက်ကလေးတစ်ဖက်ကို ဆွဲ၍ လှိုက်လှဲဖော်ရွေစွာ ကြိုဆို၏ ။

``သမီး အေးဆေးပဲဆိုရင် အန်တီ စားစရာတစ်ခုခု သွားလုပ်လိုက်ဦးမယ်.. ခဏစောင့်နော်´´

``ဟာ... မေမေ မလုပ်နဲ့ သူက သူဌေးသမီးပါ၊ စားစရာကို မက်တာ မဟုတ်ဘူး၊ သမီး သူ့ကို နှင်းဆီခြံထဲ ခေါ်သွားပြမလို့´´

``ဟာ.. ကောင်းတယ်´´

ဖူး ဝမ်းသာအားရလေး ထပြောပြီးမှ ဒေါ်အမာလွင် ကြည့်နေတာကို သတိရပြီး အသံလေး ပြန်တိတ်သွားသည်။

``အေး... အေး... ဒါဆို သွားကြ၊ သမီးဦးလေးတော့ အိမ်နေတုန်းပဲ နေမှာ ပါ´´

ဒေါ်အမာလွင် က ဖူး ကိုပါ နှုတ်ဆက်ပြီး အိမ်ထဲ ပြန်ဝင်သွား၏ ။

``နင်တို့ သားအမိနှစ် ယောက် တည်းလားဟင်.. ငါတို့လည်း အစ ကတော့ သားအဖနှစ် ယောက် တည်းပဲ၊ အခုတော့...´´

``ကဲ... သိပြီးသားတွေ ပြောမနေပါနဲ့။ လူတိုင်းမှာ နာကျင်စရာတစ်ခုခုတော့ ရှိကြတာပဲ၊ ကိုယ့်မှာ ပဲ ပူလောင်လှပါလား ထင်မနေနဲ့၊ စကားစလိုက်ရင် စပ်ပူစပ်လောင်တွေ

ပါပါလာတယ်´´

``မပါပါဘူး ကမာ ရယ်... အဲဒါကို ညည်းမလို့ မဟုတ်ပါဘူး အိမ်မှာ ငါတို့သားအဖပဲ အဲ.. လူ သုံးယောက် ရှိပေမယ့် အိမ်အကူတွေ က အများ ကြီးပဲ၊ ဒါတောင်မှ ပျင်းတဲ့လူနဲ့ ခိုကပ်တဲ့လူနဲ့၊ ကြမ်းတိုက်ပါဦး.. ဖုန်သုတ်ပါဦးဆိုတာ မနားတမ်း ပြောနေရတာ ၊ မပြောတဲ့က ပြောင်ပြောင်စင်စင် မရှိတဲ့နေ့ပဲ´´

``ဟုတ်လား.. သူတို့ကို အစတည်းက ကြပ်မတ်မထားခဲ့လို့လား´´

ဆိုဖာမှာ နှစ် ယောက် အတူ ကပ်တိုင်ကြရင်း ပြော ဖြစ်ပြီဆိုကတည်းက ပြန်ထဖို့ မေ့သွားကြ၏ ။

``ဒက်ဒီ့ကိုပဲ သူတို့က ကြောက်တာ၊ နာနီကြီး ကတော့ အမြင်မတော် ရင် ပြောပြတယ်.. သင်တယ်၊ ပြင်းပြင်းထန်ထန် မဆူဘူး၊ လူတိုင်းမှာ အဆိုးအကောင်း အကျင့်တစ်ခုခုတော့ ရှိကြတာပဲတဲ့၊ သူတို့တွေ က ပြောမှ သိကြ လုပ်ကြပေမယ့် မခိုးမဝှက်တတ်ဘူး၊ စပ်စုတတ်တာပဲ ရှိတယ်၊ အပြင်မှာ အိမ်ထဲက အတင်းအဖျင်း ထုတ်မပြောဘူးတဲ့၊ ကိုယ့်အိမ်မှာ ကျွမ်းဝင်ပြီးသားလူကို ထုတ်လိုက်ရင် နောက်လူက ပိုဆိုးမဆိုး အသစ်ထပ်ပေါင်းရမယ်၊ မကြိုက်ရင် နှင်ထုတ်၊ ဒါနဲ့ပဲ အလုပ်သမားကောင်းလည်း ရလာမှာ မဟုတ်ဘူးတဲ့´´

``ဒါလည်း ဟုတ်တာပဲ´´

``ကောင်းတဲ့လူတွေ ကျတော့လည်း ဟိုက ခေါ်ချင်၊ ဒီကခေါ်ချင် ဖြစ်လာ ကတော့ `ငါပဲ တော် တယ်.. ကောင်းတယ်´ဆိုတဲ့ မာန် တက်လာတာပဲဟ၊ အဲဒါလည်း ငါ့အမြင်ပဲ၊ လူကောင်းသူကောင်း ရထားပေမယ့်လည်း ကိုယ့်ဆီမှာ မြဲဖို့ မလွယ်ဘူးလေ၊ အဲဒါကြောင့် အရမ်းမဆိုးဘူးဆိုရင် သည်းခံရမယ်လို့ နာနီကြီး ပြောတာကို ငါ လက်ခံခဲ့တာ၊ လူဆိုတာ ပေးတဲ့ဘက်ကချည်း နေရတော့လည်း မကောင်းဘူ၊ ယူတဲ့ဘက်ကချည်းပဲလည်း မနေသင့်ဘူးတဲ့၊ တစ်ယောက် အန္တအတာ တစ်ယောက် ခံကြမှ သံယောဇဉ်ဆိုတာ ဖြစ်လာတာတဲ့၊ အဲဒါ ဟုတ်နိုင်တယ်နော်´´

ကမာ က ဖူးမေးတာကို ခေါင်းညိတ်၍ ပြုံး နေသည်။

``အိမ်မှာ ငါတို့အလုပ်သမားတွေ တာဝန်မကျေတာတွေ ရှိပေမယ့် ငါတို့အပေါ်မှာ သံယောဇဉ်ရှိတာ သေချာတယ်ဟ၊ အပြင်အထွက်များ တဲ့မမလှ ဆိုရင် ငါ့အတင်းပြောနေတာ ကြားပြီး မုန့်ဟင်းခါးဆိုင်မှာ အမျိုးသမီး တစ်ယောက် နဲ့ နပမ်းလုံးကြတာ သိလား´´

``ဟုတ်လား´´

``အင်းပေါ့... ဟိုးတစ်ခါဆိုရင် နာနီကြီးက ဈေးသည်ခေါ်ဝယ်ပြီး ခြံဝမှာ စကားများ ကြတာလေ.. နာနီကြီးကို ဈေးသည်က နင်ပဲငဆတွေ လက်ညှု းထိုးပြောရမလားဆိုပြီး မမလှ တို့ အဲဒီ ဈေးသည်ကို ထွက်ရိုက်ကြတာ´´

``ဟယ် ကြောက်စရာပါလား၊ တော် တော် အားကိုးရတာ ပဲ´´

နှစ် ယောက် သား စကားတွေ ရေလိုက်လွဲကုန်ကာ ဟားတိုက်ရယ်မိကြ၏ ။ ဖူး က ပြောနေရင်း ဘာကို သတိရသွားမှန်းမသိဘဲ မျက်နှာလေးတည်သွားကာ...

``ဘယ်မှာ မှ သုံးစားမရတာ တစ်ယောက် ပဲ ရှိတယ်´´

``ဟင်... ဘယ်သူလဲ´´

``ဒက်ဒီ့မိန်းမလေ `ငြိမ်´တဲ့။ သူ ကတော့ ဘယ်သူတွေ ဘာ ဖြစ်နေနေ အေးဆေးပဲ၊ ဒက်ဒီသွားလေရာ တကောက်ကောက်လိုက်ပြီး လက်ဝါးကြီးနဲ့ရော လက်ဝါးလေးနဲ့ရော အုပ်ဖို့ပဲ စဉ်းစားနေတာ´´

ဖူး ပြောပုံက ကွယ်ရာမှ အတင်းတုတ်နေတာမျိုး မဟုတ်ဘဲ စိတ်ဆင်းရဲကြီးစွာ ညည်းတွားနေခြင်း ဖြစ်၏ ။

``ငါလေ နင့်အိမ်မှာ သားအမိနှစ် ယောက် တည်းနေတယ်လို့ ကြားကတည်းက လာချင်တာ သိလား၊... ငါ ဒီနေ့ထိ ဘယ်သူနဲ့မှလည်း သူငယ်ချင်းမ ဖြစ်ဖူးဘူး၊ ခုလို အိမ်လည်ဖို့ဆိုတာ ဝေးရော...´´

``နင်က အကျင့်မရှိတာလား.. နင့်ဒက်ဒီက စည်းကမ်းလုပ်ထားတာလား´´

``စည်းကမ်းတွေ နဲ့ နေလာခဲ့ရတဲ့ အကျင့်ပေါ့ဟာ။ ငါ့ပုံစံ ဘာ ဖြစ်နေလဲတော့ မသိဘူး၊ ခုကျမှ ဒက်ဒီက ငါ့ကို သူငယ်ချင်းတွေ နဲ့ ပတ်ဝန်းကျင်နဲ့ ရောထွေးစေချင်တဲ့ပုံစံ ဖြစ်လာတယ်၊ ငါ ဘာပြောပြော ခွင့်ပြုဖို့ အဆင်သင့် ဖြစ်နေတာမျိုး၊ ဒါလည်း ငါ တွေးမိသလောက်တော့ သူ့အိမ်ထောင်ရေး ကို ငါ ငြိုငြင်မှာ စိုးလို့ ဖြစ်မှာ ပါ´´

``ဘာကြောင့် ဖြစ် ဖြစ်ပေါ့ ဖူးရယ်.. .. ချုပ်ချယ်ခဲ့တုန်းကလည်း နင့်ကို ချစ်လို့ပဲ၊ အခု ခွင့်ပြုနေတာလည်း နင် အထီးကျန် ဖြစ်လာရတာ ကို ခုမှ နောင်တရမိလို့ပေါ့၊ အားလုံးက မိဘမေတ္တာပါဟာ၊ ကဲ အခု ငါ့ဆီကိုလာတာ အလည်သက်သက်ပဲပေါ့၊ ကားကရော....´´

``လမ်း ဟိုဘက်က လက်ဖက်ရည်ဆိုင်ရှေ့မှာ ဦးလေးကြီး စောင့်နေတယ်၊ ငါ နင့်ကို မွေးနေ့လက်ဆောင် ပေးချင်လို့လေ´´

``ဖူးရယ် မွေးနေ့က ပြီးသွားပြီဥစ္စာ´´

``ပြီးတဲ့နောက်နေ့တည်းက ငါ ယူလာတာ သိလား.. တော် ကြာ မွေး တို့ရဲ့ လက်ဆောင်တွေ ကြားထဲ ထည့်ပေးလိုက်ရင ငါ့ကို ကြွားတယ်လို့ ထင်ပြီး မုန်းသွားကြဦးမှာ ´´

ပြောနေရင်း အိတ်ထဲက ထုတ်ယူလိုက်တော့ အနီရောင် ဘူးလေးထဲမှာ ပလက်တီနမ်လည်ကပ်ကြိုးလေး တစ်ကုံး...။

``နင့်လည်ပင်းလေးက ပြည့်ပြည့်ဖွေးဖွေးလေးဆိုတော့ ဒါလေးနဲ့ အရမ်းလုမှာ .. ငါဝတ်တာတွေ မဟုတ်ဘူးနော်၊ သပ်သပ် ဝယ်ပေးတာ´´

ရယ်နေသည့် ကမာ့ မျက်နှာလေး လျှော့ရိလျှော့ရဲ ဖြစ်သွား၏ ။ တန်ဖိုးကြီးတဲ့လက်ဆောင်တစ်ခုခုကို လက်ခံရခြင်းဟာ ဝန်ထုပ်ဝန်ပိုးတစ်ခုလို့ပဲ ခံစားမိသည်မို့ မလိုချင်....။

ဒါတွေ လက်ခံပြီးတော့လည်း လူမြင်ခံရဲမှာ မဟုတ်သည့် ကိုယ့်အခြေအနေကို ပေးချင်နေတဲ့လူတွေ ကတော့ သိမှာ မဟုတ်ပေ...။

မလိုချင်ဘူး ခေါင်းခါလိုက်ရင်သာ ရှင်းပြရခက်မှာ ဖြစ်သည်။

တန်ဖိုးရှိတာ မဆိုထားနှင့် ဖန်စီတွေ ပဲ ရောင် စုံဝတ်တာတောင် အန်တီရွှေက အရိပ်တကြည့်ကြည့်နှင့် ....

``တစ်ကိုယ်လုံးကို ညွှတ်နေတာပါလား.. နေကမာ... အဝတ်အစား အရောင် ပြောင်းတိုင်း နားတွေ လက်တွေ မှာ လည်း အရောင် တူတွေ ပြိုးပြက်လက်နေတာပဲ၊ ခုခေတ်မှာ ဖန်စီတွေ လည်း ဈေးကသေးတာ မဟုတ်ဘူး၊ ရှော့ပင်းစင်တာတွေ မှာ အရုပ်မတွေ လည်ပင်းက ဆွဲကြိုးတစ်ကုံး သွားမေးကြည့်.. အနည်းဆုံးသော င်းကျော်ရှိတယ်၊ ခရစ်စတယ်လ်ကြိုးတွေ လက်ကောက်တွေ ရော ဘာထူးလဲ....ဘာကိုင်လိုက်ကိုင်လိုက် ရှစ်ထောင် တစ်သော င်းဆိုတာ အနည်းဆုံး...´´

``သမီးရေ... နှင့်ညီမ မင်းသမီးကို သေချာကြည့်ပါဦး၊ လည်ပင်းကဟာ ဖန်စီမှ ဟုတ်ရဲ့ လား... လက်ရာ ကတော့ စိန်ထည်တွေ နဲ့ နှင်လား ငါလားပဲ၊ ပြောလို့မရဘူးလေ.. မျက်နှာလေးက မင်းကြိုက်စိုးကြိုက်ဆိုတော့....´´

``လူပြောခံရမှာ ပေါ့. ညည်း ဝတ်စားနေတာတွေ က အတုတွေ ဆိုပေမယ့် ထင်စရာမှ မရှိတာ၊ ငါတော တစ်ခါတစ်ခါ ဇဝေဇဝါရယ် ပါရမီကထူးတော့ အတုတွေ ဝတ်လည်း ကိုယ်ရောင် ကိုယ်ဝါ ထွက်နေတာကိုး´´

ဤသို့သော မျက်လုံးဒေါက်ထောက်ကြည့်ခြင်းဖြင့် ဝတ်ဆင်ထားသမျှကို အမြဲတမ်း စူးစမ်းနေကြတာ ဖြစ်သည်။

ကိုယ်က မှန်တာပဲဆိုပြီး ဂရုမစိုက်ပေမယ့် စိတ်ဆင်းရဲတတ်သည့် မေမေ့နားထဲထိ ရောက်ကုန်မှာ စိုးတော့လည်း သူမကပဲ ဆင်ခြင်ခဲ့ရသည်။ တတ်နိုင်တာလေးတွေ ဝတ်ဆင်ခြင်းကိုတောင် သိမ်းဆည်းချွေတာခဲ့ရတဲ့အ ဖြစ်....။

``ကမာ...´´

``ဟင်...´´

``ဘာ ဖြစ်သွားတာလဲ ယူပါဟာ... နင် လက်ခံချင်မှာ မဟုတ်ဘူးဆိုတာ ငါ သိပါတယ်၊ ဒါပေမယ့် ငါ ပေးတာလို့လည်း မပြောဘဲနဲ့ တစ်ရက်လောက်တော့ ဝတ်လာခဲ့ပါနော်.. နောက်နေ့တွေ မဝတ်ချင်လည်း သိမ်းထားလိုက်ပါ´´

``အေးပါ... နင် အမှတ်တရပေးတာကို ငါ ဝမ်းသာပါတယ်၊ ငါ့ကို ဘယ်လောက်ခင်လဲဆိုတာ သိရလို့လည်း ဂုဏ်ယူတယ်။ ငါ တွေ းနေတာက...´´

``မတွေ းပါနဲ့တော.. အခု ငါကိုယ်တိုင် ဆွဲပေးခဲ့မယ်နော်၊ ဆံပင်တွေ ခဏဖယ်ပေး´´

ကမာ က ဆံပင်တွေ ကို တစ်ဖက်သတ် သိမ်းယူလိုက်ပြီး ခေါင်းငုံ့ထားလိုက်တော့ ဖူး က ဝမ်းသာအားရ အနားတိုး၍ ဆွဲကြိုးလေးကို သေချာဆွဲပေးသည်။

``ကမာရယ်... နင် လှတာကို ငါတကယ် လက်ခံသွားပြီ သိလား၊ မျက်နှာမှာ မိတ်ကပ်ပေါင်ဒါနဲ့ ပြင်ဆင်ထားလို့ လှတယ်ပဲ ထား၊ နင့်လည်ဂုတ်လေးကို ကြည့်တာနဲ့ နင်က လှကိုလှတဲ့သူဆိုတာ သိသာနေပြီ´´

``လုပ်ပြီး ဖူး ရယ်.. ဘာမှ မကျွေးတော့ဘဲ ခြံထဲ ခေါ်သွားမလို့ဟာကို´´

``တကယ်ပြောနေတာ... ဂုတ်သားလေးက ဝင်းဖန့် စိမ်းနုနေတာပဲ၊ ဆံယဉ်စလေးတွေ ခြေဆင်းပေါက်နေတာနဲ့ မွေးညင်းနုလေးတွေ ဖုံးနေတာ အသည်းယားစရာလေး´´

``ဘာလဲ.. ဖက်နမ်းချင်စိတ်တွေ ဖြစ်လာပြီလား´´

``ငါကယောက်ျားလေးဆိုရင်တော့ ခုလိုပုံဆို နင် ခံရမှာ ပဲ´´

``ဘယ်လို´´

``အတင်း နမ်းသွားမှာ ကို ပြောတာ၊ နင့်အသားအရေလေးတွေ က လှလည်းလှတယ်၊ နူးလည်း နူးညံ့တယ်။ ငါတို့နဲ့ လုံးဝမတူတာ သေချာပါတယ်´´

``နင်လည်း လှပါတယ် ဖူး ရယ်.. ရတနာစိန်ကျောက်တွေ တောင် အရောင် တင်သွေးပေးမှ အရည်းအသွေး မြင့်လာတာ၊ နင့်ကို ငါ ပုံဖော်ထုဆစ်မယ်လို့ စဉ်းစားနေခဲ့တာ ကြာပြီ´´

``ဟင်.. ငါ့ကို...´´

``ဟုတ်တယ်´´

ကမာက ဆံပင်တွေ ပြန်ချပြီး ဆွဲကြိုးကို လက်နဲ့ ပြန်စမ်းကြည့်သည်။ ပြီးမှ ဖူး လက်လေးကိုဆွဲ၍ နေရာမှ ထရပ်လိုက်ကာ...

``နင့်ကို ငါတို့ဆိုင် ခေါ်သွားပြီး ဒီဇိုင်းပြောင်းပေးမလို့လေ၊ ပထမ စဉ်းစားတာက နင် လက်မခံမှာ စိုးတာ... ဒုတိယ စဉ်းစားနေတာက ငါပဲ အားလုံး လုပ်ပေးချင်တာဆိုတော့ ငါ့မှာ ...´´

ဖူး မျက်နှာလေး ပြုံး သွားသည်။ ကမာ နဲ့အတူတူ ခြံထဲရောက်လာကြမှ လက်ချင်းထပ်ဆုပ်ကာ...

``နင်က အကုန်အကျခံပြီး ငါ့ကို အလှပြင်ပေးဖို့ စဉ်းစားနေတာလား...´´

``ဟုတ်တယ်.. မိန်းကလေး တစ်ယောက် အတွက် အလှအပက အဓိကပဲ၊ ငါထင်တာ မှန်သလား.. .. မှာ းသလားတော့ မသိဘူး၊ ဒါပေမယ့် နင် စဉ်းစားကြည့်လေ ဖူး... ကိုယ့်ထက်လှတဲ့သူလို့ ထင်ရင် အားမကျတဲ့သူ ရှိလား၊ မနာလို ဖြစ်သွားတာလည်း ငတ်စိတ်ထဲမှာ အားကျသွားတာပဲလေ၊ ဖြူစင်တဲ့သူတွေ ကျတော့ ပေါ်ပေါ်တင်တင် ေးပြီး အားကျတာ၊ ဥပမာ နင့်စိတ်ထဲမှာ ဖြစ်လာလိုက် ပျောက်သွားလိုက် ခံစားနေရတာ တွေ ကိုပဲ ပြန်တွေ းကြည့်....´´

`` ဖြစ်လာတာက ဟုတ်တယ်... ပြန်ပျောက်သွားတယ်ဆိုတာတော့ မဟုတ်ဘူး ကမာ... ငါလည်း မိန်းကလေးပဲဟာ လှချင်စိတ်တော့ ရှိတာပေါ့၊ ဒါပေမယ့် နင် သိတဲ့အတိုင်းပဲ... ငါ ဒီတိုင်းနေရက်နဲ့ လူတွေ ကြည့်ရင်တောင် အရမ်းရှက်တဲ့ဟာ....´´

``နင် လှလာရင် သူတို့မျက်လုံးတွေ လည်း အရောင် ပြောင်းသွား ကြမှာ လေ၊ အခု နင် ရှက်နေလည်း ထူးခြားပြီး ရှက်နေတာကိုက ကြည့်ချင်စရာ လှောင်ချင်စရာ ဖြစ်နေတာ၊ နင် ထူးထူးခြားခြား လှနေတယ်ဆိုရင် လှောင်ရယ်စရာလိုကြည့်တဲ့ မျက်လုံးတွေမှာ အထင်ကြီး လေးမောခြင်းတွေ ဖြစ်လာလိမ့်မယ်၊ နင်ကိုယ်တိုင် မထင်မှတ်ဘဲ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်တွေ ဖြစ်လာမယ်... တက်ကြွလာမယ်၊ မနက်ဖန်တွေ အားလုံးကို မျှော်တတ် ပျော်တတ်လာမှာ ´´

ဖူး မျက်ဝန်းလေးတွေ အရောင် လက်လာကာ ဆံပင်တွေ ခဏခဏ သိမ်းနေမိသည်။ တစ်ခုခုကို အပြင်းအထန် ရွေးချယ်ဖို့ စဉ်းစားရင်း ဘာမှ ဝေခွဲမရအောင် စိတ်လှုပ်ရှားနေတာမျိုး...။

``ကမာ....´´

``ဟင်...´´

``ငါ နင့်လို မလှရင်တောင် လှတော့ လှချင်တာပေါ့ဟာ... ငါလေ...´´

``အင်း.... ဆက်ပြောလေ´´

ကမာက ခြေလှမ်းရပ်ပစ်လိုက်ပြီး ဖူး မျက်နှာလေးကို ပြန်ကြည့်သည်။

``ပြောလေ ဖူး´´

``ဟို... ငါ ပြောရင် နင် ရယ်မှာ လားဟင်´´

``ရယ်စရာဆိုရင်တောင် ရယ် ဖြစ်မှာ မဟုတ်ဘူး ဖူး ။ ငါက နင့်ရဲ့ ခံစားချက်တွေကို နားလည်ချင်တဲ့သူပါ´´

ဖူး မျက်နှာ ဝမ်းသားအားရလေး ဖြစ်သွားသည်။ သို့သော် ခဏအတွင်းမှာ ပဲ ပြန်၍ ညှိုးကျသွားခဲ့ပြီ....

``ငါ အဲဒါကို ပြောချင်ပေမယ့် အားယူရဦးမှာ ပါဟာ... အခု လောလောဆယ် နင့်အစီအစဉ်အတိုင်း ငါ လုပ်နိုင်အောင် ကြိုးစားမယ် သိလား.. ငါ ဆုံးဖြတ်ပြီးရင် နင်

ပိုက်ဆံမကုန်ရပါဘူး ကမာ ရယ်… ငွေကြေးအတိုင်းအတာအရ ငါက နင့်ကိုတောင် ပြန်ကူညီရမယ့်ဟာ´´

``ဟုတ်ပေမယ့် ငါက နင့်ကို ငါ့လက်နဲ့ ငါ့စိတ်ကူးနဲ့ပဲ ဖန်တီးပြင်ဆင်ပေးချင်တာ´´

``အေးပါ.. ပြင်ပေးရမှာ ပါ၊ ငါ့စိတ်ကို ငါ တင်းနိုင်ပြီဆိုရင် နင့်ဆီကိုပဲ လာခဲ့မှာ ၊ ဟယ်… ရှေ့မှာ နှင်းဆီပင်တွေ နော်၊ အများ ကြီးပဲ လှလိုက်တာ´´

ပြောလက်စတွေ ကို မေ့ကြပြန်ကာ နှစ် ယောက် စလုံး ခြေလှမ်းတွေ သွက်ကုန်ကြ၏ ။

``နိုင်ငံခြားနှင်းဆီတွေ ရောင် စုံပဲနော်.. လှလိုက်တာ ကမာ ရယ်၊ ဒါ နင်တို့အပိုင်လားဟင်´´

ကမာက နှင်းဆီခြံဘေးက ထင်းကိုဒေါင်ပုံစံ ပျဉ်ထောင်အိမ်ပုပုသေးသေးလေးကို လှမ်းကြည့်ပြီး သက်ပြင်းချရင်း ခေါင်းညိတ်သည်။

``ပိုင်တော့ ပိုင်ပါတယ်၊ အကျိုးအမြတ် ကတော့ ထင်သလောက် မရပါဘူးဟာ´´

``ဘာ ဖြစ်လို့လဲ´´

``ဒါတွေ ကို ဂရုစိုက် ပျိုးထောင်ပေးတာက မေမေ့မောင်အရင်း ငါ့ ဦးလေးလေ… ဟိုအိမ်လေးထဲမှာ နေတယ်၊ ငါတို့ စီးပွားရေး ကောင်းတုန်းကတည်းက ဖေဖေနဲ့အတူတူလိုက်ပြီး ကူညီတယ်၊ ဖေဖေ့ကိုလည်း အစ်ကိုရင်းလို လေးစားတယ်၊ ဒါပေမယ့် အရက်ကြိုက်တဲ့အကျင့်ကို မဖျောက်နိုင်ဘူးဟာ… ဖေဖေ ရှိတုန်း ကတော့ ယောက် ားချင်းဆိုတော့ ဆူဟယ်ပြောဟယ်နဲ့ပဲ ပြီးသွားတာပဲပေါ့၊ နောက်ပိုင်းကျမှ အရက်ချိုးကြီး ဖြစ်သွားတာ၊ အချိန်တိုင်း မူးယစ်ရီဝေနေတဲ့ ယစ်ထုပ်ကြီးပေါ့´´

``ဟုတ်လား´´

``အဲဒါကြောင့် ငါတို့ ပြောလွန်းလို့ နားပူတယ်ဆိုပြီး ဒီအပင်တွေ အကြောင်းပြကောင်းကောင်းနဲ့ ခြံထဲဆင်းနေတာလေ၊ အိမ်ထောင်လည်း မပြုဘူး၊

အရက်ကိုလည်း မဖြတ်ဘူး၊ ငါလည်း မပြောတော့ဘူးဟာ.. .ယစ်ထုပ်ကြီး ဖြစ်နေလည်း သူ့အစ်မကိုတော့ စောင့်ရှောက်ဖော်ရသေးတယ်ဆိုပြီး ဒီတိုင်းပဲ ထားလိုက်တော့တယ်´´

``အန်တီ့ကိုတော့ လေးစားတယ်ပေါ့´´

``အင်း ချစ်လည်းချစ်ပါတယ်၊ မေမေဆူရင် တစ်ချက်မှ အသံမထွက်ဘူး၊ ပြီးမှ လုပ်ချင်တာ လုပ်တာ၊ သူလုပ်ချင်တာလုပ်တယ်ဆိုတာက ဒီပန်းပင်တွေ ထဲက ရသမျှကို အရည်ဖျော်တာလေ´´

``ဟင်´´

``ငါက ပန်းအလုပ်စိုက်တဲ့ ဆိုင်နှစ် ဆိုင်နဲ့ ဆက်သွယ်ထားတယ်၊ ဖုန်းနဲ့ ချိတ်ပေးရုံပဲ၊ သွားပို့တာ ငွေထုတ်တာတွေ ကို လေးလေးနဲ့ပဲ လုပ်တာလေ... ငါ့ကို ပြန်တော့ အပ်ပါတယ်၊ ဖိတ်တစ်ဝက် စင်တစ်ဝက်ပေါ့´´

``အေးနော်.. ဒီဝင်ငွေးလေး အပြည့်အဝရရင်လည်း နင် တော် တော် အသက်ရှူ ချောင်မှာ ´´

အဖူးအငုံတွေ နှင့် ရောင် စုံဝေနေသည့် နှင်းဆီခြံလေးက တစ်မျှော်တစ်ခေါ်ကြီးတော့ မဟုတ်ပါ၊ ဒါပေမယ့် ပေခြောက်ဆယ် ပတ်လည်လောက်တော့ ရှိမည် ထင်သည်။ အပင်တိုင်း ရှင်သန်လန်းဆန်းနေကာ အဖူးအငုံတွေ ဝေနေသဖြင့် မျက်စိအေးဖွယ် ဖြစ်၏ ။

``နင်တို့ တိုက်ကြီးလည်း ဟောင်းနေပေမယ့် အကြီးကြီးပဲနော်၊ ဖွဲ့စည်းထားပုံလည်း စနစ်ကျတယ်၊ သူ့နေရာနဲ့သူ ကျယ်လည်း ကျယ်တယ်၊ လေဝင်လေထွက်ကောင်းအောင် သေချာစီရင်ပြီး ဆောက်ထားတာပဲ´´

```ဖူး က ဒါတွေ လည်း မြင်တတ်သားပဲနော်´´

``မြင်တတ်တာပေါ့.. ဒက်ဒီက လုပ်ငန်းတွေ အများ ကြီးလုပ်တာလေ၊ ငါ့မှာ တခြားစပ်စုသွားလာစရာ မရှိတိုင်း အိမ်ထဲမှာ ပဲ နေတော့ ဒက်ဒီ လုပ်ကိုင်ပြောနေသမျှ
```

မမြင်ချင် မကြားချင်မှ အဆုံး…´´

``နင်လည်း စိတ်ဝင်စားမှု ရှိလို့ ခေါင်းထဲရောက်နေတာပါ ဖူး ရယ်… ငါလည်း နင့်ကို သူလိုကိုယ်လို လွတ်လပ်ပွင့်လင်းတဲ့ မိန်းကလေး တစ်ယောက် အရမ်း ဖြစ်စေချင်တာပဲ၊ နင့်မှာ ဘာမှ လိုအပ်ချက် မရှိဘဲနဲ့ မနစ်မွန်းသင့်ဘဲ နစ်မွန်းနေတာ´´

ဖူး က ဘာကို သတိရသွားသည်မသိဘဲ ရှက်ဝဲဝဲလေး ပြုံး လိုက်ပြီး ကြု ံးရှည်အိတ်လေးရဲ့ ကြိုးစအနားလေးတွေ ပွတ်သပ်နေရင်း…

`` ငါ နင့်ကို အားကျတာလည်း အဲဒါတွေ ပဲ၊ ငါတင် မကပါဘူး မွေးတို့လည်း ဒီတိုင်းပဲ´´

``ဘာတွေ လဲ … ဘာကို အားကျစရာရှိလို့လဲ´´

``အဟွန်း.. နင့်မှာ သူငယ်ချင်းချောချောလေးတွေ ရှိနေတာလေ´´

ကမာ မျက်မှော င်ကုတ်သွားပြီးမှ တွေ းမိသွားကာ…

``သြော်´´

``ဟိုတစ်ခါ ပြောဖူးတယ်နော်.. ချိန်း ဆိုတာက..´´

``အောင့် သူငယ်ချင်းပါ… ခုတော့ အတူတူပါပဲ၊ ခင်နေကြတာပဲလေ… ပိုရင်းနှီးတာနဲ့ သိပ်မရင်းနှီးကြတာပဲ ကွာတယ်´´

``ဟိုလေ… အဲဒီ ချိန်း ဆိုတဲ့လူနဲ့ ငါ ဝင်တိုက်မိတာ နင်သိလား´´

``သိတယ်…. ဟိုနေ့က နင် ချော်လဲတာကို ရယ်လို့ ငါနဲ့တောင် စကားများ ကြသေးတယ်´´

``ဘာလို့များ တာလဲ ကမာရယ်… ငါကိုက နမော်နမဲ့နိုင်တာ နင် သိသားနဲ့´´

နောက်တစ်ခါဆို ချိန်း နဲ့ မိတ်ဆက်ပေးပါလားလို့ ပြောလိုက်ချင်သည်။ ဒါပေမယ့် ပါးစပ်က မထွက်နိုင်.. ကမာ့ ကိုဆိုရင် ဘာမဆိုပြောရဲပြီလို့ စိတ်က ထင်ပေမယ့်

တကယ်တမ်းကျတော့ ချိန်း ဆိုတဲ့ နာမည် ကို ထည့်ပြောလိုက်ရတာ တောင် အသံတုန်ချင်၏ ။

ကိုယ်ကချည်းပဲ တစ်ချိန်လုံး ချောင်းမြောင်းငေးမောနေခဲ့ရတဲ့ ယောက်ျားကို သူ့တစ်ကိုယ်လုံး ကိုယ့်ပေါ်ပစ်ကျပြီး ထိကပ်ပွတ်တိုက်သွားမိတဲ့အထိ နီးစပ်ဆုံး တွေ့ခဲ့ရတဲ့အဖြစ်က တိတ်တခိုး ရင်ခုန်သံတွေ ကို ပါမစ်ပေးလိုက်တာလား...။

မမျှော်လင့်ရဲခဲ့တာတွေ က မျှော်လင့်မိခဲ့တဲ့အထိ သွေးဆူခဲ့၏ ။ သူငယ်ချင်းမလေးက ကိုယ့်ကို အချစ်ဆုံး သူငယ်ချင်းအ ဖြစ် သတ်မှတ်ဖော်ရွေလာခဲ့တာလည်း သူနဲ့ကိုယ်ရဲ့ ဆုံဆည်းဖို့လမ်းစ ဖြစ်လာသလို ပျော်ရွှင်နေခဲ့မိသည်။

ဒါပေမယ့် ဒီနေ့ထိ ကမာ့ ဆီမှာ ချိန်း အကြောင်း သူမ ဘာမှ မမေးရဲသေးပေ။ ကမာ ဒီလောက်လှနေတာကို အရမ်းချောတဲ့ ချိန်း ကရော ချစ်နေနိုင်မလားလို့ တွေးမိခဲ့တာလည်း ရှိသည်။

ထိုအတွေးက သူငယ်ချင်းတွေ ပါပဲ လို့ ကမာ ပြောလိုက်သည့်စကားတွေ အောက်မှာ ပဲ ပျောက်ပျက်သွားခဲ့ပြီ ဖြစ်သည်။

သူမအတွက် ကမာ နဲ့ ခင်မင်ခွင့်ရခဲ့ခြင်းသည် ဘဝကပေးတဲ့ ကံကောင်းခြင်း လက်ဆောင်...။

♥ ♥ ♥